www.burmeseclassic.com

# ဝေဝေအောင်

# အနီရောင်ချစ်သူများ



www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**စာမူခွင့်ပြုချက်အမှတ်**
၅၀၀၃၂၀၆၀၃

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၅၀၁၂၀၁၁၀၀၇

**ထုတ်ဝေသူ**
**ဦးမောင်မျိုး**
**ကြောင်နှစ်ကောင်စာပေ**

**ပုံနှိပ်သူ**
**ဦးမောင်မျိုး**
**ကြောင်နှစ်ကောင်ပုံနှိပ်တိုက်**

**ထုတ်ဝေခြင်း**
ပထမအကြိမ် ၂၀၀၇ ခုနှစ် နိုဝင်ဘာလ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com

အနန္တောအနန္တငါးပါးအပါအဝင် မိဘနှစ်ပါးဖြစ်သူ ဖေဖေနှင့်မေမေအား ရုပ်နဲ့နာမ်တည်မြဲသရွေ့ သန့်ရှင်းစွာရှာဖွေရအပ်သောငွေဖြင့် ထောက်ပံ့ကူညီ ကျွေးမွေးပြုစုနိုင်သည့် သမီးကောင်းရတနာဖြစ်ရပါလို၏။ [illegible]

ဤဝတ္ထု၊ အမည်၊ ဇာတ်လမ်းနှင့် ဝတ္ထုတွင်းပါ ဇာတ်ကောင်များသည် စာရေးသူ၏ စိတ်ကူးယဉ်မှုသာဖြစ်ပါသည်။

မည်သူ့ကိုမျှ မရည်ရွယ်ပါ။

တိုက်ဆိုင်မှုရှိလျှင် ခွင့်လွှတ်ပါ။

**ဝေဝေအောင်**

# ၁

'နီနီရဲ' ရဲ့ကားလေးက ကန်တော်ကြီးပန်းခြံအတွင်းကို ချိုးကွေ့ဝင်လိုက်ကာ ကရဝိတ်နန်းတော်ရဲ့ဝင်ပေါက်ဝအကျော်တလေးမှာကားကိုညင်သာစွာရပ်လိုက်မိသည်။ ဟိုးရှေ့မှာရပ်နေတာ 'ပြာလွင်' ပဲထင်ပါရဲ့။

ကားတံခါးကိုဖွင့်ကာဆင်းရင်း ဘာတွေပြောရမလဲဆိုတာ ခေါင်းထဲစဉ်းစားနေမိသည်။ သူဘာပြောရင် ဘာပြန်ပြောလိုက်မယ်ဆိုတာ ရုံးခန်းမှာကတည်းက စဉ်းစားလာမိတာခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ပင်ကိုက်လာသည်အထိပါ။

ကိုကတောင် 'နီရဲ' ကိုကြည့်ပြီး ဘာဖြစ်နေတာလဲဆိုပြီး မေးလာလို့ ခေါင်းခါပြရသည်။ ကို့ပုံစံကိုကြည့်ရတာ 'နီရဲ' ပြောတာကိုသိပ်ပြီးကျေနပ်ပုံမရပါ။ ရုံးကနေ့စောပြီးပြန်မယ်ဆိုတော့လည်း ဘယ်သူနဲ့ချိန်းထားတာလဲဆိုပြီး စစ်ဆေးနေပါသေးသည်။

အရင်တုန်းကတော့ ကို မေးသမျှကို မကွယ်မဝှက်ဖြေခဲ့ပေမယ့် 'ပြာလွင်' နဲ့ကိစ္စကိုကျတော့ ဖွင့်ပြောမပြချင်ပါ။ 'နီရဲ' စိတ်ထဲမှာ 'ပြာလွင့်' ကိုခေါင်းထဲကထုတ်ထားခဲ့တာ ကြာနေခဲ့ပြီပဲမဟုတ်လား။

မေမေဆုံးသွားပြီးအခုအချိန်ထိဆိုရင် ခုနစ်နှစ်လောက်တောင်ရှိရောပေါ့။ ဒီကြားထဲ သုံးလေးခေါက်လောက်သာဆုံလိုက်ရလျှက် မတွေ့ဖြစ်ကြတော့ပါ။ ဆုံတွေ့တဲ့အခါတွေတိုင်းကလည်း တကယ့်ကိုမထင်မှတ်ဘဲတွေ့ဆုံရခြင်းပါ။ 'ပြာလွင်' က မရမကဇွတ်လိုက်ခေါ်ပေမယ့် 'နီရဲ' ကတော့ မျက်နှာထားတင်းတင်းနဲ့ မျက်စောင်းထိုးရှောင်ထွက်ပစ်တတ်မိသည်။

ကိုယ်တွေကိုမချစ်လို့ ယောက်ျားတစ်ယောက်နောက်ကို ကောက်ကောက်ပါအောင် လိုက်သွားခဲ့တဲ့ 'ပြာလွင့်' လိုညီမမျိုး





ကို 'နီရဲ' စိတ်နာပါသည်။ အဆိုးဆုံးက မေမေအသည်းအသန်ဖြစ်ပြီး ဆေးရုံတက်နေတဲ့အချိန်မှာ အားကိုးရာမဲ့နေတဲ့ 'နီရဲ' က ညီမဖြစ်သူကိုအဖော်ရအောင် သွားခေါ်ခဲ့ပေမယ့် ရောက်မလာခဲ့ပါ။ မေမေဆုံးတော့ရောက်လာပေမယ့် 'နီရဲ' က 'ပြာလွင့်' ကိုအိမ်ရိပ်တောင်အနင်းမခံခဲ့ချေ။

သူ့ကိုကော သူ့ယောက်ျားကိုပါ ခါးပြေးယူကာထိုးထုတ်ဖို့အထိ ဒေါသတွေထွက်နေခဲ့တာဆိုတော့ သူတို့နှစ်ယောက်မျက်နှာငယ်ငယ်နဲ့ ပြန်သွားခဲ့ကြရလေသည်။ အဲ့ဒီအချိန်တည်းက 'နီရဲ' ကိုယ့်ဘာဝကိုယ် တစ်ယောက်တည်းကောင်းနေခဲ့ရတာဖြစ်ပါသည်။

ငယ်ငယ်တည်းကတွဲလာခဲ့တဲ့ သူငယ်ချင်းနှစ်ယောက်နဲ့အတူ အိမ်တစ်အိမ်တည်းမှာ အတူစုနေရင်း 'နီရဲ' ရဲ့အထီးကျန်မှုတွေကို ဖြေဖျောက်ခဲ့ရလေသည်။ လွတ်လပ်ပျော်ရွှင်နေတဲ့အခုဘဝကို 'နီရဲ' ကျေနပ်နေပါသည်။ 'ပြာလွင့်' ကိုလည်းမေ့ကာနေသည်။

မေ့နေကာမှ ရုတ်တရက်ဖုန်းဆက်ကာ တွေ့ဆုံဖို့ချိန်းလာတဲ့ 'ပြာလွင့်' ကိုမုန်းနေမိသည်။ ရုံးခန်းကိုလိုက်လာရင် ကိုကစပ်စုနေဦးမှာမို့ သူချိန်းတဲ့နေရာကိုလာခဲ့မယ်လို့ပြောသဘော



www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်မိသည်။ သက်ပြင်းရှည်ကိုချလိုက်ရင်း ခပ်မြန်မြန်ခြေ လှမ်းတွေဖြင့် 'ပြာလွင်' ရပ်နေတဲ့နေရာဆီလာခဲ့လိုက်ပါသည်။

'ပြာလွင်'က 'နီ့ရဲ' အား တောင်းပန်သလိုမျက်နှာလေး ဖြင့် ငေးကြည့်နေသည်။

"ကဲ ဘာပြောမှာလဲ... တကယ်ဆို နင်ငါ့ကိုဘာမှချိန်း ပြီးတွေ့နေစရာအကြောင်းကိုမရှိဘူး...နင်နဲ့ငါနဲ့အဆက်အသွယ် ပြတ်နေတာလည်းကြာနေပြီ... နောက်ငါ့ရုံးခန်းကိုဘယ်တော့မှ ဖုန်းမဆက်ပါနဲ့"

"မမရဲ့ဟန်းဒ်ဖုန်းနံပါတ်ကိုမှမသိတဲ့ဟာ... ပေးထားပါ လား"

"အို မပေးပါဘူး... ဘာလို့ပေးရမှာလဲ... အလုပ်ဖုန်း ပါတ်တောင်မှ ကြော်ငြာတွေမှာပါနေလို့ ပြောင်းမရတာ...ပြောင်း လို့ရရင် အကုန်လုံးပြောင်းပစ်လိုက်ချင်တယ်"

"'ပြာလွင်' အရေးကြီးတဲ့ခရီးတစ်ခုသွားစရာရှိနေလို့ပါ ပြည်တွင်းဆိုရင်လည်း မမကိုအကူအညီမတောင်းပါဘူး... နိုင်ငံ ခြားခရီးဖြစ်နေတော့ မမ အကူအညီယူလို့မရတော့ဘူး"

"နင့်ဖါသာဒုက္ခရောက်တာ ငါနဲ့မဆိုင်ဘူးလေ... ကိုယ့် ဘဝကိုယ်ကျောင်းပဲ... နင်လုပ်ချင်တာလုပ်သွားပြီးတဲ့နောက်ပိုင်း





ငါ့ကိုအစ်မတစ်ယောက်လို့သတ်မှတ်စရာမလိုတော့ဘူး... နင့်ကို လည်း ငါညီမတစ်ယောက်အဖြစ်မသတ်မှတ်ဘူး... အေးတစ်ခု တော့ရှိတယ်... ငါနေနေတဲ့ခြံနဲ့တိုက်ကိုရောင်းရင်တော့ နင်ရ သင့်ရထိုက်တဲ့ရပိုင်ခွင့်တော့ပေးမယ်... မရောင်းသ၍တော့ မပေး နိုင်ဘူး... လာလည်းမပတ်သက်နဲ့... အမွေလိုချင်လို့ဆိုပြီးခြံနဲ့ တိုက်ကိုရောင်းဖို့လည်းမစဉ်းစားနဲ့ ငါ့သဘောငါ့စိတ်ကြိုက်ပဲ နင့်ကိုမေမေကလည်း အမွေပြတ်စွန့်လွှတ်ထားပြီးသားဆိုတော့ ငါတစ်ယောက်တည်းပိုင်တယ်... မကောင်းတတ်လို့ငါ့ဘက်က ပေးလာမယ့်အချိန်ကိုပဲ နင်စောင့်နေ"

"အမွေလိုချင်လို့ အကူအညီတောင်းတာမဟုတ်ပါဘူး အမွေလည်း 'ပြာလွင်' မမက်မောပါဘူး... 'ပြာလွင်' ယောကျ်ား အခုစင်ကာပူမှာကားတိုက်မိလို့ အသည်းအသန်ဖြစ်နေတယ်... 'ပြာလွင်'လိုက်သွားမှဖြစ်မယ်... လိုက်သွားဖို့အတွက်နောက်ဆံ တင်းစရာကိစ္စလေးတစ်ခုရှိနေလို့ မမကိုအကူအညီတောင်းတာ ပါ... သိပ်လည်းမကြာနိုင်ပါဘူး အလွန်ဆုံးတစ်လလောက်ပေါ့ မမအတွက်လည်း အပန်းကြီးမယ်မထင်လို့ပါ"

"နင့်ယောကျ်ားကိစ္စ နင်လုပ်တာ ငါနဲ့ဘာဆိုင်သလဲ.. ရှုပ်မနေနဲ့ 'ပြာလွင်' ရယ်... ဘာမှလည်းမကူညီနိုင်ဘူး ငါ့မှ



www.burmeseclassic.com

www.burmeseclassic.com



အခက်အခဲရှိနေရင်လည်း နှင့်ကိုအကူအညီမတောင်းဘူး... သေမယ်ဆိုရင်တောင် အသေပဲခံလိုက်မယ်သိလား... အခုလာတွေ့တာကလည်း နှင့်ကိုအပြတ်ပြောချင်လို့လာခဲ့တာ... နောက်ငါနဲ့ဘယ်တော့မှမပတ်သက်ပါနဲ့တော့ နှင့်ဘဝနှင်ဆက်လျှောက်ပါ... 'နီနီရဲ' ဆိုတဲ့ငါ့ကိုမေ့ထားလိုက်"

ပြောချင်တာကိုပြောပြီး 'နီရဲ' လှည့်ထွက်လာခဲ့လိုက်သည်။

"မမ မမ နေဦးလေ... 'ပြာလွင်' ပြောပါရစေ"

"မပြောနဲ့တော့... အေး ငါ့နောက်ကိုဆက်လိုက်လာရင် ဒီမှာတွေ့လား... "

'နီရဲ' သည် စကားကြောရှည်ချင်နေသော 'ပြာလွင့်' အားခါးတစ်ဖက်ထောက်ကာ ကျန်လက်တစ်ဖက်က လက်ဝါးထောင်ပြလိုက်ပါသည်။ ပါးမကွဲချင်ရင် သူ ရှေ့ဆက်တိုးလာခဲ့လေ။

ရှေ့လှမ်းတုံ့သွားသော 'ပြာလွင့်' ကိုကြည့်ပြီးရယ်လည်းရယ်ချင်မိသည်။ မျက်နှာကြောကိုလည်း မလျှော့ရဲပေ။ ကားပြန်ထွက်လာသည်အထိ 'ပြာလွင်' များအနောက်ကနေပါလာလေမလားဆိုပြီး နောက်ကြည့်မှန်မှတစ်ဆင့် ခဏခဏကြည့်နေမိသည်။





အင်း 'ပြာလွင်' တစ်ယောက်ဘာတွေများ အကူအညီတောင်းမလို့ပါလဲ။ သူ အဆင်မပြေနေတာကို 'နီရဲ' သိနေရသည်။ သူတို့လင်မယားက နာမည်ကြီးတံဆိပ်အလှကုန်ပစ္စည်းတွေကိုတစ်ဦးတည်းကိုယ်စားလှယ်ယူကာ ဖရိုမိုးရှင်းပွဲတွေခဏခဏလုပ်နေတာမို့ ကြော်ငြာတွေမှာ ခဏခဏမြင်ဖူးနေသည်။

လူချင်းမတွေ့ပေမယ့် ကြော်ငြာတွေကတစ်ဆင့် တွေ့နေရတော့ ဘာလုပ်တယ်ဘာကိုင်တယ်၊ ဘယ်လိုတွေအဆင်ပြေနေတယ်ဆိုတာတွေကို 'နီရဲ' သိနေရလေသည်။ 'ရဲစို' နဲ့ 'ပတ္တမြား' ကလည်း သူတို့သိသမျှကို ကြုံရင်ကြုံသလိုပြောပြနေကြမို့လို့ပါ။

စိတ်ထဲမှာဘယ်လောက်ပဲနာနာ ညီအစ်မဆိုတော့လည်း သွေးကစကားပြောသည်လားမပြောတတ်၊ သူတို့အဆင်ပြေနေသည်ဆိုတော့လည်း ရင်ထဲမှာတိတ်တိတ်ကလေးဝမ်းသာနေခဲ့မိပါသည်။

'ပြာလွင်' အကူအညီတောင်းတဲ့ကိစ္စဆိုတာ ငွေရေးကြေးရေးကိစ္စတော့လည်းမဟုတ်နိုင်။ ဘာလဲ သူ့ယောကျ်ားကိုပြုစုဖို့သွားတဲ့နေရာမှာ 'နီရဲ' က အဖော်အဖြစ်လိုက်ပေးဖို့အကူအညီတောင်းတာ ...



www.burmeseclassic.com

www.burmeseclassic.com



ဝေးပါသေးသည်။ ကိုယ်တောင်မှအပူမရှာချင်သေးလို့ တစ်ကိုယ်တည်းအပျိုကြီးလုပ်နေကာမှ မဆိုင်တဲ့ယောက်ျားတစ်ယောက်ကို ပြုစုရမယ်ဆိုရင် သေပစ်လိုက်တော့မည်။

အချိန်ကစောနေသေးပေမယ့် ရုံးကိုလည်းမပြန်ချင်တာကြောင့် အိမ်ပြန်ဖို့ပဲဆုံးဖြတ်လိုက်မိသည်။ ဖုန်းမြည်လာတာကြောင့် နံပါတ်ကိုကြည့်လိုက်တော့ ကို့ဆီကဖုန်းဖြစ်နေသည်။ အဲ့ဒီ 'ခန့်ချော' ဆိုတဲ့ကိုယ်တော်ကလည်း နေရာတကာသိပ်ကိုပါချင်သည်။

'နီရဲ' နဲ့ပတ်သက်တဲ့ကိစ္စမှန်သမျှတိုင်းကို သူမသိရမရှိလေအောင် စပ်စပ်စုစု စုံစမ်းမေးမြန်းနိုင်ပါလွန်းသည်။ ခုလဲဘာတွေမေးဦးမလဲမသိ။

"ကို လား... ဘာပြောမလို့လဲ... 'နီရဲ' ကားမောင်းနေတယ်ကွာ"

"ဘယ်ကိုသွားနေတာလဲ"

"အိမ်ကို"

"ပြောတော့ဖြင့် ချိန်းထားတာရှိလို့သွားတာဆို"

"ဟုတ်တယ်လေ ချိန်းထားတာကပြီးသွားပြီ... အခုအိမ်ကိုပြန်တော့မလို့..."





"တော်တော်ရင်မောသွားလို့ ရုံးခန်းကိုတောင်ပြန်မလာနိုင်တော့ဘူးလား"

"ဟုတ်တယ်... ရင်မောယုံတင်မကဘူး ရင်ခုန်သံတွေပါမြန်နေလို့ ပြန်ရတာ... ငြိမ်ငြိမ်ကလေးနဲ့ကုတင်ပေါ်မှာလှဲပြီး စိတ်ကူးယဉ်နေမှပဲ အမောပြေတော့မှာ"

"တစ်ခါတည်းအသက်ရှုရပ်သွားအောင် နှာခေါင်းလေးပါပိတ်ထားလိုက်ပါလား..."

"ကို နော်... ရန်မဖြစ်ချင်ဘူး... ဘာပြောမလို့လဲ ပြောစရာမရှိရင် ဖုန်းချတော့မယ်... ညကျမှပြန်ဆက်လိုက်တော့"

"အောင်မာ မဆက်ပါဘူး... ဘာလို့ဆက်ရမှာလဲ အားအားရားရား"

"ဒါဆိုအခုဖုန်းဆက်တာ အားရားနေလို့ပေါ့ဟုတ်လား"

"ဟုတ်တယ်... ပျင်းလွန်းလို့ဘာလုပ်ရမှန်းမသိတာနဲ့ တွေ့တဲ့ဖုန်းနံပါတ်တစ်ခုကို ကောက်နှိပ်လိုက်တာ... ကိုယ့်ကိုယ်ကိုအထင်ကြီးမနေနဲ့"

"နှိပ်ချင်ရင်ရေခဲတိုက်ကိုနှိပ်လိုက်လေ... ဒီဖုန်းကိုနောက်ဘယ်တော့မှမဆက်နဲ့"

'နီရဲ' သည် မျက်နှာတွေနီမြန်းသည်အထိ ဓိဟ်တွေကို



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဖုန်းရဲ့ပါဝါခလုတ်ကိုပါ ပိတ်ချပစ်လိုက်ပါသည်။ ဘယ်လိုလူလဲ။

ကိုယ့်ချစ်သူတစ်ယောက်လုံးကိုတောင် နည်းနည်းကလေးမှအလျှော့မပေးဘဲ သူပဲအမြဲတမ်းအနိုင်လိုချင်နေသည်။ သူ့စိတ်ထဲကျေနပ်နေရင်တော့ 'နီရဲ' ကို စကားချိုချိုတွေပြောနေလိုက်တာ နားတောင်ပွင့်ထွက်မတတ်ပါ။

အခုလိုသူသိချင်တာ မသိလိုက်ရဘူးဆိုရင်ဖြင့် လူကိုအလေးနဲ့ကောက်ထုတာထက်တောင်နာတဲ့ စကားလုံးတွေနဲ့ပစ်ပေါက်ဖို့ဝန်မလေးတတ်သူပါ။

'နီရဲ' မှာလည်းသူ့ကိုချစ်လွန်းလို့သာ ခဏခဏရန်ဖြစ်လိုက် ပြန်စိတ်ပြေလိုက်နဲ့နေနေရပေမယ့် စိတ်ထဲရှိတဲ့အတိုင်းဆိုတစ်ခါတစ်ခါ ဆောင့်ဆွဲဆောင့်လုပ်ပစ်လိုက်ချင်သည်။

နှစ်ယောက်စလုံး နှစ်ရက်သုံးရက်ထက်လည်း ပိုပြီးစိတ်မကောက်နိုင်ကြပါ။ သူ့ဘက်ကစခေါ်တာများပေမယ့် တစ်ခါတစ်ခါတော့လည်း 'နီရဲ' ဘက်က မနေနိုင်စွာစခေါ်မိလိုက်တဲ့အကြိမ်တွေကလည်း မနည်းမနောပါ။

သုံးနှစ်သုံးမိုးသံယောဇဉ်တွေရှည်ကြာပြီးမှ အဖြေပေးခဲ့တဲ့လူဆိုတော့လည်း ရင်ထဲကအချစ်တွေက မနည်းမနောအုံဖွဲ့ဖြစ်





တည်နေပါပြီ။

ချစ်တာကချစ်တာ၊ ရန်ဖြစ်တာက ရန်ဖြစ်တာပါပဲ။

'နီရဲ' ဆီကိုဖုန်းဆက်တာအားရားလို့ဆတ်တယ်ဆိုတဲ့လူမှတ်လောက်အောင် ပညာပြစိတ်ကောက်လိုက်ပါဦးမည်။ ရုံးကိုနှစ်ရက်လောက်မသွားဘဲ ပေတေနေပြီး အိမ်တွင်းအောင်းကာအဆက်အသွယ်ဖြတ်ထားလိုက်ရင်ဖြင့် ဒင်း သေလုမျောပါးနဲ့ပျော့ခွေလာမယ်ဆိုတာကို 'နီရဲ' က ကြိုသိနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## ၂

" 'ရဲ' ... အပြင်မှာ ယူ့အိစီကလေးရောက်နေတယ်... မအားသေးဘူးပြောတာလည်းမရဘူး... စကားပြောပြီးမှပြန်မယ်တဲ့... တို့ပဲ ကြည့်လုပ်လိုက်ရမလား"

'ရဲ' ကိုအလုပ်ပြင်ပေးတဲ့ 'မာမီလုံး' က ခပ်တိုးတိုးကလေးလာပြောတာကြောင့် သက်ပြင်းကိုချပြီးခေါင်းကိုအမြန်ခါပြလိုက်ရသည်။ 'မာမီလုံး' နဲ့လွှတ်ပေးလိုက်လို့တော့မဖြစ်ပါ။ နဂိုတည်းက ညုတုတုပြာတာတာလုပ်ဘက်တဲ့ 'မာမီလုံး' ကို သူ





အမြင်ကတ်ရတဲ့ကြားထဲ 'ရဲ' ဘက်က မျက်နှာလွှဲခဲပစ်လိုက်လုပ်ရင်ဖြင့် ပြဿနာကပိုကြီးထွားသွားနိုင်ပါသည်။

"လာခဲ့မယ်လို့ပြောထားလိုက်... ဒီတစ်ခန်းပြီးတာနဲ့ ထွက်လာခဲ့လိုက်မယ်လေ"

ရိုက်ပေးရမယ့်အခန်းကလည်း သိပ်ပြီးမရှည်တာကြောင့် 'ရဲ' ကတိပေးလိုက်မိသည်။ လာမယ်ဆိုရင်လည်း ဖုန်းလေးဘာလေးကြိုဆက်ထားပါတော့လား။ ခုတော့ မပြောမဆိုနဲ့ရောက်လာတော့ လူတွေအများကြီးရှေ့မှာ 'ရဲ' သိက္ခာကျရတော့မည်။ ပြီးတော့ ဆရာလည်းရှိနေပါသည်။

'ဒါရိုက်တာဆရာစိုး' က 'ရဲ' ရဲ့လက်ဦးဆရာဆိုတော့ အပဲဖြစ်ဖြစ် ဆရာ့ကိုတော့လေးစားရှိသေမှုနဲ့ 'ရဲ' ကကြောက်ရပါသေးသည်။ ဆရာက အောင်မြင်မှုရနေတဲ့ 'ရဲ' ကိုအချစ်ရေးအိစ္စနဲ့ပတ်သက်ပြီး နာမည်ထွက်မှာစိုးရိမ်တတ်သူတစ်ယောက်ဖြစ်သည်။ ပြီးတော့ ဆရာက သူ့သားနဲ့ 'ရဲ' ကိုသဘောတူနေနှင့်သေးတော့ 'ရဲ' ချစ်သူရတဲ့အပေါ်မှာ အတော်ကလေးဘဝင်ကျနိုင်အောင် ဖြစ်နေရလေသည်။

ဒါကြောင့် 'ရဲ' ရဲ့ရိုက်ကွင်းတွေကို သူ့အားဘယ်တော့မှ လာခဲ့ဖို့မချိန်းခဲ့ပါ။ ထူးထူးခြားခြားရောက်လာတယ်ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုတော့ဆန်းနေပါပြီ။

"မင်းသမီးရေ... မျက်လုံးအကြည့်ကသေနေတယ်... စိတ်တွေဘယ်ရောက်နေသလဲ... ခုနက 'မာမီလုံး' ဘာလာပြော သွားသလဲမသိဘူး... ပြီးခါနီးကျမှ အမွေလာလုပ်သွားပြီထင် တယ်"

"ဆောရီး ဆရာ... ရပြီ ရပြီ ပြန်လုပ်မယ်နော်"

ပြန့်လွင့်နေတဲ့အတွေးကို ပြန်စုစည်းပြီး သရုပ်ဆောင် ဖက်အပိုင်းကိုစိတ်ထည့်လိုက်ရသည်။ 'မာမီလုံး' ကိုလည်းစိတ် မချပါ။ သူ့ကိုမြင်တိုင်း ဘယ်တော့မဆို ဝါးစားချင်လိုက်တာဆို ပြီး သည်းသည်းလှုပ်ပြနေတာကြောင့် စိတ်မချဖြစ်တာလည်းပါ သည်။

" 'ရဲ' က ဘာပြောချင်လို့လဲတဲ့... ပြောစရာရှိရင်ဖုန်း ဆက်လိုက်ပါလားတဲ့... အေးလေ ဒီအထိများလိုက်လာရတယ် လို့... ဗွတ် သိပ်ကိုပိုနေတယ်... ကဲ ပြော ပြော ဘာပြောမှာလဲ တို့ပဲသွားပြောပေးမယ်"

'မာမီလုံး' ရဲ့အသံက ပြာတာတာနဲ့ရှည်နေသည်။ သူ ကိုဘာမှမပြောခိုင်းလိုက်ပါဘဲရသလောက် အချိန်လေးမှာ ဝင် ထည့်နေတာဖြစ်သည်။





'သန့်ရှင်း' ကတော့ မျက်နှာမည်းကြီးမှာ မလိုက်မဖက် ရောင်စုံကာလာတွေခြယ်သကာထားတဲ့ 'မာမီလုံး' ရဲ့ရယ်ချင်စရာ မျက်ခွက်ကြီးကိုကြည့်ပြီး ရွံ့မဲ့နေရသည်။ လေသံကလည်းအက် ကွဲကွဲနဲ့ချွဲတဲတဲကြီးဆိုတော့ မုန်းနေမိပါသည်။

"ရတယ် ကိုယ်တိုင်ပဲပြောချင်တယ်... လာမှာလားမလာ ဘူးလား... တကယ်မလာဘူးဆိုရင် အိမ်ထဲအထိလိုက်ဝင်သွား လိုက်မယ်... စိတ်ကသိပ်ရှည်တာမဟုတ်ဘူး"

'သန့်ရှင်း' က တကယ်ပဲ အိမ်ထဲအထိလိုက်ဝင်သွားဖို့ ဆုံးဖြတ်လိုက်မိသည်။ ကိုယ့်မှာကလည်း အချိန်သိပ်ရှိတာမဟုတ် ပြောစရာရှိတာပြောပြီး ပြန်သွားရမှာ။ ဖုန်းဆက်ကြည့်သေးသော် လည်း ဖုန်းလိုင်းကဆက်သွယ်မှုဧရိယာပြင်ပဆိုပြီး တစ်ချိန်လုံး ပြောနေတာကြောင့် ရိုက်ကွင်းအထိကို ရောက်လာရခြင်းဖြစ် တော့သည်။

"အံမယ်လေး ဘုရား ဘုရား... ဒီလောက်ကြမ်းတမ်းနေ ရင်တော့ တို့မင်းသမီးဘဝမတွေးရဲစရာပဲ... ဘယ်လိုဖြစ်နေတာ လဲ ကိုကိုရယ်... တို့ပြောထားပေးပါတယ်... လာမှာပေါ့ သေး သေးကလေးပဲကျန်တော့တယ်... စောင့်နေစမ်းပါ လာမှာပါ"

"ခုနကပြောတော့ မလာတော့ဘူးပုံစံမျိုးနဲ့ အခုဘယ်လို

www.burmeseclassic.com



ဖြစ်ပြီးရောက်လာမှာလဲ… ခင်ဗျားစကားကို ဘလောင်းဘလဲ မလုပ်နဲ့နော်… ကြားထဲမှာမုန့်ကြိုးလိမ်တွေလာလုပ်မနေနဲ့”

“မုန့်ကြိုးလိမ်ဆိုရင် ယူ့ကိုဝါးခိုင်းလိုက်မှာပေါ့… နေစမ်းပါ… လာမယ် လာမယ် ဟော ပြောရင်းဆိုရင်းထွက်လာပြီ တွေ့လား ဟင်း”

ဖင်ကလေးကိုလိမ်ကျစ်ကာ ခပ်နွဲ့နွဲ့ကလေးပြေးသွားတဲ့ ‘မာမီလုံး’ ပုံစံကိုကြည့်ပြီး စိတ်ပျက်စွာဖြင့် ‘သန့်ရှင်း’ ခေါင်းကို ခါနေလိုက်မိသည်။ ‘ရဲရဲစို’ ဆိုတဲ့ နိုင်ငံကျော်မင်းသမီးကိုချစ်နေမိတော့လည်း ‘ရဲ’ နဲ့အနီးကပ်ပတ်သက်နေရတဲ့ ဒီလိုပုံစံမျိုးတွေကို သူ ကြိတ်မှိတ်ပြီးသည်းခံနေရလေသည်။

“ဘာဖြစ်လို့ရိုက်ကွင်းအထိတောင် လိုက်လာရတာလဲ ထူးထူးခြားခြားဘာဖြစ်လို့လဲ”

“ကိုယ်ခရီးထွက်ရမယ်ဆိုတာ လာပြောတာ… ဖုန်းဆက်သေးတယ်… လိုင်းလုံးဝမဝင်ဘူး”

“ဟင် ဘယ်လိုဖြစ်ပြီးမပြောမဆိုနဲ့ခရီးကထထွက်ရတာတုန်း… မနက်ကဖုန်းဆက်တုန်းကတောင် ဘာမှမပြောဘူး ခုမှ မြန်းစားကြီး… မောင်နော်… ကဲမယ်တော့မကြံနဲ့ ‘ရဲ’ အကြောင်းသိတယ်မဟုတ်လား”





“ဘာကဲရမှာလဲ… ဒယ်ဒီမသွားနိုင်လို့ မောင်ကသွားရမှာ… တစ်ပတ်လောက်ကြာမယ် စာရင်းကိစ္စကုန်ကြွေးကိစ္စတွေသွားရှင်းရမှာ… ညနေလေယာဉ်နဲ့ပဲသွားဖြစ်မှာ အချိန်မီရောက်အောင်လာပြောပြတာ… တော်ကြာမပြောမဆိုဘဲ ထွက်သွားတယ်ဆိုပြီး စိတ်ကောက်နေမှာစိုးလို့”

“မပြောဘဲထွက်သွားလို့ကတော့ ကောက်မှာပဲ..ခုလည်းသိပ်ယုံလှတယ်လို့တော့မဟုတ်ဘူး… မောင့်မှာကအီစီတွေကများမှများ… ဒါပဲနော် တစ်ခုခုများသတင်းကြားလို့ကတော့ ‘ရဲ’ တို့က ဆရာ့သားနဲ့ချက်ခြင်းဂောက်ပြီးလက်ထပ်ပစ်လိုက်မှာနည်းနည်းကလေးမှ အကြောခံမှာတော့မဟုတ်ဘူး”

“တွေ့လား… စကားတွေထဲမှာကိုက ဓာတ်ပြနေပြီ… အလုပ်ကိစ္စနဲ့သွားမယ့်လူကို စိတ်မဖြောင့်အောင် လာလုပ်နေတယ်… လုပ်ကြည့်လိုက်လေ… တစ်ခုခုများသတင်းကြားလို့ကတော့ ကိုယ်ကလည်းငြိမ်နေမှာတော့မဟုတ်ဘူး… လူသတ်ပွဲပဲကျင်းပပစ်လိုက်မယ် အောင်းမေ့ထား”

“ ‘ရဲ’ ဆီကိုထုံးစံအတိုင်း တစ်နေ့သုံးခါတိတိမပျက်မကွက်ဖုန်းဆက်ရမယ်နော်… ပျက်ကွက်လို့ကတော့မချစ်တော့လို့ပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဆက်မှာပါ... ဒီကြားထဲလည်း ရှုတင်မရှိရင်ဘယ်ကိုမှ လျှောက်သွားမနေနဲ့... စတိတ်ရှိုးတွေလည်းမသွားနဲ့ ကြားလား"

"အင်းပါ"

"ဒါဆို မောင်သွားမယ်"

"အင်း"

မောင်ကပြန်ကာနီးတိုင် နှုတ်ဆက်နေကြဖြစ်တဲ့ 'ရဲ' ရဲ့ နဖူးကလေးကိုရွတ်ကနဲနမ်းသွားတော့ 'မာမီလုံး' က ပြုံးပြုံးကြီး နဲ့ရင်ပတ်ကိုဖိနေလေသည်။

"အံမယ်လေးဟယ်... တို့ ားကိုလည်း ဒီလိုမျိုးလေးနှုတ် ဆက်သွားလိုက်ရင် ဘယ်လောကများတောင်းလိုက်မလဲ... ရင် တွေခုန်ပြီး ညဘက်အိပ်မက်တွေမက်လိုက်မယ့်ဖြစ်ခြင်း... 'ရဲ' ရေ... 'ရဲ' ရဲ့မောင်ကိုပြောပေးပါလား... တို့ကိုလည်းအဲ့ဒီလိုမျိုး လေး တစ်ခါလောက်လုပ်ပေးပါလားလို့"

"'မာမီလုံး' နော်... တခြားလူတွေကိုထိချင်ရင်ထိ မောင့် ကိုတော့ နည်းနည်းကလေးတောင် စိတ်မကူးနဲ့... 'မာမီလုံး' ရဲ့ ခေါင်းကဆံပင်တွေကို ပြောင်အောင်ရိတ်ပစ်လိုက်မှာသိလား"

နဂိုတည်းကထိပ်ပြောင်ချင်နေသော 'မာမီလုံး' တစ် ယောက် သူ့ခေါင်းကဆံပင်လေးတစ်ချောင်းလောက်များကျွတ်





ရှင် သေတော့မတတ် ငြီးငြူနေတတ်သည်။ ဂုတ်မျိုးများတုံးပစ် ယ်လို့ပြောလိုက်ရင် မျက်လုံးကိုပြူးထွက်နေ၏။

"မနက်ဖြန်ပဲ ဆီဒိုးနားမှာစတိတ်ရှိုးတစ်ပွဲရှိတယ်မဟုတ် ား... လူလည်းစုံတယ် ကောင်းမှာ... 'ရဲ' က မသွားဘူးဆိုတော့ တို့တော့ဒုက္ခပဲ... ကဲမယ်လို့စိတ်ကူးထားတာ စိတ်တောင်ညစ် ါတယ်"

"ညစ်မနေနဲ့... သွားမှာ သွားမှာ... သူ့ရှေ့တော့ဒီလိုပဲ ခေါင်းညိတ်လိုက်ရတာပေါ့... ကွယ်ရာမှာလုပ်ချင်တာလုပ်တော့ သူ ဘာတတ်နိုင်တာကျလို့... 'ရဲ' ရဲ့စိတ်ကူးကိုဘယ်သူကမှဖျက် လို့မရပါဘူး... အမိန့်တွေပေးတာကိုလည်း မကြိုက်ဘူး... အဲ့ဒီ ပွဲကို 'နီရဲ' ကော 'ပတ္တမြား' ပါလိုက်မှာ ချိန်းထားပြီးနေပြီ မာမီ လိုက်ချင်ရင် ရှုတင်ကအပြန် အိမ်မှာပဲအဝတ်အစားလဲပြီးလိုက် လိုက်တော့"

"တကယ်"

"တကယ်ပေါ့"

"အိုး ပျော်လိုက်တာ... ဘဲအသစ်လေးတွေနဲ့မွေလိုက်ဦး မှပဲ..."

"ကဲ ကဲ ပြန်မယ်... ဒီနေ့တစ်နေ့လုံးဘာမှမရှိတော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဟိုဘက်ရိုက်ကွင်းကလည်း မင်းသားမအားလို့ ခဏရပ်ထားတယ်ကောင်းလိုက်တာ… ညမိုင်းပျင်းရင် ချိန်းဝိုင်းလေးသွားလိုက်ဦးမယ် ဂဏာန်းမပေါင်းရတာအတော်ကြာနေပြီ”

“အေးနော် ဟိုတစ်ခါလိုကုန်လာလို့ကတော့ တို့ကမျက်နှာအငယ်ခံပြီး မပေါင်ပေးနိုင်တော့ဘူး… ကြည့်လဲလုပ်ဦး”

‘မာမီလုံး’ စကားကို ပိုင်ပါတယ်ဆိုပြီး ‘ရဲ’ ကမျက်စိတစ်ဖက်ကိုတောင် မှိတ်ပြလိုက်ပါသေးသည်။ တစ်ခါတလေစိတ်ပြေလက်ပျောက် အပျော်ကစားတာများ ဘာဖြစ်တာမှတ်လို့နော်။ တစ်နေ့တစ်နေ့ မီးထိုးမှန်ထိုးနဲ့ ဇာတ်ညွှန်းတွေကိုကျက်ပြီး အိုင်တင်တွေညောင်းချိအောင်လုပ်နေရတဲ့ဘဝကနေလွတ်မြောက်ချင်တာလည်းပါလို့ပါ။

အပြင်ကိုလည်း သူများတကာတွေလို လွတ်လွတ်လပ်လပ်သွားလာလို့မရတဲ့အခါကျတော့ စိတ်ထွက်ပေါက်အနေနဲ့ကိုယ်ဝါသနာပါတဲ့ကိစ္စလေးတွေနဲ့ အချိန်ကုန်စေရပါသည်။

မောင် ရှိနေတဲ့အချိန်ဆိုရင် ရိုက်ကွင်းကနေအိမ်တန်းပြန်ပြီးရင် မောင်နဲ့ဖုန်းပြော၊ တစ်ခါတလေ မုန့်လေးဘာလေးအပြင်ထွက်စား ဒီလောက်နဲ့ပဲကျေနပ်ရပေမယ့် မောင်မရှိတဲ့အချိန်တွေအလုပ်မအားတဲ့အချိန်တွေဆိုရင်တော့ ‘ရဲ’ က ကိုယ်စိတ်ပျော်တဲ့





အလုပ်တွေကို ခိုးခိုးလုပ်နေကြပါ။

အပူမရှာချင်လို့ကိုယ့်ဘဝကိုယ်တစ်ယောက်တည်း ရပ်တည်နေတဲ့မိန်းမတစ်ယောက်မို့ စိတ်ကျဉ်းကြပ်တဲ့ကိစ္စမျိုးတွေဆိုရင် သိပ်ပြီးထိန်းချုပ်ချင်တဲ့စိတ်က မရှိလှချေ။ ‘သန့်ရှင်း’ ဆိုတဲ့မောင့်ကိုတောင်မှ ငယ်သံယောဇဉ်နဲ့ပေါင်းပြီး တွယ်တာရလွန်းလို့ ချစ်သူတစ်ယောက်အဖြစ် လက်သင့်ခံခဲ့တာပါ။

လက်ထပ်ဖို့ဆိုတာကတော့ ဟိုးအဝေးကြီးမှာလိုသေးသည်။ ချစ်သူဘဝမှာတောင်မှ ဟိုဟာလုပ်ရင်မကြိုက်၊ ဒီဟာလုပ်ရင်မကြိုက်နဲ့ဆိုတော့ လက်ထပ်ပြီးအတူများနေလို့ကတော့ ‘ရဲ’ လှုပ်လို့တောင်ရမယ်မထင်။ ‘ရဲ’ က လွတ်လပ်ပျော်ပါးရတာကို နှစ်သက်သည်။ သီချင်းတွေကိုလည်းချစ်သည်။

စတိတ်ရှိုးတွေဆိုရင် ‘ရဲ’ မကြည့်ဖြစ်တဲ့ပွဲဆိုတာမရှိသလောက်ရှားသည်။ မောင့်ရှိနေရင်တော့ ‘ရဲ’ ကိုစိတ်မချဘူးဆိုကာအပိုတွေလုပ်ပြီးလိုက်လိုက်လာတတ်သည်။ ပြီးတော့ ဆိုနေတဲ့အဆိုတော်တွေကိုမှအားမနာ ရှေ့ဆုံးတန်းကထိုင်ပြီး ငိုက်ပြနေတတ်တာကြောင့် ‘ရဲ’ မှာ မောင့်ကိုဆွဲဆိတ်၊ ဆွဲလိမ်နဲ့လူကြားထဲမှာ အတော်ကလေးသရုပ်ပျက်ရလေသည်။

သီချင်းတွေကိုဝါသနာမပါတဲ့မောင့်ရဲ့စိတ်နဲ့ ‘ရဲ’ ရဲ့စိတ်



www.burmeseclassic.com

www.burmeseclassic.com



ခါတ်နဲ့ကတော့ တကယ့်ကိုတခြားစီဖြစ်လို့နေသည်။ မောင်က လူရှုပ်ရှုပ်မှာမနေလိုပေမယ့် မောင်နဲ့ပတ်သက်တဲ့ 'ရဲ' ကကျတော့ လူပေါင်းစုံနဲ့ရှုပ်ယှက်ခတ်စွာ အလုပ်အတူတွဲလုပ်နေရတယ်ဆိုတော့ တကယ့်ကို ပြဒါးတစ်လမ်းသံတစ်လမ်းဖြစ်နေရတော့၏။

မောင့်ကိုခဏခဏ ဖြတ်ဖို့ကြိုးစားခဲ့ပေမယ့်လည်း နှစ်ယောက်စလုံး မပြတ်နိုင်ခဲ့ကြတာမို့ ကဆောက်ကဆလေးတွေနဲ့ ချစ်သူသက်တမ်းက ကြာလာခဲ့ရသည်။ 'ရဲ' ရဲ့အလိုကိုလိုက်တတ်သော မောင့်ရဲ့စိတ်ကိုမြတ်နိုးတာကြောင့်လည်း ချစ်သူတွေအဖြစ်ရောက်ခဲ့ရတာပါ။

ပြီးတော့ 'ရဲ' ချစ်ခင်တွယ်တာရသောသူငယ်ချင်းနှစ်ယောက်ရဲ့သဘောတူမှုကြောင့်လည်း မောင့်ကိုလက်ခံဖြစ်ခဲ့တာဖြစ်မည်။ မောင့်ပြီးရင် 'ရဲ' ရဲ့ဘဝမှာ တွယ်တာစရာဆိုလို့သူငယ်ချင်းနှစ်ယောက်ဖြစ်သည့် 'နီနီရဲ' နဲ့ 'ပတ္တမြား' သာရှိသည်။

အိမ်ကြီးတစ်လုံးမှာ သူငယ်ချင်းသုံးယောက်စုစည်းပြီး စိတ်တူကိုယ်တူနေနေရတဲ့ဘဝက အရမ်းကိုပျော်ရွှင်ဖို့ကောင်းပါသည်။

တစ်ယောက်က ဘာလုပ်ချင်တယ်ဆိုရင် ကျန်တဲ့နှစ်ယောက်ကလည်း သဘောတူညီစွာနဲ့လိုက်လုပ်ပေးလေ့ရှိသည်။





ဒီလိုချစ်စရာကောင်းတဲ့ သူငယ်ချင်းတွေရှိနေလို့လည်း အိမ်ထောင်ပြုဖို့ကိစ္စက တွန့်ဆုတ်နေရတာဖြစ်ပါလိမ့်မည်။

'နီရဲ' လည်း အတူတူပါပဲ။ 'ပတ္တမြား' ကကျတော့တစ်သက်လုံးအပျိုကြီးပဲလုပ်မယ်လို့ ကြွေးကြော်ထားတဲ့သူဆိုတော့ သူ့အတွက်က အပူဆိုတာမရှိသလောက်ပင်။

'ရဲ' ဒီနေ့ အိမ်ကိုစောစောပြန်ရောက်မယ်ဆိုတော့ သူတို့နှစ်ယောက်ကိုပါ ခပ်စောစောပြန်လာဖို့ ချိန်းမှဖြစ်ပါတော့မည်။



www.burmeseclassic.com

www.burmeseclassic.com

## ၃

"ရှင့်ကိုပြောထားတယ်နော်... ကျွန်မနောက်ကိုမလိုက်နဲ့လို့ပြောနေတာ မရဘူးလား... လူကိုဘာမှတ်နေလဲ... အနားကပ်တာနဲ့အူပွင့်သွားမယ်မှတ်ထား... ဒီမှာတွေ့လား"

'ပတ္တမြား' သည် ပခုံးမှာလွယ်ထားသောလည်သာအိတ်ထဲကနေ ခေါက်ဓါးလေးကိုလျှင်လျှင်မြန်မြန်ထုတ်ပြီး တကယ်ထိုးတော့မလို ချိန်ရွယ်ပစ်လိုက်ပါသည်။ ပြောမယ့်သာပြောနေတာ 'ပတ္တမြား' မှာကြောက်လန့်ပြီး ဒူးတွေပင်တုန်ရီနေရပါပြီ။





နေ့စဉ်ရက်ဆက် 'ပတ္တမြား' နောက်ကို ဒီလူလိုက်လိုက်နေတာ တစ်လကျော်ကျော်လောက်ရှိနေပါပြီ။ သူဘယ်သူဆိုတာကိုလည်း သိနေသည်။ သူ့အခြေအနေ၊ သူ့အဆင့်အတန်းနဲ့များ မိန်းမတစ်ယောက်နောက်ကို ဂလေဆန်ဆန်လိုက်ချောင်းနေတာ အံ့သြဖွယ်တောင်ကောင်းနေရသည်။

စီးပွားရေးတစ်ခုတည်းကိုသာ အားထားခင်တွယ်နေတဲ့ 'ပတ္တမြား' လိုမိန်းမတစ်ယောက်အဖို့ ယောကျ်ားတစ်ယောက်ကိုယ့်နောက်ကနေ လိုက်ပြီးကြောင်နေတာကို စိတ်ထဲမှာခံပြင်းဒေါသထွက်နေရသည်။

သူတို့အားနေပေမယ့် 'ပတ္တမြား' မအား။ သူတို့လွတ်လပ်နေပေမယ့် 'ပတ္တမြား' မလွတ်လပ်။ အပူအပင်ကင်းကင်းနဲ့ငွေရဖို့တစ်ခုတည်းကိုသာ ရှေ့တန်းတင်နေတဲ့မိန်းမတစ်ယောက်မို့ ကိုယ့်အပေါ်ကိုစိတ်ဝင်စားနေတဲ့ ယောကျ်ားတစ်ယောက်ရှိနေတာကိုသိပြီး စိတ်ပျက်လွန်းလှသည်။

တခြားယောကျ်ားမျိုးတွေဆို 'ပတ္တမြား' ရဲ့မောက်မာရင့်သီးရိုင်းစိုင်းသောစကားတွေကိုကြားပြီး လန်ပြေးကုန်ကြတာကြီးပါပဲ။ ဒီလူကျမှ ပြောလည်းပြောပြော၊ ဆိုလည်းဆိုဆို၊ ပြုံးနေပါပြီ။ နားဝင်မခံသာတဲ့စကားလုံးတွေကိုများ ပန်းနဲ့ပစ်ပေါက်လေ



www.burmeseclassic.com

www.burmeseclassic.com



သလားဆိုပြီး မှတ်ယူနေလားမပြောတတ်။

သူ့အမေကို ပစ္စည်းသွားရောင်းမိတာ တကယ့်ကိုအမှားကြီးဖြစ်တော့သည်နဲ့တူသည်။ တစ်ခါလားဆိုမိပါတယ် နောက်နေ့ကစလို့ 'ပတ္တမြား' သွားရာနောက်ကိုလိုက်နေခဲ့တာ မိုးလင်းကနေမိုးချုပ်အထိဆိုတော့ ဘယ်သူကစိတ်မတိုဘဲရှိမလဲ။

မလိုက်ပါနဲ့ဆိုပြီး အော်အော်လွှတ်နေတာလည်း ရေတွက်လို့ပင်မရနိုင်တော့ပါ။ ဒီနေ့တော့ ပါးစပ်ကမပြောဘဲခါးနဲ့ထိုးမယ့်အဆင့်ဆိုတော့ ဒီလူပြေးလေမလားမသိ။ ရပ်ကတော့ ခုထက်ထိကို ခပ်ပြုံးပြုံးလုပ်နေသေးသည်။

လမ်းထိပ်ရောက်မှ ဆီကုန်ပြီးစက်ရပ်သွားသော ကားကိုလည်းခေါသဖြစ်မိသည်။ ကားသာမပျက်လျှင် ဒီလူအနားနားထိကပ်လို့ရမယ်မထင်။ ခုတော့ သူ့အတွက်အခွင့်အရေးဖန်တီးပေးလိုက်သလိုဖြစ်နေရတော့သည်ပေါ့။

"ကျွန်မနောက်တစ်ခွန်း ထပ်မပြောတော့ဘူးနော်... ရှင့်ဗိုက်မပွင့်စေချင်ရင် ရှင့်ခြေလှမ်းကိုရပ်တန့်ကရပ်လိုက်တော့... ပြောနေရတာလေကုန်တယ် တကယ်ပဲလက်တွေ့လုပ်ပစ်လိုက်မယ်မှတ်ထား"

"ကျွန်တော် ခင်ဗျားကိုဘာလုပ်သေးလို့လဲဗျာ... အေး





အေးဆေးဆေး ကျွန်တော့်ဖါသာနေနေတာပါ..."

"ရှင်ကသာအေးဆေးနေပေမယ့် ကျွန်မဘက်ကတော့ ပူလောင်နေတယ်လေ"

"ပူလောင်နေတယ်ဆိုရင်လည်း ရေခဲရေအေးအေးလေး တစ်ခွက်လောက်သောက်လိုက်ပေါ့ဗျာ"

"မရွဲ့နဲ့နော်... ရှင်အနောက်ကနေ တကောက်ကောက်လိုက်နေလို့ပူလောင်နေရတယ်လို့ပြောတာ...မလိုက်လာနဲ့တော့ အဓိပ္ပါယ်လည်းမရှိဘူး... အရေးလည်းမပါဘူး..."

"ကျွန်တော့်အတွက်ကတော့ အဓိပ္ပါယ်ရှိတယ်... ကိုယ့်စိတ်ဝင်စားတဲ့မိန်းမတစ်ယောက်နောက်ကို လိုက်နေရတာဟာ ရင်ထဲမှာ တကယ့်ကိုကြည်နူးစရာပဲ... ရင်တွေလည်းခုန်နေတယ် တကယ်ပြောတာပါ ကျွန်တော့်ဘဝမှာလေ ဒီတစ်ခါလောက်ရင်ခုန်နှုန်းတွေမြန်နေတာ ဒီတစ်ခါပဲရှိသေးတယ်"

"ဟယ် လမ်းမကြီးမှာလည်းပေါ်ရဲသေးတာပဲ... ဘေးလူတွေကြားသွားရင် ရှင့်ကိုရူးတယ်လို့ထင်နေတော့မှာပဲ ဝေးဝေးမှာနေစမ်းပါရှင်... တော်ကြာ ကျွန်မကိုပါရှင်နဲ့တွဲပြီးအရူးလို့မြင်နေပါ့မယ်"

'ပတ္တမြား' သည် ကိုယ်လွှတ်ရုန်းတဲ့အနေနဲ့ ခြေလှမ်းကို



www.burmeseclassic.com

www.burmeseclassic.com



ခပ်သွက်သွက်မြန်မြန်ပြန်လှမ်းမိမြန်သည်။ ကားလေးနဲ့လာနေတုန်းကတော့ လမ်းသွယ်ထဲကနေ လျှောကနဲလမ်းမကြီးပေါ်ကို ရောက်လာခဲ့ပေမယ့် လမ်းလျှောက်ရတဲ့အခါကျတော့မှ အတော်ဝေးမှန်းသိပါတော့သည်။

ခေါက်မြင့်ဖိနပ်စီးထားတာကြောင့်လည်း ခြေလှမ်းကထင်သလောက်မသွက်လက်ချေ။ ပခုံးမှာလွယ်ထားသောပိုက်ဆံအိတ်ကိုလည်း အသေအချာဂရုတစိုက်နဲ့ ထိန်းသိမ်းကာကွယ်နေရပါသေးသည်။ လူရှင်းတဲ့အချိန်မှာ ဒီလူကိုယ့်ပစ္စည်းတွေကိုလုယူမသွားဘူးလို့ ပြောနိုင်မလား။

ကိုယ်ဘာဆိုတာကိုလည်း သူသိနေပြီဆိုမှတော့ လျှပ်တစ်ပြက်လုပ်သွားရင်တော့ ဘာမှတတ်နိုင်တော့မယ်မထင်။ သူ့အခြေအနေအဆင့်အတန်းနဲ့တော့ ဒါမျိုးမလုပ်လောက်ပါဘူးလို့ စိတ်ထဲမှာဖြေသိမ့်တွေးနေမိပေမယ့် တစ်ကိုယ်တည်းဖြစ်နေတာဆိုတော့ ကြောက်တာကတော့ကြောက်တာပင်။

"ဒီမှာဗျာ"

အနားကနေ ကပ်ခေါ်လိုက်သံကြောင့် 'ပဒ္မာမြား' လန့်ထိတ်သွားရသည်။

"ရှင်နော် ကျွန်မပစ္စည်းတွေကိုလုဖို့မကြိုးစားနဲ့ ကျွန်မအော်ပစ်လိုက်မယ်မှတ်ထား... လူရှင်းနေပေမယ့် ခြံထဲကလူတွေအတော့ အော်သံကြားရင်ထွက်ကြည့်မှာပဲ... သွား သွား"

ပစ္စည်းဆောနဲ့ ပါးစပ်ကထွက်ချင်ရာတွေ ထွက်ကုန်ရပြီဖြစ်သည်။

"ဒုက္ခပဲ ကျွန်တော့်အခြေအနေက ပစ္စည်းလုရမယ့်အခြေအနေမျိုးမို့လို့လား... ကျွန်တော် ခင်ဗျားကိုစိတ်ဝင်စားလို့လိုက်နေတာပါလို့ ပြောထားပြီးပြီပဲဗျာ... ကျွန်တာတွေတွေးမနေစမ်းပါနဲ့..."

"အို လူကောင်းဆိုပြီးတော့ ဘယ်သူကမှပါးစပ်ကကြွေးကြော်နေတာမဟုတ်ဘူး... လွယ်ရင်သူကြွယ်တောင်ခိုးသေးတာပဲ ရှင်ကကောဘာမို့လို့လဲ"

"ကျွန်တော်က ခင်ဗျားရင်ထဲကအချစ်တွေကို ခိုးချင်လို့လိုက်နေတာပါ"

"ကြည့်စမ်း ပြောလေပိုဆိုးလေပါလား"

'ပဒ္မာမြား' က လက်ထဲမှာကိုင်ထားသောခေါက်ဓါးလေးနဲ့ အနောက်ဘက်ကို လှည့်ရမ်းပစ်လိုက်သည်။ လူရှင်းတဲ့လမ်းမမှာ သူနဲ့နှစ်ယောက်တည်းဖြစ်နေရတဲ့ဘဝကို အတော်လေးဒုနဲ့လုပ်နေမိပါသည်။






www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းကိုအပြေးလှမ်းလိုက်စဉ် ရှေ့တည့်တည့်မှာပြ
ပြီးကြည့်နေတဲ့ ခွေးသုံးကောင်လောက်ကိုတွေ့လိုက်ရလေသည်
ဝရုန်းသုန်းကားဖြစ်နေတဲ့ အခြေအနေမို့ သူတို့မျက်စိနောက်နေ
လောက်ပြီလားမသိ။

ကားနဲ့သွားစဉ်က အရေးမပြုပေမယ့် လမ်းလျှောက်
စဉ်မှာတော့သတိထားရပါမည်။ အသက်ကြီးမှခွေးကိုက်ခံရလို့
ဗိုက်မှာလည်းဆေးတွေဗလဗွမထိုးချင်ပါ။ မာန်ဖီချင်နေသောခွေး
သံတွေ တဂီးဂီးကိုကြားပြီးလန့်ထိတ်သွားရသည်။

"ရပ်နေလိုက်... သူတို့ကိုသွားကြည့်မနေနဲ့... ကြောက်
တဲ့ပုံပြရင်ပိုပြီး မာန်ဖီနေလိမ့်မယ်..."

"ကျွန်မကိုပြောပြီးရှင်လည်း ရပ်နေလိုက်လေ... ရှင်က
ဘာကိစ္စ ကျွန်မနားကိုတိုးလာရတာလဲ... ရှင်တိုးလာရင် ကျွန်မ
ပြေးမှာပဲ"

"ကျွန်တော်တိုးတာက ဘာမှမဖြစ်ဘူး... ခင်ဗျားပြေးမှ
ခွေးကလိုက်ဆွဲမှာ"

"ဆွဲ ဆွဲ ရှင်"

သူအနားတိုးလာတာကိုလန့်တာကြောင့် 'ပတ္တမြား' က
ခြေလှမ်းကိုအပြေးလှမ်းလိုက်မိသည်။ ထိုအချိန်မှာပဲ ဂီးကနဲဆို





ပြီး လှမ်းဟောင်လိုက်တဲ့ ခွေးသုံးကောင်ရဲ့အသံက ပတ်ဝန်းကျင်
မှာ ဆူညံပွက်လောရိုက်သွားရတော့သည်။

ခွေးကဟောင်လေ လူကပိုကြောက်လေနဲ့ 'ပတ္တမြား'
မှာမျက်ရည်တွေပင်ဝဲတက်လာခဲ့ရသည်။ ခွေးတွေကလည်းကိုက်
ချင်လို့ အနားကိုတဖြည်းဖြည်းချင်းတိုးကပ်ကာလာသည်။

"လုပ်လေ ရှင်ယောကျ်ားဖြစ်ပြီး ဘာလုပ်နေတာလဲ...
ကိုမှာကိုက်တော့မယ်"

ငိုသံကြီးနဲ့အော်ပြောလိုက်မိသည်။ သူက အနီးအနား
ပတ်ဝန်းကျင်ကိုဝေ့ကြည့်ကာ သစ်ကိုင်းချောက်တစ်ခုကိုအပြေး
လှမ်းကောက်လိုက်လေသည်။ ဖြုန်းကနဲလှုပ်ရှားလိုက်သော သူ့
ကိုခွေးတွေကပိုစိတ်ဝင်စားသွားရကာ တစ်ကောင်ကအပြေးထွက်
သွားလေသည်။

"ကိုက်တော့မယ် အား အား"

'ပတ္တမြား' ကအအော် သူက ခွေးကိုသစ်ကိုင်းချောက်နဲ့
ဖြန်းကနဲဝိတ်ရိုက်ပစ်လိုက်လေသည်။ကျန်တဲ့နှစ်ကောင်ကလည်း
သူ့ကိုတစ်လှည့် 'ပတ္တမြား' ကိုတစ်လှည့် သူ့ကိုတစ်လှည့်ကြည့်
ကာ ဘယ်သူ့ကိုကိုက်ရရင်ကောင်းမလဲဆိုပြီး စဉ်းစားနေတာ
လားမပြောတတ်။ ကြည့်နေရင် အခြေအနေကပိုဆိုးလာမှာစိုး



www.burmeseclassic.com

www.burmeseclassic.com



တာကြောင့် ခြေထောက်မှာစွပ်ထားတဲ့ဒေါက်မြင့်ဖိနပ်ကိုအသာကလေး ချွတ်ပစ်လိုက်မိသည်။

ပြီးတာနဲ့ ခွေးနှစ်ကောင်ရဲ့အခြေအနေကိုကြည့်ကာ လျှင်မြန်လှသောအရှိန်ဖြင့် 'ပတ္တမြား' က စွတ်ပြေးပါတော့သည်။ မပြေးလို့လည်းမဖြစ်။ ဒုက္ခတစ်ခုအမြန်လွတ်မြောက်ဖို့ကအဓိကပဲမဟုတ်လား။

အနောက်နေဟောင်သံပေးပြီး လိုက်လာတာကိုသိနေပေမယ့်လည်း လှည့်မကြည့်ဖြစ်ပါ။ လွတ်အောင်ပြေးဖို့ကိုသာစိတ်စောနေမိသည်။ စိတ်ထဲကလည်း တွေးနေသည်။ ပြေးထား ပြေးထားမှလွတ်မည်။ ကျောင်းတုန်းက လက်ရွေးစဉ်အပြေးချပီယံဘွဲ့ရခဲ့တာအလကားမှ မဟုတ်ပဲ။

ဆံပင်တွေလည်းပွထ၊ လူလည်းပုံပျက်ပန်းပျက်ဖြစ်နေမယ်ဆိုတာ တွေးကြည့်စရာမလိုဘဲသိနေပါသည်။ သေရေးရှင်ရေးဆိုတော့လည်းအရှက်ဆိုတာ ဘေးကိုရောက်နေသည်။ ခုလိုပုံစံမျိုးကိုများ ခုနလူတွေ့ရင် ကြိုက်နိုင်ပါဦးမလား။ သူလည်းခွေးကိုက်ခံနေရပြီနဲ့တူသည်။

ပွမ် ကနဲကားဟွန်းသံကျယ်ကျယ်ကို အနောက်ကနေကပ်ပြီးကြားလိုက်မှပဲ အပြေးခြေလှမ်းကိုရပ်ကာ လှည့်ကြည့်ဖြစ်





သွားရသည်။ အမောရှိန်ကြောင့် ပါးစပ်ကဟစိဟစိနဲ့ပွင့်ကာနေသည်။

"ဟင်..."

ရပ်လိုက်တဲ့ကားပေါ်ကနေ ဆင်းလာတဲ့ 'နီရဲ' ကိုအတွေ့ စိတ်ထဲမှာတအားကိုပျော်သွားရတော့သည်။ ဖြုန်းကနဲကားလမ်းပေါ်မှာပဲ ပစ်ထိုင်ချလိုက်ကာ တဟီးဟီးနဲ့နေအောင်အော်ငိုပစ်လိုက်မိပါသည်။

တင်းထားတဲ့စိတ်ဓါတ်တွေလည်း ခုမှပြေလျော့သွားရတာ လူကလှုပ်ပင်မလှုပ်ချင်တော့အောင် မောပန်းနေမိပါသည်။

"ဟယ် 'ပတ္တမြား'... ဘယ်လိုဖြစ်တာလဲဟယ်... မငိုနဲ့ မငိုနဲ့ ထ ထ အိမ်ပြန်မယ်မဟုတ်လား... ဖိနပ်ကော ကြည့်ပါဦး တစ်ကိုယ်လုံးလည်းချွေးတွေသံတွေနဲ့ ဖြစ်ပျက်နေလိုက်တာ"

"ခွေးတွေလိုက်ကိုက်လို့ပြေးလိုက်ရတာ အီး ဟီး ဟီး ခြေထောက်တွေတောင် ကွဲထွက်ကုန်ပြီလားမသိဘူး... စကတ်ထမိန်လည်းကွဲသွားပြီ အဟင်း ဟင်း ဟင်း"

"ကားကိုလမ်းထိပ်မှာတွေ့လို့တောင် ဆင်းရှာခဲ့သေးတယ်... ကားပျက်သွားလို့လား"

"မသိဘူး အိမ်ပြန်ပြီးမှတစ်ခုခုစီစဉ်တော့မယ်ဆိုပြီးပြန်



www.burmeseclassic.com

www.burmeseclassic.com



လာတာ ခုလိုဖြစ်တာပဲ... ဟိုကောင်ရော သူ့ကြောင့်ဖြစ်ရတာ ဒင်းလိုက်ပြီး ကပ်ပူနေလို့ ခုလိုတွေဖြစ်ရတာ ဒင်းကိုသတ်ချင်တယ်"

"ဘယ်ကောင်လဲ... ဘယ်သူမှမရှိပါဘူးဟယ် ထ ထ အိမ်ရှေ့ရောက်မှပြောတော့ လမ်းမကြီးမှာထိုင်မနေနဲ့"

'ပတ္တမြား' ပုံစံက တကယ့်ကိုရုပ်ပျက်ဆင်းပျက်ဖြစ်တာနေသည်။ တစ်ကိုယ်လုံးလည်း ချွေးတွေသံတွေနဲ့ ညစ်ပတ်ပေရေကာ ဝတ်ထားသည့်စကတ်ထမိန်ကလည်း ရှေ့ချုပ်ရိုးပြုတ်ပြီးကွဲထွက်နေပါသည်။ ချွေးလိုက်တယ်ဆိုပြီး ဘယ်လောက်တောင်များကိုယ်လွတ်ရုန်းပြေးနေလိုက်သလဲမသိပါ။

သူငယ်ချင်းဖြစ်သူကို သနားလည်းသနား၊ ရယ်လည်းရယ်ချင်နေရတာကြောင့် 'နီရဲ' မျက်နှာကအီလည်လည်ဖြစ်လို့နေရလေသည်။ သူဒုက္ခရောက်နေတာကိုကြည့်ပြီး 'နီရဲ' ဘက်ကရယ်ချလိုက်ရင် ပိုပြီးရက်ကာ့ဒေါသဖြစ်သွားနိုင်တာကြောင့်ရယ်ချင်နေတဲ့စိတ်ကို မနည်းအောင့်ကာတင်းထားနေရသည်။

"သေချင်းဆိုးချွေးတွေ... လူကိုလိုက်တာများ အသည်းအသန်...ငါ့မှာပြေးလိုက်ရတာ နောက်ကိုတောင်ပြန်လှည့်မကြည့်ရဲဘူး... အိမ်နားရောက်ကာနီးမှ ကူညီမယ့်သူကလည်းပေါ်လာ





တော့တယ်"

"ဖိနပ်ကော... ဘယ်မှာချွတ်ထားခဲ့သလဲ... ပြန်ရှာဦးမှာလား"

"တော်ပြီ မရှာတော့ဘူး... ပစ်ခဲ့လိုက်ပြီ တွေ့တဲ့လူယူသွားပါစေတော့"

'ပတ္တမြား' သည် ကားမထွက်မီ နောက်ကြောင်းကိုစိတ်အေးသလို လှည့်ပြန်ကာကြည့်မိလိုက်ပါသေးသည်။ ဟိုလူ့ကိုချွေးတွေများ မိုင်းကိုက်လိုက်ကြပြီလား မသိပါ။



www.burmeseclassic.com

www.burmeseclassic.com

# ၄

နီရဲ'တို့သူငယ်ချင်းသုံးယောက် အခန်းထဲမှာဝိုင်းဖွဲ့ပြီး ရယ်နေကြခြင်းဖြစ်သည်။

"နင်အဖြစ်ကလည်း ရှားပါတယ်ဟယ်...ယောကျ်ားတ[illegible] ယောက်ရှေ့မှာမှ ရုပ်ပျက်ဆင်းပျက်ဖြစ်ရတယ်လို့... နင်ဖိနပ် ချွတ်ပြီး ဝရန်းသုန်းကားပြေးတာကို ဒီလူမြင်သွားပြီနဲ့တူတယ် နင့်ကိုကြည့်ပြီး သူတော့ရယ်မှာပဲ ဟား ဟား ဟား ရှက်ဖို့ကောင်း လိုက်တာ"

"အံ့မယ်လေး ရယ်ချင်မှရယ်နိုင်မှာပါ... သူ့ကိုခွေးတ[illegible]





ကောင်က အရင်ဝင်ကိုက်တာ... တွေ့တဲ့သစ်ကိုင်းခြောက်ကြီးနဲ့ ရိုက်ထုတ်နေတာ ပိုပြီးရယ်ဖို့ကောင်းကောင်းသေးတယ်... ခွေး တစ်ကောင်လောက်ကိုများ ယောကျ်ားဖြစ်ပြီးကြောက်နေရသေး တယ် ကန်ထည့်လိုက်ပါလား ဘာဖြစ်မှာမှတ်လို့"

"သြော် ဒါကတော့ ယောကျ်ားဖြစ်ဖြစ်မိန်းမဖြစ်ဖြစ် ကိုယ့်အသားအနာခံပြီး ဘယ်သူကကန်ဖို့စဉ်းစားရဲမှာလဲ မတော် ကန်တဲ့ခြေထောက်ကို ခွေးကဆွဲထားလိုက်ရင် ဘယ်လိုလုပ်မလဲ နင်တောင်မှ အသကုန်ပြေးတာပဲမဟုတ်လား"

"အေး ပြေးတာပေါ့... ခုမှပြန်စဉ်းစားကြည့်ရင် ရှက်ဖို့ ကောင်းလိုက်တာဟယ်... လမ်းမမှာစကတ်အပြဲကြီးနဲ့ ငါလွှား ကနဲလွှားကနဲပြေးနေတာကို အသိထဲကတစ်ယောက်ယောက်များ မြင်ရင် ငါ့ကိုရူးသွားပြီလားလို့ထင်မှာပဲနော်... မစည်းတွေက လည်းပါတော့ စလင်းဘက်ကိုပြုတ်မထွက်အောင် မွေ့ထားရ သေးတာ... တစ်သက်နဲ့တစ်ကိုယ် ဒီလိုမျိုးအဖြစ်မျိုးနဲ့ကြုံမယ် လို့တစ်ခါမှကို မတွေးဖူးဘူး... နေဦး ခွေးလေခွေးလွင့်တွေကို အမဲရိုးပစ်ကျွေးဦးမယ်... ရပ်ကွက်သန့်သန့်မှာ ဒီလိုမျိုးခွေးသူ တောင်းစားတွေရှိနေတာ ကောင်းသလား... ငါတော့ ဒီခွေးတွေ ကို ကျေကိုမကျေနပ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



'ပတ္တမြား' က အံကိုကြိတ်ပြီး တကယ်ကြံစည်တော့မယ့်အတိုင်း ပြောနေလေသည်။

"နင်ကလည်းတုံးပါတယ်... ကားပျက်တယ်ဆိုရင်လည်း လမ်းလျှောက်ပြီးပြန်လာစရာလား... လမ်းထိပ်နဲ့ ငါတို့ခြံနဲ့ ဒီလောက်လေးတဲ့ဟာ... ကားတစ်စီးစီးငှားလာလိုက်ရင် ပြီးနေတဲ့ဟာ... ဘာမှမဟုတ်ဘူး... နင်ဟိုလူကို ပဲတွေဖွတ်ပေးနေတာ မဟုတ်လား"

'နီရဲ' က 'ပတ္တမြား' ကို တမင်ကလိလိုက်တာဖြစ်ပါသည်။ ဘာပဲပြောပြော 'နီရဲ' ကော 'ရဲရဲစို' ပါ တစ်ကိုယ်တည်းဖြစ်နေတဲ့ 'ပတ္တမြား' အား ချစ်တဲ့သူတစ်ယောက် တွေ့စေချင်နေတာအမှန်ပါ။ ကိုယ်တွေကလည်း လွတ်လွတ်လပ်လပ်နေရတဲ့ အပျိုစင်ဘဝကိုမက်မောတွယ်တာပေမယ့် အသက်ကြီးလာတဲ့အခါ အဖော်သဟဲဆိုတာမျိုးမရှိမှာကြောက်ပြီး အပျိုကြီးလုပ်ဖို့တော့ စိတ်ကူးမထားကြပါ။

ရသလောက်တော့ အချိန်ဆွဲပြီးနေနေဦးမှာပါ။ အသက်သုံးဆယ်လောက်ကျမှပဲ လက်ထပ်ဖို့စိတ်ကူးထားပါသည်။ 'နီရဲ' တွေးသလို 'ရဲစို' ဘက်ကလည်း ဒီလိုမျိုးပဲတွေးထားမှာပါပဲ။

'ပတ္တမြား' ကိုလည်း 'နီရဲ' တို့လိုအတွေးမျိုးစိတ်ကူးမျိုး





ရှိစေချင်ပါသည်။ သုံးယောက်ချင်းသုံးယောက်မှာ နှစ်ယောက်ကအိမ်ထောင်ပြုသွားပြီး သူတစ်ယောက်တည်း အထီးကျန်စွာနေနေခဲ့ရမယ့်ဘဝမျိုးနဲ့လည်း မကြုံတွေ့စေချင်ပါ။

ဒါကြောင့်လည်း 'ပတ္တမြား' အတွက် သင့်တော်မယ့်ယောကျ်ားတွေတွေ့တိုင်း 'နီရဲ' တို့နှစ်ယောက်က ဆက်စပ်ပေးနေကြပါ။ 'ပတ္တမြား' ကတော့ ခေါင်းကိုဖြတ်ထွက်မတတ်ခါနေဆဲ။

"နင်တို့လည်းတော်တော် အလုပ်အားနေကြတယ်နဲ့တူတယ်... ကိုယ့်ဖါသာကိုယ်နန့်ပြီး ချစ်သူတွေထားတာငါမပြောပါဘူး ထားပါ... ဘာလို့ငါ့ကို နင်တို့စာရင်းထဲဆွဲထည့်ချင်နေရတာလဲ... ငါပြောထားပြီးသားပဲ... ယောကျ်ားတစ်ယောက်ရဲ့ပူဆာပြုစုဆာတွေကို ငါ မခံစားနိုင်ဘူးလို့... သည်းလည်းမခံနိုင်ဘူး... နင်တို့ယောကျ်ားယူသွားပြီး ငါ့ကိုတစ်ယောက်တည်းကျန်ခဲ့မှာစိုးရိမ်နေတယ်မဟုတ်လား... မပူနဲ့ ငါနေတတ်တယ် မနေတတ်ဘူးဆိုရင်လည်း စစ်ကိုင်းချောင်သွားပြီး သီလရှင်ဝတ်နေလိုက်မယ် ရှင်းပြီလား"

"ပြောတော့သာလွယ်တာနော် နင်တကယ်ကောကတုံးတုံးပြီးသီလရှင်ဝတ်ရဲလို့လား"



www.burmeseclassic.com

www.burmeseclassic.com



“အို မယုံရင်နင်တို့အခုချက်ချင်း ယောက်ျားယူကြည့်လိုက်ပါလား... နင်တို့ယူပြီးတာနဲ့ ငါတစ်ယောက်တည်းနေလို့ အဆင်မပြေတာနဲ့ တကယ်သီလရှင်ဝတ်ပစ်လိုက်မှာ... ကျောင်းတစ်ကျောင်းပါဆောက်ပြီး လှူပစ်လိုက်ဦးမယ်မှတ်ထား”

စကားကိုအဆုံးပိတ်ပိတ်ပြောပစ်တတ်တာကြောင့် ‘နီရဲ’နဲ့ ‘ရဲစို’ ခေါင်းကိုသာခါနေရတော့သည်။ တစ်ခါတစ်ခါတော့လည်း ‘နီရဲ’ ကိုယ်တိုင် ‘ပတ္တမြား’ လိုပဲ တစ်သက်လုံးအပျိုကြီးလုပ်ရင်ကောင်းမလား စဉ်းစားကြည့်လိုက်သေးသည်။ အဖော်ရှိနေရင် ဘဝကအထီးကျန်ဆန်ဆန်ဖြစ်မှာတော့မဟုတ်။

ရင်ထဲမှာခံစားပြီးချစ်နေရသော ‘ခန့်ချော’ ဆိုတဲ့လူရှိနေလို့သာ ဆုံးဖြတ်ချက်ကိုရဲရဲမချဖြစ်တာသာရှိသည်။ ‘ခန့်ချော’နဲ့ပြတ်လို့ကတော့ တကယ်ပဲ ‘နီရဲ’ သည်လည်းအပျိုကြီးဖြစ်မှာသေချာနေပါသည်။

“နင်နဲ့အဲ့ဒီလူနဲ့ဘယ်လိုလုပ်ပြီးတွေ့တာလဲ နင့်နောက်ကိုလိုက်နေတာ တစ်လကျော်လောက်ရှိနေပြီဆို... ငါတို့ကိုခုမှပဲပြောတော့တယ် တစ်ယောက်တည်းကြိတ်ပြီးရင်ခုန်အူမြူးနေတယ်မဟုတ်လား”

‘ရဲစို’ က မျက်စောင်းကိုလှလှထိုးရင်း ပြောသည်။ မင်း





သမီးဆိုတော့လည်း ဘယ်လိုအိုင်တင်မျိုးပဲလုပ်နေနေ အမြဲတမ်းကြည့်ကောင်းလှပလို့နေသည်။

“နင်တို့ကိုပြောရင် ပိုပြီးစိတ်ဝင်တစားနဲ့လိုက်ကြည့်မယ်ဘာတွေလုပ်မှာစိုးလို့ တမင်မပြောဘဲနေတာ...ဘယ်လိုတွေ့ရမှာလဲဟယ်... ပစ္စည်းသွားပြရင်းနဲ့တွေ့တာပေါ့... သူ့အမေကလည်းသေးသေးကလေးပဲဝယ်တာပါ...ရတဲ့အမြတ်နဲ့သူလိုက်ပြီးနှောင့်ယှက်တာနဲ့မကာမိပါဘူး... စောစောတည်းကသာသိရင်သူ တို့အိမ် ပစ္စည်းသွားမပြပါဘူး”

“ချောလား”

“အင်း မဆိုးပါဘူး”

“နင့်နောက်ကိုနေ့တိုင်းလိုက်နေတာပေါ့ ဟုတ်လား”

“ဟုတ်တယ်... ငါသတိထားမိလိုက်တိုင်း ငါ့နဲ့မလှမ်းမကမ်းမှာ သူအမြဲတမ်းရှိရှိနေတယ်... အလုပ်မရှိရှာဖူးနဲ့တူပါတယ် ဖထီးမတော့ ငါ့ဘက်ကမတော်တဆ ကြုံတယ်ထင်ပြီးရယ်ပြုံးပြတော့လုပ်မိတာပေါ့... နောက်နေ့စဉ်ရက်ဆက် မြင်လာမှဒီလူတမင်အင်ထုနေတာပဲဆိုတာသိပြီး မျက်စောင်းတွေပဲလှိမ့်ပစ်နေတာ... ဒီနေ့တော့ ခါးပါထုတ်ပြီးပြလိုက်တယ်”

“ဒီလောက်ဖွံ့ကြီးကြီးနဲ့ လိုက်နေတဲ့လူတစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ငါတို့မြင်ဖူးချင်လိုက်တာ... နင်ပြစမ်း... သူ့ကိုဘယ်မှာတွေ့ရမလဲ..."

"လာပြီ လာပြီ... နင်တို့အကြောင်းသိလို့မပြောပြဘဲနေတာ... ထင်တဲ့အတိုင်းပဲ သူ့ကိုတွေ့ချင်ရင် သူ့အိမ်ကိုသွားကြည့်မှပဲရလိမ့်မယ်... နေကြစမ်းပါဟာ အေးအေးဆေးဆေးနေပါရစေ"

'ပဏ္ဍမြား' ဘက်က ဘယ်လောက်ပဲတားနေနေ၊ 'နီရဲ' တို့နှစ်ယောက်ရဲ့ အမူအယာကိုကြည့်တာနဲ့တင် တားမရတော့ဘူးဆိုတာ သိနေရပါပြီ။

'နီရဲ' ဆိုတဲ့မိန်းမကလည်း ကုမ္ပဏီမှာသာလုပ်နေပေမယ့် အလုပ်ခွင်စည်းကမ်းတွေဘာတွေကိုလည်း နားလည်ရကောင်းမှန်းသိတဲ့သူမဟုတ်။ သူ့ချစ်သူက ကုမ္ပဏီပိုင်ရှင်ဖြစ်နေတော့ အလုပ်ခွင်ကို သွားချင်တဲ့အချိန်မှသွား၊ ပြန်ချင်တဲ့အချိန်မှပြန်နဲ့ စိတ်ထဲရှိတဲ့အတိုင်း ထင်တိုင်းကျဲနေလေသည်။

'နီရဲ' ကိုချစ်နိုင်လွန်းသော 'ခန့်ချော' ကိုလည်းအံ့ဩပါရဲ့။ ရန်လည်းအမြဲတမ်းဖြစ်၊ ပြန်ပြီးတော့လည်းချစ်နဲ့ သူတို့နှစ်ယောက်ရဲ့ဘဝက ပျင်းတော့မပျင်းရပါ။

မင်းသမီး 'ရဲရဲစို' ကလည်း 'နီရဲ' လိုပဲ စိတ်ထဲရှိတာထ





လုပ်တတ်သောသူတစ်ယောက်ဖြစ်သည်။ နိုင်ငံကျော်မင်းသမီးသာဖြစ်နေပေမယ့် သူ့ချစ်သူဘယ်သူဆိုတာကို သိမှာကြောက်တာကလွဲပြီး ကျန်တဲ့အပိုင်းမှာ ပတ်ဝန်းကျင်ကိုလည်းသိပ်ဂရုမစိုက်ခဲ့ပေ။

လူတွေအရမ်းရှုပ်ထွေးသော အနော်ရထာလမ်းမကြီးတစ်လျှောက် ခြေထောက်ညောင်းအောင် လျှောက်သွားချင်သွားနေသောသူတစ်ယောက်ဖြစ်သလို၊ လမ်းဘေးနားက တုတ်ထိုးဆိုင်တွေကိုလည်း မလွှတ်တမ်းအားပေးတတ်သောသူဖြစ်သည်။

သူ့ချစ်သူဘယ်သူဆိုတာကို လူတွေသိမှာကြောက်တယ်ဆိုတာကလည်း ဒီလူနဲ့သူနဲ့တကယ်မယူဖြစ်တဲ့အခါကျရင် တွဲခဲ့တဲ့အတွက် သူ့သိက္ခာကျမှာစိုးပြီး အသိမခံခြင်းပါ။ လူများများစားစားနဲ့လည်း 'ရဲစို' က မတွဲခဲ့ပါ။ 'သန့်ရှင်း' ဆိုတဲ့ယောက်ျားကိုတောင် မကောင်းတတ်လို့သံယောဇဉ်လေးတွယ်တာမိသလိုဖြစ်သွားလို့ ချစ်သူတော်လိုက်တာတဲ့။ လက်ထပ်ယူဖို့ဆိုတာ သိပ်မက်ပင်ယောင်လို့တောင် မမက်ဖူးသေးပါဘူးတဲ့။

အဲ့ဒီလိုတွေ သံယောဇဉ်သိပ်မထားတတ်သော မိန်းမမျိုးတွေက 'ပဏ္ဍမြား' ကိုချစ်သူရစေချင်လိုက်တာ ကဲကဲကြီးဆော်နေသည်။ သူတို့တွေလို ဆူပူရန်ဖြစ်ရတဲ့ဒုက္ခမျိုးကို မျှဝေခံစားစေ

www.burmeseclassic.com

www.burmeseclassic.com



ချင်လို့ဆိုတာ သိနေပါသည်။

အင်း လွယ်တော့မလွယ်ပါဘူး။

'မိုးထင်' လို့ခေါ်တဲ့ယောကျ်ားတစ်ယောက်ကို သံယော ဇဉ်တွယ်ပြီး ချစ်နိုင်မချစ်နိုင်ဆိုတာ 'ပတ္တမြား' ဘက်ကသေချာ စဉ်းစားကြည့်ရဦးမည်။

"နင်တို့ကိုကြိုပြောထားမယ်နော်... ငါမသိဘဲ နင်တို့ သူ့ကိုသွားပြီး မပတ်သက်ရဘူး... နင်တို့ကိုကြောက်ပါတယ်... မြင်ဖူးချင်တယ်ဆိုရင်တော့ ငါကြိုက်တဲ့အခါပြထားမယ်... ဒါက လည်းနင်တို့ရဲ့ဆန္ဒကိုဖြည့်ဆည်းတာနော်... ငါ့ဘက်ကဒီလူ့ အပေါ် ဘာခံစားမှုမှမရှိသေးဘူး"

'နီရဲ' က အသံထွက်အောင် အော်ရယ်လိုက်သည်။

"နင်ကဘာကိုကြောက်နေတာလဲ... ငါနဲ့ 'ရဲစို' ကဘာ လုပ်မယ်လို့ပြောသေးလို့လဲ... တစ်ယောက်နဲ့တစ်ယောက်ဘာ မှတောင်မတိုင်ပင်ရသေးဘူး"

"အေးလေ... နင့်လူ့အကြောင်းစုံစမ်းစပ်စုဖို့ဆိုတာ ငါ တို့မှာလည်းအချိန်ရှိမှဖြစ်မှာလေ... သုံးလလောက်ဆက်တိုက် ငါတစ်ရက်မှမအားဘူး... ရှူတင်တွေနဲ့ပြည့်နေတာ နင်ပူမနေနဲ့"

"အိမယ်လေး အဲ့ဒီလိုပြောရင်ပိုပြီးတော့တောင် လန့်ပါ





သေးတယ်နော်... မအားဘူးဆိုတဲ့ မမကျ အရင်ဆုံးပြေးပြီးစပ်စု တာမသိတာကျနေတာပဲ"

တကယ်ပါပဲ။ မအားဘူးပြောတဲ့သူက လစ်ရင်လစ်သလို ရှူတင်ကနေခိုးခိုးပြီး သူလုပ်ချင်ရာတွေကို စိတ်ပါတိုင်းလုပ်နေ တာဖြစ်သည်။

"အေး နင်သိနေရင် ငါတို့နှစ်ယောက်ကို ဘယ်တော့ပြ မှာလဲ"

"ကြိုက်တဲ့တစ်နေ့ပေါ့ဟာ... ဒီလူဖွဲ့မလျှော့သေးတာသေ ချာရင် ငါသွားတဲ့နောက်ကိုလိုက်ဦးမှာပဲလေ... သူလိုက်လာတာ နဲ့နင်တို့ဆီငါဖုန်းဆက်လိုက်ပါ့မယ်"

"ကတိနော်"

"အေးပါ"



www.burmeseclassic.com

www.burmeseclassic.com

## ၁

ရုံးကိုလာတဲ့ 'နီရဲ' ရဲ့မျက်နှာက ခပ်တင်းတင်းလေးဖြစ်နေသည်။ ကိုယ့်စားပွဲမှာကိုယ်ထိုင်ရင်း လုပ်စရာရှိတာတွေကိုလုပ်နေပေမယ့် မျက်လုံးကတော့ လစ်ရင်လစ်သလို 'ခန့်ချော' ရှိတဲ့စားပွဲကိုရောက်ကာနေသည်။

'ခန့်ချော' မျက်နှာထားကလည်း တင်းနေတာပါပဲ။

ယောကျ်ားတန်မဲ့ စိတ်ကောက်တတ်နေတာကို 'နီရဲ' က အသေအမြင်ကတ်သည်။ သူ မခေါ်ဘဲနေရင်ပိုပြီးတော့တောင် စိတ်ရှုပ်သက်သာသေးသည်ဟုမှတ်ယူကာ ကိုယ့်အလုပ်ကိုပဲကိုယ်





...အောင် လုပ်နေလိုက်ပါသည်။

"'နီရဲ'... 'ကိုခန့်' က ဒီဖိုင်လေးလာရှင်းပေးပါတဲ့... ...ားမလည်ဘူးဖြစ်နေတယ်တဲ့လေ"

ရုံးမန်နေဂျာ 'အန်တီသက်' က ဖိုင်ကိုကိုင်ပြီးလာပြနေ...ကြောင့် 'နီရဲ' မျက်မှောင်ကုပ်သွားရသည်။ အလကား ရှင်း...င်းစရာဘာမှမလိုတဲ့ဖိုင်ကို မရှင်းဘူးဆိုပြီးရှင်းပြခိုင်းနေတယ် ...တည်းက သူ ရှူးနေလို့ပဲနေမှာ။

"ရှင်းပြစရာမှမရှိဘဲ 'အန်တီဝင်း' ရယ်... အလကားလူ...လိုက်ရစ်နေတာ... မလာဘူးပဲပြောလိုက်ပါ"

"ဟယ် အဲ့ဒီလိုတော့မလုပ်နဲ့လေ... 'ကိုခန့်' ကို ဘာဆို...သေချာလေး သွားမေးကြည့်လိုက်ပါ... 'နီရဲ' ကိုလွှတ်လိုက်...ပြောနေတော့ သွားလိုက်ပါ 'နီရဲ' ရယ်"

'အန်တီသက်' မျက်နှာက စိတ်ရှုပ်သွားပုံရသည်။ 'နီရဲ' ...ဘာ ကိုယ်ပိုင်သောချစ်သူတစ်ယောက်မို့ ပြောချင်တာပြော...ချင်တာလုပ်လို့ရပေမယ့် 'အန်တီသက်' တို့လိုဝန်ထမ်းက...တော့ သူတို့ဆရာစကားကို နားထောင်မှဖြစ်ပါမည်။ 'ခန့်ချော' ...အသည်းတုံး 'နီရဲ' ကိုလည်း ကလန်ကဆန်သိပ်ပြီးလုပ်လို့ရ...ကြောင့် ဘယ်လိုပြောရင်ကောင်းမလဲ ထပ်စဉ်းစားနေပုံရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ 'နီရဲ' ကတော့ ခပ်တည်တည်ပါပဲ။ ဖိုင်ကိုစားပွဲပေါ်မှာ ချထားလေသည်။

"'အန်တီသက်' ကိုပဲလှော်ကြားထဲကဆား မလုပ်ပါနဲ့ ကွယ်... 'နီရဲ' သွားလိုက်ပါနော်"

'နီရဲ' သည် လူကြီးတစ်ယောက်ပြောတာကို မလေးမစား လုပ်ရာကျမှာစိုးပြီး သက်ပြင်းကိုချကာ ခေါင်းကိုညိတ်ပြလိုက်ရ ပါသည်။ ဟင်း သူ့ကိုယ်သူကုမ္ပဏီပိုင်ရှင်ဆိုပြီး အာဏာနဲ့ ခေါ် ခိုင်းတာ။ မုန်းလိုက်တာနော်။

"သွားပါမယ် 'အန်တီသက်' ရဲ့... စာရိုက်စရာလေးပြတ် တာနဲ့ သွားလိုက်မယ်"

'နီရဲ' က ရင်ထဲမှာဖြစ်ချင်တဲ့ဆန္ဒတချို့ကို ခပ်မြန်မြန်ပဲ ကွန်ပြူတာမှာရိုက်ထည့်ကာ ပရင့်လုပ်ပြီး သူ့ရှိတဲ့စားပွဲဆီလာ ခဲ့လိုက်ပါသည်။ သူ ရှင်းပြခိုင်းတဲ့စာရင်းဖိုင်ရဲ့ အပေါ်ဆုံးမှာ 'နီရဲ' ရိုက်ထားတဲ့စာရွက်ကို တင်ထားခဲ့သည်။

"ဘာလုပ်ဖို့ခေါ်တာလဲ"

"ဟ စာရင်းရှင်းစရာရှိလို့ခေါ်တာပေါ့... မင်းလေသံက မာလှချည်လား"

"မာမာပဲ... ရှင် ရှင်းချင်တဲ့စာရင်း ဒီမှာအဆင်သင့်လုပ်





ထားတယ် ကြည့်"

'နီရဲ' လှမ်းပေးသောဖိုင်ကို သူက မဲ့တဲ့တဲ့မျက်နှာနဲ့ဖွင့် ကြည့်လိုက်လေသည်။

***ဒီမှာ ရှင့်ရဲ့အချိုးအချိုက်၊ အပြုံအမူမျက်နှာလေးတွေကို ကျေနပ်လို့ ဒီနေ့ပဲရှင့်အလုပ်ကနေထွက်မယ်... မကျေနပ်ရင် ထဲသေလိုက် ဒါပဲ...***

မည်းပုပ်သွားသော သူ့မျက်နှာကိုကြည့်ပြီး 'နီရဲ' ကျေနပ်အားရစွာဖြင့် ခပ်ပြုံးပြုံးသာစိုက်ကြည့်နေလိုက်သည်။ လူကို အကျောနဲ့ခေါ်တုန်းကတော့ ဒီလိုမျက်နှာထားမျိုးလား။

"တောက် မင်းတော်တော်မိုက်ရိုင်းပါလား... လုပ်ချင်တာ လည်းလုပ်သေးတယ်... ငါ့ကိုလည်းပြန်ပြီး မထေမဲ့မြင်ထပ်လုပ် တယ်... မင်းလုပ်ပုံတွေကောင်းလား ပြောစမ်း"

"ကောင်းတယ်"

"အေး ကောင်းတယ်ဆိုရင် ငါ့အလုပ်ကနေထွက်တော့ မင်းလိုဖောက်ပြန်ချင်တဲ့မိန်းမမျိုးကို တစ်စက်ကလေးမှအထင် မကြီးတော့ဘူး... မမြင်ရရင်ကောင်းလေပဲ"

"ဘယ်သူကမှလည်း ရှင့်အလုပ်မှာလုပ်ချင်လွန်းလို့ဝင် လုပ်နေတာမှမဟုတ်ဘဲ... ရှင်ခေါ်လို့ အပျင်းပြေဝင်လုပ်ပေးနေ



www.burmeseclassic.com

www.burmeseclassic.com



တာပဲရှိတယ်... ရှင်ပြောသလိုပဲ အလုပ်ကထွက်ပြီး အခုမှလွ လွှတ်လပ်လပ်ကြီး ဖောက်ပြန်ပါတော့မယ်"

"ထင်ဝါတယ် မနေ့ကမင်းလစ်ပြီးထွက်သွားတာ မင် အကောင်တစ်ကောင်နဲ့ချိန်းတယ်ဆိုတာ သိပြီးသားပဲ"

"ရှင်ထင်တာမှားနေတယ်... အကောင်မဟုတ်ဘူး 'နီနီ' ရဲ့တရားဝင်ယောကျ်ားရှင်းရဲ့လား... သူ နိုင်ငံခြားကနေပြန်လ လို့ သူနဲ့ကျွန်မပြန်ပေါင်းတော့မယ်... ရှင့်ကိုတော့ တာ့တာပဲ

တစ်ယောက်နဲ့တစ်ယောက် အနိုင်မခံဘဲ အလျှော့မပေ စတမ်းပြောနေတာ မောတောင်မောလာရပါသည်။ လူတွေရှိ သေးတာကြောင့်လည်း အော်ကြီးဟစ်ကျယ်အားရပါးရလည် ပြောဆိုလို့ရတာမဟုတ်။

လေသံကလေးထွက်ယုံမျှသာ တိုက်ခိုက်နေကြတာဖြ သည်။ 'နီရဲ' လို ယောကျ်ားတွေနဲ့ကင်းကင်းရှင်းရှင်းနေတဲ့မိန်း မျိုးကိုများ ဖောက်ပြန်တယ်ဆိုတဲ့စကားသုံးတာ တော်တော်မှ ပါသည်။

နာလွန်းလို့ရွဲ့ပြီး ဖောက်ပြန်ယုံတင်မဟုတ် ယောက်ျား ပါရှိတယ်လို့ပြောလိုက်တော့ အေးရောပေါ့။ ဒင်းလိုယောကျ်ား မျိုးနဲ့ မြန်မြန်ပြတ်တာပဲကောင်းသည်။ လူကိုနေရာတကာလိုက်





ပြီး ချုပ်ချယ်ကြိုးကိုင်နေတာ ဘယ်သူကတာရှည်သည်းခံနိုင်ပါ မလဲ။

ပြောတော့သာချစ်တယ်ချစ်တယ်နဲ့ လုပ်ပုံကိုင်ပုံအချိုး အချိုတ်က ဇာစ်စက်ကလေးမှအချိုးကိုမပြေ။ လူတိုင်းလူတိုင်းမှာ ကိုယ့်အပူနဲ့ကိုယ်တော့ ရှိသေးတာပေါ့။ နေရာတကာသူ့ကိုရှင်း ပြပြောပြနေရမှာလား။ ညီမအရင်းခေါက်ခေါက်နဲ့မတွေ့ချင်ပါ ဘဲတွေ့နေရတာကို သူသိအောင်ပြောပြရမှာလား။ ခက်လိုက် တာ။

ဒီလိုနားလည်မှုမရှိငဲ့ ချစ်သူမျိုးနဲ့ စောစောတည်းက လမ်းခွဲလိုက်တာက ပိုပြီးရင်မောသက်သာရမည်။ ဝမ်းနည်းချင် သလိုဖြစ်နေတဲ့ ရင်ထဲကခံစားချက်ကို မြိုသိပ်ချရင်း 'နီရဲ' က လေင်းဘက်ကိုယူကာ ရုံးခန်းထဲကနေထွက်ချလာခဲ့လိုက်သည်။

နေဦးပေါ့။ ဒီတစ်ခါလာချော့လို့ကတော့ ခပ်ကြာကြာ ကလေးကို ပညာပေးပြီး နှိပ်စက်ထားလိုက်ဦးမည်။ အကြောမာ တဲ့လူကို ပိုလီယိုလိုဖြစ်သွားအောင် လုပ်ကိုလုပ်ပစ်ဦးမည်။

အိမ်ပြန်ရင်လည်း တစ်ယောက်တည်းငေါင်ပြီးပျင်းနေရ မယ့်အတူတူ 'ပတ္တမြား' ဆီဖုန်းခေါ်လိုက်ပါသည်။

"နင်ဘယ်ကိုရောက်နေသလဲ... ငါ နင့်ဆီလာခဲ့မလို့"



www.burmeseclassic.com

www.burmeseclassic.com



"ပစ္စည်းသွားကြည့်မလို့… နင်ကရုံးချိန်မှာရုံးမတက်ဘ
ဘာအလေလိုက်မလို့လဲ… ဘာလဲ နင့်လူမရှိလို့လား"

"ရှိပါ… သူနဲ့စိတ်ဆိုးပြီး ရုံးကနေတောင်ပြန်လာပြီ ဖျင်
တာနဲ့အိမ်မပြန်ချင်လို့ နင့်ဆီကိုဖုန်းဆက်လိုက်တာ…ဟိုလူကော
တွေ့သေးလား"

"မတွေ့တော့ဘူးထင်တာ အနောက်ကနေပါလာတုန်း
နင်ငါ့ဆီလာခဲ့မလား… ရန်ကင်းစင်တာက စီးတီးမတ်မှာစော
နေမယ်လေ"

"လာခဲ့မယ်… 'ရဲစို' ကိုပါ ချိန်းလိုက်မယ်"

'နီရဲ' က အဖော်ရအောင် 'ရဲစို' ကိုပါဖုန်းဆက်ချိန်းလိုက်
ပါသည်။ သူဝင္ကာဘက်မှာရှိနေတယ်ဆိုသဖြင့် 'နီရဲ' တစ်ခါတည်း
ဝင်ခေါ်ရအောင်မောင်းလာခဲ့လိုက်ပါသည်။

'နီရဲ' ရဲ့ကားခြံထဲမောင်းမဝင်ခင် 'ရဲစို' က ခြံပေါက်
ကိုအရင်ပြေးလာလေသည်။

"ငါအချိန်တော့သိပ်မရဘူးနော်… ခဏလေးဆိုပြီးခွ
တောင်းလာခဲ့တာ… ဒီနေ့လည်းစတိုက်ရှိုးရှိတယ်ဆိုပြီး ရှူတင်
ကို စောစောသိမ်းခိုင်းထားတာဟ"

"အေးပါ ကြည့်ပြီးတာနဲ့ပြန်ပို့ပေးပါ့မယ်… ညကျရင်





တော့ နင့်ကားနဲ့ပဲသုံးယောက်ပေါင်းပြီးသွားလိုက်မယ် နှင်စော
စောပြန်ခဲ့ဖို့မမေ့နဲ့ဦး"

"နင့်လူကကော"

"သူ့များထားလိုက်စမ်းပါ… ကြည့်လို့ကိုမရဘူး ငါ
ဘာလုပ်လုပ်သံသယနဲ့ပဲလိုက်ကြည့်ပြီး ထင်ရာပြောနေတယ်
မုန်းလွန်းလို့ အလုပ်ကနေပါ ထွက်စာတင်ခဲ့လိုက်တယ်"

'ရဲစို' က ခေါင်းကိုညိတ်ပြီး ပြုံးနေလေသည်။ 'နီရဲ' ကော
'ရဲစို' ပါ ချစ်သူတွေထားပြီး ချစ်တာကနည်းနည်း ရန်ဖြစ်နေတာ
ကများများမို့ ချစ်သူချင်းအဆင်ပြေချိန်ဆိုတာ ရှားပါးလှလေ
သည်။ ရန်ဖြစ်ပြီးတော့လည်း ပြန်ပြီးချစ်နေကြတာထုံးစံပဲမို့ ရန်
ဖြစ်တာလောက်ကို စာဖွဲ့ပြီးပြောမနေတော့ပါ။

ရန်ကင်းစင်တာစီးတီးမတ်ထဲကိုရောက်တော့ 'ရဲစို' ကို
လူတွေကပိုင်းကြည့်နေကြသည်။ မင်းသမီးတစ်ယောက်ဆိုတော့
လည်း သာမန်လူတွေလိုမလွတ်လပ်တာ သနားဖို့တော့ကောင်း
ပါသည်။

"ဟိတ် နင်တို့ဘာစားဦးမလဲ… ငါက ဝယ်စရာမရှိဘဲ
တွေ့ရလွယ်အောင် ဒီကိုချိန်းလိုက်တာ"

'ပတ္တမြား' မျက်နှာက ပြုံးစိစိဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစားကအရေးမကြီးဘူး နင့်လူကိုကြည့်ချင်လို့သက်သက်လိုက်လာတာ... ငါကအချိန်သိပ်မရဘူး ဘယ်မှာလဲ"

'ပတ္တမြား' က နောက်ဘက်သို့ဆတ်ကနဲကြည့်ကာ ရှာဖွေလိုက်ပါသည်။ 'မိုးထင်' ဆိုတဲ့လူမျက်လုံးက 'ပတ္တမြား' ဆီမှာရှိမနေဘဲ 'ရဲစို' ဆီမှာစိုက်ပြီးပြူးနေတာကြောင့် ဒေါသဖြစ်သွားရပါသည်။ ချောမောလှပသောမင်းသမီး 'ရဲရဲစို' ကို မျက်လုံးကျွတ်ထွက်မတတ်ဘူးနေတာပါလား။

'ပတ္တမြား' တစ်ယောက်လုံးရှိနေတာတောင်မှ ဟန်မလုပ်နိုင်တဲ့ယောကျ်ားမျိုး ကွယ်ရာမှာဆိုပိုပြီးဆိုးနေတော့မှာပေါ့။

"ကြည့်စမ်း မျက်လုံးကြီးပြူးတက်ကျမတတ် 'ရဲစို' ကိုငမ်းနေလိုက်တာ ငါ့လှည့်ကြည့်တာတောင်မမြင်တော့ဘူး... ဒါလား ငါ့ကိုစိတ်ဝင်စားတာ အရှုံကောင်ကြီး... ပြန်ကြမယ်လာ"

'ပတ္တမြား' လှည့်ကြည့်လိုက်သောလူကို 'နီရဲ' တို့လည်း မြင်တွေ့လိုက်ပါသည်။ 'နီရဲ' က သာမန်ဖြစ်ပေမယ့် 'ရဲစို' မျက်နှာကတော့ အံ့ဩမှုတွေဖြစ်ထွန်းနေလေသည်။

'မိုးထင်' တင်မက 'ရဲစို' ကပါ အံ့ဩသလိုပြန်စိုက်ကြည့်နေတာကိုမြင်တဲ့ 'ပတ္တမြား' ရင်ထဲမှာတော့ တဆစ်ဆစ်နဲ့ကိုနာသွားရသည်။ သူတို့နှစ်ယောက်ပုံစံကိုကြည့်တာနဲ့ဓာတ်





လမ်းရှိခဲ့ဖူးတယ်ဆိုတာ သေချာသလောက်ရှိနေပါပြီ။

"သွားမယ်လေဟာ ဘာကြည့်နေတာလဲ... နင်တို့မြင်ပြီမဟုတ်လား... ငါကတော့ လုံးဝကိုစိတ်မဝင်စားဘူးနော်"

'ပတ္တမြား' အသံကရှက်ပြီး တုန်ချင်သလိုဖြစ်နေသည်။

"နေဦး ငါသွားခေါ်လိုက်ဦးမယ်... 'ကိုမိုးထင်' မဟုတ်လား"

"နင်နဲ့သိလို့လား"

"အင်း..."

'နီရဲ' ကတော့ ဘာမှမသိသူပီပီ အခြေအနေကိုစောင့်ကြည့်နေလိုက်ပါသည်။ 'ရဲစို' နဲ့အတူ 'ကိုမိုးထင်' ကပါလာလေသည်။

"'ပတ္တမြား' ရယ် နင့်ကိုလိုက်တဲ့လူကဘယ်သူများလဲလို့ ငါ့နယ့်ဖြစ်ရမယ်... စောစောစီးစီးတည်းက သိလိုက်ပါတော့လား... 'ကိုမိုးထင်' မှန်းသိရင် လိုက်တောင်မကြည့်တော့ပါဘူး"

"နင်ကဘာသိလို့လဲ"

"သြော် သိတာပေါ့... ငါ့အစ်ကိုဝမ်းကွဲပဲဟာ...ငါပြောပြောနေတဲ့ ကျောက်ကုန်းကအဒေါ်အိမ်ဆိုတာ 'ကိုမိုးထင်' တို့အိမ်ပေါ့... အဆက်အသွယ်ပြတ်တာတောင်ကြာနေပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ပါဘူး... သူတို့နေတာ မြို့ထဲမှာပဲဥစ္စာ" 'မိုးထင်' က ဝင်ဖြေရှင်းလိုက်ပါသည်။

"ဟုတ်တယ်... ကျောက်ကုန်းကအိမ်ကို နှစ်ချုပ်နဲ့နိုင်ငံခြားသားတွေကိုငှားစားပြီး မြို့ထဲမှာကွန်ဒိုတိုက်ခန်းဝယ်ပြီး ပြောင်းနေလိုက်တာလေ... 'ရဲစို' နဲ့ဆိုမတွေ့တာ နှစ်နဲ့တောင်ချီနေပြီ... 'ရဲစို' တို့က ဘယ်တော့မဆိုသံယောဇဉ်ကင်းကင်းနဲ့ ဆွေမျိုးကိုသိပ်ပြတ်နိုင်တာ... ကိုယ့်ဆွေမျိုး အိမ်ပြောင်းသွားပြီး ဘယ်နေရာမှာနေနေတယ်ဆိုတာတောင် သိမှာမဟုတ်ပါဘူး"

"အလုပ်တွေရှုပ်နေတာနဲ့ မရောက်တာပါ 'ကိုမိုးထင်' ရယ်... 'ရဲစို' တို့ကကျောထောက်နောက်ခံမကောင်းတော့ ကိုယ့်အားကိုယ်ကိုးပြီးကြိုးစားရတယ်လေ..."

'ရဲစို' ရဲ့ငေါ့ပြောသောစကားကြောင့် 'မိုးထင်' ရဲ့မျက်နှာပျက်သွားရသည်။ 'ရဲစို' ရဲ့အဖေနဲ့အမေဆုံးတုန်းက အားကိုးရာမဲ့ပြီး ရှားရှားပါးပါးဆွေမျိုးတော်နေတဲ့ 'မိုးထင်' တို့အိမ်ကိုရောက်လာခဲ့ပါသေးသည်။ မေမေကတူမချောလေးကို ခေါ်ထားချင်ပေမယ့် ဖေဖေက သူငယ်ချင်းအပေါင်းအသင်းများသော 'ရဲစို' ကို နည်းနည်းကလေးမှကို ကြည့်မရခဲ့ပါ။

မိန်းမပျိုလေးတစ်ယောက်တည်း အိမ်ကြီးတစ်အိမ်မှာ





နေရမယ်ဆိုတော့လည်း မသင့်တော်ပြန်တာကြောင့် မေမေ့မှာရင်အတော်ကလေးပူလောင်ခဲ့ရသည်။ အိမ်မှာလာနေရင် ဖေဖေ့ရဲ့စည်းကမ်းတွေကိုလိုက်နာနိုင်ရမယ်လို့ ပြောလိုက်တည်းက အိမ်ကိုရောက်မလာတော့ အခုအချိန်ထိတိုင်အောင်ပါပဲ။

'မိုးထင်' သဘော်လိုက်နေတဲ့အောက်လျှောက်မှာလည်း 'ရဲစို' ရဲ့သတင်းတွေကို မေမေ့ဆီကတစ်ဆင့် ကြားနေခဲ့ရသည်။ မင်းသမီးဖြစ်နေပြီ၊ မေမေ့ကိုလမ်းမှာတွေ့ရင်တောင် မသိသလိုလုပ်သွားတတ်တဲ့အကြောင်းတွေကိုကြားပြီး အလုပ်နားလို့အိမ်ပြန်ရောက်တာတောင် 'မိုးထင်' ဘက်က သွားတွေ့ဖို့မစဉ်းစားခဲ့ပါ။

သူ့ဘဝသူလျှောက်နိုင်တယ်ဆိုတော့လည်း ပြီးနေတာပဲပေါ့။ တစ်ခါတစ်ခါတော့လည်း ဆွေမျိုးတော်နေတယ်ဆိုတဲ့အသိဖြင့် အဆက်အသွယ်လုပ်ချင်မိပါသေးသည်။ သူမင်းသမီးဖြစ်မှ လာပတ်သက်တယ်ဆိုပြီး အပြောမခံချင်တာကြောင့် ခပ်ကင်းကင်းနေနေကာမှ 'ပတ္တမြား' နဲ့ပတ်သက်ပြီး ဆုံနေရသည်။

အိမ်မှာ ကျောက်မျက်ပစ္စည်းတွေ လာရောင်းသော 'ပတ္တမြား' ကိုတစ်ခါတွေ့ဖူးတာနဲ့ တမ်းတမ်းစွဲဖြစ်သွားမိတဲ့ သူ့ရဲ့အမှားပေလားတော့မသိ။

www.burmeseclassic.com

www.burmeseclassic.com



'ရဲစို' နဲ့ပတ်သက်ရှာစိုးတာနဲ့ 'ပတ္တမြား' ကိုသူမမေ့လိုက်နိုင်ပါ။ တမ်းတမ်းစွဲချစ်သွားတယ်ဆိုတဲ့အချစ်ဖြင့် သူ့ရင်ထဲမှာ 'ပတ္တမြား' လေးတစ်လုံး စိမ့်ဝင်နေခဲ့ပါပြီ။

'ရဲစို' ဘက်ကတောင် အေးအေးဆေးဆေးဆက်ဆံနေနိုင်သေးရင် သူ့ဘက်ကကော ဘာမဆက်ဆံနိုင်စရာရှိသလဲ။ ကြားခံအောင်သွယ်ပေးမယ့်သူတစ်ယောက် ရောက်လာတယ်လို့ပဲမှတ်ယူလိုက်တော့မှာပေါ့။

" 'ရဲစို' တို့အားလား… တစ်ခုခုကျွေးမယ်လေ မတွေ့ရတာလည်းကြာနေပြီဆိုတော့ ဘာတွေလုပ်နေသလဲဆိုတာသိချင်သေးတယ်"

"ဟား ဟား ဟား 'ကိုမိုးထင်' ကတော့ရှုံးတော့မယ်… တကယ်စိတ်ဝင်စားတာက 'ရဲစို' အကြောင်းဟုတ်မယ်မထင်ပါဘူးနော်… 'ပတ္တမြား' အကြောင်းသိချင်တာမဟုတ်လား… 'ရဲစို' တို့ကလည်း 'ပတ္တမြား' နောက်ကိုယောကျ်ားတစ်ယောက်သဲသဲမဲမဲလိုက်နေတယ်ဆိုလို့ ဘယ်လိုလူများလဲဆိုပြီးလိုက်ကြည့်တာခုတော့သိရပြီ… တကယ်ကျွေးချင်တယ်ဆိုရင် အိမ်ကိုလာခဲ့လိုက်လိပ်စာပေးလိုက်မယ်… 'ရဲစို' တို့ကသူငယ်ချင်းသုံးယောက်ပေါင်းပြီးစုနေကြတာ… စားစရာတွေများများဝယ်ပြီး အိမ်ကိုလာခဲ့လေ





ခပြင်မှာက စကားပြောလို့သိပ်မကောင်းဘူး လာမယ်မဟုတ်လား"

"ဟုဲ …"

'ပတ္တမြား' ရဲ့ တားဆီးတဲ့စကားကိုဖြင့် 'ရဲစို' တို့ကမမှုပါ။ 'ကိုမိုးထင်' ကလည်း ပြာပြာသလဲပြောရှာသည်။

"လာမယ်လေ… ဘယ်အချိန်တွေအိမ်မှာရှိတာလဲ…"

"ဖုန်းအရင်ဆက်ပြီးချိန်းလိုက်… စစချင်းတော့ 'ရဲစို' ရှိနေမှပဲ 'ကိုမိုးထင်' အိမ်ကိုလာလို့ကောင်းမှာ နောက်တော့လည်းအဆင်ပြေရင်ပြေသလိုပေါ့လေ"

'နီရဲ' လက်ကိုအတင်းဆွဲပြီး ခြေဆောင့်ကာထွက်သွားတဲ့ 'ပတ္တမြား' နောက်ကျောကို မျက်စပစ်ပြရင်း 'ရဲစို' က သူ့ဖုန်းနံပါတ်ကိုပြောပြလိုက်ပါသည်။

● ● ● ● ●



www.burmeseclassic.com

www.burmeseclassic.com

# ၆

“အံမယ်လေး မုန်းလိုက်တာ မုန်းလိုက်တာ ရှင့်အသံကို ဘယ်တော့မှမကြားချင်တော့ဘူးဆိုတာမှတ်ထားလိုက်… ‘နီရဲ’ တို့ ကပြတ်တယ်ဆိုရင်လုံးဝကိုလှည့်မကြည့်စတမ်းပြတ်တာ… ရှင့် ကိုလည်းအပြတ်ပြောထားပြီးနေပြီပဲ… နောက်အရှက်မရှိဖုန်းတွေ ခဏခဏမဆက်ပါနဲ့”

‘နီရဲ’ ရဲ့အသံက ဧည့်ခန်းအထွင်းမှာ လျှိုင်းထနေသည်။ ‘ရဲစို’ နဲ့ ‘ပတ္တမြား’ က ‘နီရဲ’ ပုံစံကိုကြည့်ပြီး တခွီးခွီးရယ်နေကြ ပါသည်။ အခုပဲစတိတ်ရှိုးသွားမလို့ အိမ်ကထွက်ခါနီးဖုန်းကဝင်





…ခဲ့တာဖြစ်သည်။ ‘ရဲစို’ ကလည်း ကိုယ်ပိုင်ဟဲန်းဒ်ဖုန်းကိုပိတ် …ာ အိမ်မှာထားခဲ့မလို့ပါ။ ပျော်ရမယ့်အချိန်မှာ ဘယ်သူ့ဖုန်းကို …လက်ခံပြီး စကားမပြောချင်ပါ။ ‘ပတ္တမြား’ ကတော့ သူ့စီးပွား …ခွင်လေးပျက်မှာစိုးပြီး ဖုန်းယူလာပါမည်။

‘နီရဲ’ ရဲ့ဖုန်းကလည်းပိတ်ထားပြီးသားပါ။ သွားခါနီးကျ …အိမ်ကဖုန်းကမြည်လာခဲ့တာဖြစ်သည်။

“အို ခုမှဒါတွေလာပြောနေလို့လည်းဘာထူးတော့မှာလဲ …င်သိထားဖို့က လူတိုင်းလူတိုင်းမှာအတ္တဆိုတာရှိကြတာချည်းပဲ …င့်တစ်ယောက်တည်းကိုပဲ မျက်နှာလိုက်ကြည့်ပြီး ဘယ်သူကမှ …လျှော့ပေးမနေနိုင်ဘူး… ကျွန်မကမိန်းမ… ပိုပြီးတော့တောင် …ချော့ခံအလျှော့ခံချင်သေးတယ်”

“အေး အလျှော့ခံချင်ရင်တော့ငါ့ဆီကိုလာခဲ့ လက်သီး …တစ်လုံးပေးပြီးလျှော့လိုက်မယ်… သူကပဲမှားသေးတယ် သူကပဲ …တစ်ပြန်စီးလူပါးဝနေတယ်… ရှုံးကိုဝင်ချင်တိုင်းဝင်ထွက်ချင်တိုင်း …ထွက်လုပ်လို့ရမယ်များမှတ်နေလား”

“မှတ်လို့ပဲ ရှင့်ရုံးကိုမလာတော့တာပေါ့… တော်ပြီတော် …ပြီ ကျွန်မဖုန်းချတော့မယ်… ရှင်နဲ့ဖုန်းပြောတာအရေးမပါဘူး …ချိန်းထားတဲ့လူကအရေးပါတယ် သွားတော့မယ် ဒါပဲ”



www.burmeseclassic.com

www.burmeseclassic.com



'နီရဲ' က စကားကိုအနိုင်ပိုင်းပြောပြီး ဖုန်းခွက်ကိုပစ်ချလိုက်ပါသည်။

"သွားမယ်ဟော့... ဒီလိုအနိုင်ပိုင်းလိုက်ရတာအတော်အရသာရှိတာပဲ... ဒင်းကငါ့ကိုများ လက်သီးနဲ့ထိုးချင်တယ်တဲ့ သေချင်လို့ ပြန်ခေါ်ချင်တယ်ဆိုရင်လည်း စကားကိုကောင်းကောင်းမွန်မွန်ပြောပါလား... စကိုင်လိုက်တည်းက ငါ့ကိုအလှမ်းမလာလို့လာအော်နေတယ်လေ... ဆားလူတွေအမြင်မှာ သူ့ကိုယ်သူပါဝါရှိတယ်ဆိုပြီးကြောပြတာ... "

အိမ်တံခါးပိတ်နေစဉ်မှာပဲ ဖုန်းသံမြည်လာတာကိုထပ်ကြားလိုက်ရသည်။

"သွားကိုင်မနေနဲ့တော့ 'နီရဲ' ရေ... နင့်လူဖုန်းထပ်ဆက်တာပဲနေလိမ့်မယ်... မြန်မြန်လာဟာ 'မာမီလုံး' ကိုလည်းဝင်ခေါ်ရဦးမှာ တော်ကြာနောက်ကျနေလိမ့်မယ်"

သုံးယောက်သားပျော်ရွှင်မြူးတူးစွာဖြင့် 'မာမီလုံး' ကိုဝင်ခေါ်ကာစတိတ်ရှိုးရှိတဲ့ ဟော်တယ်ဝင်းထဲသို့ရောက်လာခဲ့ကြသည်။ 'နီရဲ' တို့ဘလက်မှတ်မှာပါတဲ့ ခုံတွေမှာနေရာယူလိုက်ကြပေမယ့် 'မာမီလုံး' ကတော့ သူ့ဘော်ဒါတွေရှိတဲ့အနောက်ဘက်ကို ထွက်သွားဖို့ပြင်သည်။





"တို့အနောက်ကိုသွားတော့မယ် 'ရဲ' ရေ... ဒီမှာကကဲရင်လူသိပ်မြင်တယ် အနောက်ကကျတော့ရောလိုက်လို့ရတယ်... သွားတော့မယ်ဟေ့ အပြန်ကျရင်လည်းမစောင့်နဲ့တော့ အသစ်ကလေးတွေကိုပဲ ပြန်လိုက်ပို့ခိုင်းလိုက်တော့မယ်"

"ကြွ ကြွ... မနက်ဖြန်ခပ်စောစော အိမ်ကိုလာခဲ့ဖို့လည်း မမေ့နဲ့ဦးနော်... ရှူတင်ကစောစောစမှာ... 'ရဲ' ကိုလာနှိုးပေးမှဖြစ်မှာ"

"အေးပါဟယ် မပူနဲ့"

စတိတ်ရှိုးပွဲက ဆယ့်တစ်နာရီလောက်မှပြီးတာမို့ အိမ်ကိုပြန်ရောက်တော့ ဆယ့်နှစ်နာရီထိုးနေပါပြီ။ သူငယ်ချင်းသုံးယောက် ကိုယ်နဲ့ပတ်သက်တဲ့ ယောကျ်ားတွေအကြောင်းကို အတင်းပြောရင်းအရှိန်မထိန်းနိုင်တာနဲ့ဘဲ သုံးယောက်လုံးအိပ်ဖြစ်တဲ့အချိန်က ညနှစ်နာရီထိုးသွားတော့သည်။

ပုံမှန်ဆိုရင် 'ပတ္တမြား' က မနက်စောစောအိပ်ယာမှထတတ်သောသူတစ်ယောက်ဖြစ်သည်။ ဒီနေ့တော့အိပ်လို့ကောင်းကောင်းနဲ့ အိပ်နေလိုက်ကြတာ နေမြင့်တဲ့အထိအိပ်ယာကမနိုးသေးချေ။

"အင်း အဟင့် အဟင့် ဝါး ဝါး ဝါး"



www.burmeseclassic.com

www.burmeseclassic.com



ကလေးငိုသံလေးက ခပ်တိုးတိုးလေးထွက်နေရကာနေ အကျယ်ကြီးဖြစ်လာတာကြောင့် 'နီရဲ' တို့သုံးယောက်သားမျက်လုံးတွေပွင့်လာရသည်။ ဘယ်အိမ်ကကလေးငိုနေတာလည်းဆိုပြီး စဉ်းစားနေမိကြသည်။ 'နီရဲ' က အခန်းထဲကနေထွက်ကာ 'ပတ္တမြား' အခန်းဆီကိုလှမ်းကြည့်လိုက်သည်။

'ပတ္တမြား' ရဲ့အခန်းတံခါးကလည်းပွင့်လာကာ မေးလေးဆတ်ပြီးဘာလဲဆိုတဲ့ပုံစံမျိုးဖြင့် မေးနေတာကြောင့် 'ရဲစို' အခန်းဘက်ဆက်လျှောက်လာတော့...

"ဟဲ့ ဘယ်ကကလေးငိုနေတာလဲ... ကြားနေတာတော့ကြာပြီ... တစ်ခြံနဲ့တစ်ခြံဒီလောက်လည်းမနီးပါဘူး... ငါတို့ပတ်ဝန်းကျင်ကပဲကြားနေရတာ... "

ဟု 'ရဲစို' က အသိပေးသလိုပြောလာသည်။

"အေး ကလေးငိုသံကြားလို့ ငါတို့လည်းအခုပဲအိပ်ယာကနေထလာကြတာ... အောက်ထပ်ကထင်တယ် ဘယ်သူများရောက်နေသလဲမသိပါဘူး... သြော် 'မာမီလုံး' လားမသိဘူး... ဒင်းကခပ်ရှုပ်ရှုပ်ရယ်... ဘယ်သူ့ကလေးကိုခေါ်လာပြီး အထိန်းလုပ်နေသလဲမှမသိတာ"

'မာမီလုံး' လို့ထင်ကာ အောက်ထပ်ကိုဆင်းလာမိကြ





သည်။ ကလေးငိုသံကပိုပြီး ပီပီပြင်ပြင်ကြားလာရတာကြောင့် အိမ်တံခါးသော့ကိုပြေးယူပြီး ဖွင့်ကြည့်လိုက်မိကြသည်။

"ဟယ်..."

"ဟောတော့"

"ဟင်..."

သုံးယောက်လုံးနှုတ်ဖျားကထွက်လာတဲ့ အံ့သြတကြီးလေသံတွေက ပြိုင်တူဖြစ်ကုန်သည်။ အောက်ခြေကြွေပြားခင်းကြမ်းပြင်မှာ ဘဲဥပုံကြိမ်ခြင်းတောင်းဝိုင်းဝိုင်းကြီးထဲ ထည့်ခံထားရတဲ့ ချစ်စရာကလေးလေးတစ်ယောက်က အာခေါင်ကိုခြစ်ပြီးအော်ငိုနေပါသည်။

"ဒုက္ခပဲ... ဘယ်သူ့ကလေးလေးလည်းမသိပါဘူး အိမ်ရှေ့မှာတယ်လိုလုပ်ပြီး ရောက်နေရတာလဲ... "

"ဘယ်လိုလုပ်မလဲ... ငါတို့ကိုအရှုပ်လာလုပ်သွားတာ ကလေးတစ်ယောက်ကို ဒီလိုလာပစ်သွားလို့ရမလား..."

"ဟုတ်တယ် ရဲစခန်းကိုအကြောင်းကြားလိုက်ရင်ကောင်းမယ်နဲ့တူတယ်နော်"

ကလေးငိုသံကလည်း အကျယ်ကြီးထွက်နေသည်။ အထဲထဲမှာ မနေချင်လို့ အော်ငိုနေတာပဲဖြစ်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ထဲအရင်ခေါ်လိုက်မယ်ဟယ်... ပြီးမှလုပ်သင့်တာဆက်လုပ်ကြမယ်... ကလေးငိုနေတာသနားပါတယ်... မျက်နှာတွေတောင်နီရဲတွတ်နေပြီ"

'ပတ္တမြား' က အရင်ကြိမ်ခြင်းတောင်းကြီးကိုမကာ အိမ်ထဲသွင်းလိုက်ပါသည်။ ပြီးတော့သူကပဲ ကလေးကိုကောက်ချီပစ်လိုက်သည်။ သုံးလသားလောက်အရွယ်ရှိမည့် ကလေးလေးက ဝဝတုတ်တုတ်နဲ့ တကယ့်ကိုချစ်စရာကောင်းလွန်းပါသည်။

"အိုး တိတ် တိတ် မငိုနဲ့နော်... ကျွတ် ကျွတ် တိတ် အေး အေး မငိုနဲ့တော့နော်"

ကလေးလေးကို ဟိုဒီဖေ့ယမ်းကာ အငိုတိတ်အောင်သူ့ကိုယ်ခန္ဓာကိုပါ လှုပ်ပတ်နေလေသည်။

"ဟယ် ဒီမှာစာလေးတစ်စောင်တော့ ဖတ်ကြည့်မယ်"

'ရဲစို' က သူအရင်မြင်တွေ့သည် စာလေးတစ်စောင်ကို ဖွင့်ဖတ်ကြည့်ရင်း အသံထွက်အောင်ရွတ်ပြနေသည်။

"ကလေးက မိကောင်းဖခင်သားသမီးပါ... လက်ထပ်ထားလို့မဖြစ်တော့တဲ့အခြေအနေမို့ စိတ်ချရသောဤအိမ်ကြီးမှာ ခဏလာအပ်ထားရခြင်းဖြစ်ပါတယ်... ကိစ္စတွေအားလုံးရှင်းပြီးတာနဲ့ ကလေးကိုပြန်လာခေါ်ပါ့မယ်... ရဲစခန်းကိုတော့မပို့





လိုက်ပါနဲ့နော်... ကလေးအတွက် ဒုက္ခပေးမယ့်သူတွေကရှိနေလို့ပါ... စေတနာကိုရှေ့တန်းတင်ပြီး ကလေးလေးကိုစောင့်ရှောက်ပေးပါလို့ အနူးအညွတ်တောင်းပန်အပ်ပါသည်တဲ့... ဘာလဲ ရှုပ်နေတာပဲ ဒီကလေးမှာဘာအန္တရာယ်တွေများ ရှိနေသလဲမသိဘူးနော်... ငယ်ငယ်လေးနဲ့သနားပါတယ်ဟယ်"

"သနားတာကအရေးမကြီးဘူး သူ့ပြဿနာတွေပါငါတို့ဆီအမှုလာပတ်ရင် ဘယ်လိုလုပ်မလဲ... ရဲစခန်းကိုအကြောင်းကြားလိုက်တာပဲ ကောင်းမယ်နဲ့တူတယ်"

'နီရဲ' ကတော့ သူများအပူတွေကို မယူချင်ပါ။ ကလေးလေးကိုမြင်လိုက်တာနဲ့ ချစ်မိပေမယ့် နောက်ဖြစ်လာမယ့်မမြင်သော ပြဿနာတွေကိုမရှင်းချင်ပါ။ ဘယ်လိုဇာတ်ရှုပ်တစ်ခု အိမ်ပေါ်ရောက်လာရတာလဲမသိပါ။

"ချက်ခြင်းကြီးတော့ ရဲစခန်းမပို့ပါနဲ့ဦးဟယ်ခဏစောင့်ကြည့်လိုက်ပါဦး... ကလေးပို့တဲ့လူကလည်း ဒါကိုမစဉ်းစားမိမှာမဟုတ်ပါဘူး... သူ့ခမြာအခက်တွေ့နေလွန်းလို့ မိန်းမတွေကြီးပဲနေတဲ့ငါတို့အိမ်ကိုပို့လိုက်တာပဲနေမှာ... "

'ပတ္တမြား' လက်ထဲမှာအနည်းငယ်ငြိမ်သက်သွားသော ကလေးလေးဆီကနေ ငိုသံပြန်ထွက်လာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငိုနေပြန်ပြီတော့ တစ်ခုခုဖြစ်နေလို့များလားမှမသိတ

သူ့ကိုပတ်ထားတဲ့အနှီးကို ဖွင့်ကြည့်လိုက်ရအောင်... ပုရွက်စိ

တွေဘာတွေများ ကိုက်ခံထိနေလားမသိဘူး"

"အေး အေး ဟုတ်တယ်... 'နီရဲ' ရော့ နင်ခဏပွေ့ချီ

ဆိုဖာပေါ်ချကြည့်လိုက်... ငါလက်အံသေချင်သလိုဖြစ်လာလို့

'နီရဲ' က ကလေးကိုညင်သာယုယစွာဖြင့် လက်ပြောင်

ယူပြီး ဆိုဖာပေါ်ခပ်ဖြည်းဖြည်းချလိုက်ပါသည်။ တဆက်တည်

ဆိုသလို ကလေးရဲ့အနှီးကိုလည်း ဖြည်ချကာပုရွက်စိတ်များတွေ

လိုတွေငြား ချောက်ရှာကြည့်နေမိသည်။

"ဟယ် ဘာတွေလဲ..."

'နီရဲ' လက်မှာစိုစိစိပျော့ဖတ်ဖတ်အရာတွေကပ်ပါလ

တာမို့ အနီးကပ်ကြည့်လိုက်မိသည်။

"အီးတွေတော့... ကလေးကအီးတွေပါထားတာ အံမ

လေး ရွံလိုက်တာ အီးတွေငါ့လက်ကိုပေကုန်ပြီ လုပ်ပါဦး 'ရဲ

ရဲ... နင်ကဘယ်ကိုပြေးမလို့လဲ"

"ဟင့်အင်း ငါလည်းမလုပ်တတ်ဘူး... ကလေးဖင်

ဆေးပေးရအောင် တစ်ရှူးသွားယူလိုက်မယ်... ဆိုဖာတွေပေကု

လိမ့်မယ် နင်နောက်ဖေးကိုမ,လာခဲ့လိုက်"





'နီရဲ' သည်အီးပေတဲ့လက်ကို အနီးဖြင့်အရင်သုတ်လိုက်

ကာ ကလေးလေးကို ပွေ့ချီလိုက်ရပါသည်။ တစ်သက်နဲ့တစ်

ကိုယ် ဒီလိုအလုပ်မျိုးမလုပ်ဖူးတာကြောင့်လည်း 'နီရဲ' ရဲ့မျက်နှာ

ကရှုံ့မဲ့ကာ စိတ်ပျက်ပြီးမျက်ရည်ပါဝဲနေရသည်။

တစ်ကိုယ်တည်း လွတ်လွတ်လပ်လပ်နေချင်လို့ အပူ

မရှာဘဲနေနေကာမှ ဒီလိုအဖြစ်မျိုးနဲ့ကြုံတွေ့နေရတဲ့အတွက်စိတ်

ထဲမှာခံစားနေရသည်။ 'ရဲစို' ကလည်း သူပဲလုပ်ပေးတော့မလိုလို

နဲ့ တကယ်တမ်းလည်းကျရော ပြေးလိုက်တာ။

"မြန်မြန်ခေါ်လာခဲ့လေ... ငါလုပ်ပေးမယ်"

ကလေးလေးကို ထမင်းစားပွဲပေါ်မှာပဲ တင်ထားလိုက်

ကာ 'နီရဲ' ကနောက်ဖေးရေချိုးခန်းဆီသို့ ပြေးလာခဲ့လိုက်သည်။

'ရဲစို' သူ့ဖါသာသူ ကြည့်လုပ်ပေးလိမ့်မည်။ ကိုယ့်လက်ကလွတ်

မြောက်ဆိုသလိုပဲ 'နီရဲ' ကတော့ ရှောင်နေလိုက်ပါမည်။

"'ပဉ္စမြား' ရေ... ငါ့ကိုအခန်းထဲကမျက်နှာသုတ်ပုဝါ

တစ်ထည်ယူပေးပါ... ကလေးကိုပြန်ပတ်ပေးရအောင် ငါဖင်ဆေး

ပေးမယ်"

'ရဲစို' က သူ့အမြဲတမ်းခေါင်းကဆံပင်တွေကို ဆက်တင်

လိပ်ရင်ဖြန်းနေကြဖြစ်တဲ့ ရေပန်းစပရေးဘူးလေးကိုကိုင်ကာ က



www.burmeseclassic.com

www.burmeseclassic.com



လေးရဲ့ဖင်ကိုတရှုံးရှုံးနဲ့နေအောင်ဖြန်းနေသည်။

"နှင့်ဘူးကိုဆေးပြီးရဲ့လား... တော်ကြာဆေးတွေပါရင် ကလေးဖင်လောင်သွားဦးမယ်နော်"

"ဒါကရေပုလင်းသပ်သပ်ပါ... ကဲပါ ငါယူနိုင်းတာမြန်မြန်သွားယူစမ်းပါ... ကလေးအအေးမိသွားမှာစိုးရတယ်"

ကလေးဖင်ကြားထဲကိုတော့ မနိုက်ရဲတာကြောင့်ရေတွေပဲတရှုံးရှုံးနဲ့နေအောင် ဖြန်းထည့်ပစ်လိုက်သည်။ အေးလို့လား မသိ။ ကလေးကအာခေါင်ခြစ်ကာ အော်ငိုလေသည်။

"ကလေးဖင်ဆေးတာများ ရေနွေးလေးဘာလေးနဲ့ဆေးတာမဟုတ်ဖူးဟယ်... ရေအေးကြီးနဲ့များလုပ်ရတယ်လို့ ဖျားနာနေရင်ဒုက္ခပဲ"

"အံမယ်လေး ဒီလောက်လုပ်ပေးတာလောက်ကို ကျေးဇူးတင်ပါနော်... ဘယ်သူ့မှကလေးကိစ္စလုပ်တတ်တဲ့သူမရှိဘူး အပျိုတွေဟဲ့အပျိုတွေ"

'နီရဲ' က 'ပတ္တမြား' ယူလာပေးတဲ့မျက်နှာသုတ်ပုဝါလေးနဲ့ကလေးကိုပတ်ကာ အိမ်အပေါ်ထပ်ကိုတက်လာခဲ့လိုက်ပါသည်။

"'ပတ္တမြား' ကတော့လုပ်တော့မယ်... ငါ့ပုဝါအသစ်ကို





မှယူလာတယ်... ဒီနေ့စာတော်ဝင်ခန်းမှာသုံးဖို့ ဒါရိုက်တာကပေးလိုက်တာ... ဟော ဘဲလ်တီးသံကြားတယ်... 'မာမီလုံး' လာပြီထင်တယ်... ကလေးကိုအပေါ်ထပ်မှာပဲ ပိပိရိရိထိန်းထားလိုက်တော့... ဘယ်သူမှမသိစေချင်ဘူး... တော်ကြာ 'ရဲရဲစို' တိတ်တိတ်ခိုးယောက်ျားရထားပြီးကလေးတစ်ယောက် ရှိနေတယ်ဖြစ်နေမယ်... 'မာမီလုံး' တို့ကလူရင်းသာဆိုတယ် ဒါမျိုးသတင်းဆိုသူတထိပ်ဆုံးကဖြန့်ချင်နေတာ... မြန်မြန်ပဲသွားတော့မယ် "

"အေး အေး"

'ပတ္တမြား' က 'နီရဲ' ကိုကူဖို့အတွက် အပေါ်ထပ်သို့ခပ်မြန်မြန်လေးပြေးတက်လာခဲ့လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# ၇

ကလေးတစ်ယောက် လက်ထဲရောက်လာပြီဆိုမှတော
ဒီကလေးရဲ့လိုအပ်ပတ်သက်သမျှကို ဖြည့်ဆည်းပေးရမှာက တ
ဝန်တစ်ခုလိုဖြစ်လာခဲ့ပါသည်။

'ရဲရဲစို' ကတော့ လူအများကြီးနဲ့ပတ်သက်ပြီး လုပ်ကို
နေရတဲ့သူတစ်ယောက်ဖြစ်နေတာကြောင့် နောက်ဆုံးတင်းစ
ကိစ္စရှိနေပေမယ့်လည်း စိတ်ကိုဖြတ်ပြီးထွက်သွားခဲ့ပါပြီ။ ရှု
ကနေ စောစောပြန်လာမယ်လို့တော့ အော်သွားသေးသည်။

"ကလေးအတွက် လိုအပ်တဲ့ပစ္စည်းတွေ ငါသွားဝ
လိုက်ဦးမယ်... တော်သေးတာပေါ့ ဟိုတစ်ယောက်နဲ့ကွိုင်တ





ထားတုန်း ဒီဘက်မှာဒီလိုမျိုးဖြစ်နေလို့... ရုံးကိစ္စသာရှိရင်ကြည့်
နိုင်မှာကိုမဟုတ်ဘူး"

"နင်ဈေးဝယ်ပြီးတာနဲ့ပြန်လာမှာမဟုတ်လား... ငါက
ဝယ်လက်တစ်ယောက်နဲ့ နေ့ခင်းပိုင်းလောက် ချိန်းထားသေး
တယ်... သိပ်တော့ကြာမယ်မထင်ပါဘူး... ကိစ္စပြီးတာနဲ့ငါပြန်
လာမှာပါ"

"ရတယ်လေ... ငါအခုပဲသွားလိုက်မယ်...ကလေးကိုသေ
ချာကြည့်ထားလိုက်နော်... အပြင်လူစိမ်းအိမ်ကိုလာရင်လည်းဖွင့်
မပေးနဲ့... တော်ကြာ ကလေးကိုဒုက္ခပေးတဲ့သူတွေ ဖြစ်နေမှာစိုး
ရတယ်"

'နီရဲ' က ပိုက်ဆံအိတ်ကိုကောက်လွယ် ကားသော့ကိုယူ
ကာ ခပ်မြန်မြန်ပဲထွက်လာခဲ့လိုက်ပါသည်။ လမ်းသွယ်ထဲကနေ
ကားကိုချိုးကွေ့လိုက်တာနဲ့ 'နီရဲ' ရဲ့ကားနောက်ကနေ 'ခန့်ချော'
ရဲ့ကားက ချက်ချင်းလိုပါလာပါတော့သည်။ ဘယ်အချိန်တည်း
ကများ စောင့်စားနေသလဲမသိပါ။

"တောက် ရှုပ်လိုက်တာကွာ... ကိုယ့်မှာကကိစ္စတွေရှိနေ
သေးတယ်... ရန်မဖြစ်ပါရစေနဲ့"

'နီရဲ' က ကားကိုရှောင်ကွင်းပြီးမောင်းနေပြန်ရင်လည်း



www.burmeseclassic.com

www.burmeseclassic.com



လိုရာခရီးကိုကြန့်ကြာနေမှာစိုးတာကြောင့် ကိုယ့်ရဲ့ဦးတည်ရာဖြစ်တဲ့ ရန်ကင်းစင်တာကိုပဲ မောင်းလာခဲ့လိုက်ပါသည်။

ကားပါကင်မှာကားကိုထိုးရပ်ပြီး ကားသော့ကဆင်းလိုက်တာနဲ့ ဝုန်းကနဲဆို 'ခန့်ချော' အနားကိုရောက်လာခဲ့လေသည်။ လက်ကိုလည်းဗရမ်းဗတာ ဆွဲထားလိုက်သေး၏။

"လွှတ်နော် နေရင်းထိုင်ရင်း ပြဿနာလာရှာမနေနဲ့... ရန်မဖြစ်ချင်လို့ ရုံးကိုတောင်မလာတာ... ခပ်အေးအေးနေရင်ကောင်းမယ်"

ဟု 'နီရဲ' က ပတ်ဝန်းကျင်ကိုကြည့်ပြီး အံကြိတ်ပြီးပြောလိုက်သည်။ ဒင်းကိုလူတွေကြားထဲမှာ အော်ကြီးဟစ်ကျယ်သိပ်လုပ်လို့မဖြစ်ချေ။ ရှက်တတ်တဲ့အမျိုးအစားထဲမှာ 'ခန့်ချော' မပါဝင်တာကိုသိနေတာကြောင့် တိုးတိုးကျိတ်ကျိတ်ပဲပြောမှဖြစ်ပါမည်။ 'ခန့်ချော' ဆိုတဲ့လူဟာ 'နီရဲ' လိုပဲ နေရာတကာသိမ်ကိုအရှုံ့တိုက်တတ်သောသူတစ်ယောက်ဖြစ်သည်။

"အေးအေးနေလို့ရမလားကွ... မင်းလုပ်ပုံတွေဟုတ်မှမဟုတ်တာ... နေရင်းထိုင်ရင်းဘာမဟုတ်တာလေးနဲ့ မင်းငါ့ကိုဖြတ်လို့ရမယ်လို့ထင်နေလား... ဒီမှာတစ်ယောက်ဟိုမှာတစ်ယောက်ပုံစံအချိုးမျိုးတော့လာမချိုးနဲ့ တစ်ခါတည်းအသေကို





သတ်ပစ်လိုက်မယ်မှတ်ထား"

"ကျွန်မတောင်းပန်ပါတယ်... ခုချိန်မှာဘာစကားမှပြန်မပြောချင်ဘူး... ရှင်ခပ်ဝေးဝေးမှာနေရင်ကောင်းမယ်... ကဲ ပြန်လိုက်ပါရှင်... နောက်မှဖုန်းဆက်ပြီး ဆွေးနွေးကြမယ်"

'နီရဲ' က ခြေလှမ်းကိုစလှမ်းလိုက်သည်။ ဒီအချိန်မှာပဲ ဖုန်းကမြည်လာသည်။

"ဟယ်လို..."

"'နီရဲ' ရေ... နို့မုန့်ဘူးမေ့ဦးမယ်နော်... ကလေးကဆာနေပုံရတယ်... နို့ဗူးလှလှလေးလည်းထည့်ဝယ်ခဲ့နော်... ကလေးအသုံးအဆောင်မှန်သမျှ ဝယ်ခဲ့ဟာ... 'ရဲစိုး' လည်းအခုပဲဖုန်းဆက်တယ်... ကျသင့်ငွေကိုငါတို့သုံးယောက်မျှခံကြမယ်တဲ့ ကပ်စေးနည်းမနေနဲ့ဦး"

"အေးပါ ငါဝယ်ခဲ့မယ်"

ဖုန်းခလုတ်ကိုပိတ်ပြီး သူ့လက်ကနေလွှတ်အောင်ခြေလှမ်းကိုမြန်မြန်လှမ်းလိုက်ပေမယ့် ဘေးကနေထပ်ချပ်မခွာလိုက်ပါလာလေသည်။ သူလိုက်လာလို့ 'နီရဲ' ဝယ်နေတဲ့ပစ္စည်းတွေကိုကြည့်ပြီး မေးမြန်းစပ်စုရင်တော့ သေတာပါပဲ။ ကိုယ့်ရဲ့အိမ်မှာဖြစ်ပျက်နေတဲ့ကိစ္စအားလုံးကို သူ့အားအသိမပေးချင်တာ 'နီရဲ'



www.burmeseclassic.com

www.burmeseclassic.com



မမှားပါ။ ချစ်သူတစ်ယောက်ကအိမ်ဦးနတ်လိုတော့ နေရာမရနိုင်တာ အသေအချာပါ။

“မင်းပုံစံကတစ်ခုခုအတွက် စိတ်လောကြီးနေသလိုပဲ… ဘာတွေဖြစ်နေတာလဲ ‘နီရဲ’ ရာ… ပြဿနာဖြစ်နေတယ်ဆိုရင်လည်း ကိုယ့်ကိုပြောစမ်းပါ… ကိုယ်ဖြေရှင်းပေးပါရစေ”

သက်ပြင်းကိုဟင်းကနဲနေအောင်ချလိုက်ရင်း ‘နီရဲ’ က စိတ်တိုစွာပြန်ပြောလိုက်မိသည်။

“ရှင်ကျွန်မနောက်ကနေလိုက်နေတာကိုက ပြဿနာဖြစ်နေတာကို ရှင်မသိဘူးလား… မလိုက်လာပါနဲ့… လူတိုင်းလူတိုင်းမှာကိုယ်ရေးကိုယ်တာကိစ္စတွေဆိုတာ ရှိစမြဲပဲ… ချစ်သူဖြစ်နေယုံနဲ့တော့ ကျွန်မရဲ့ကိစ္စတိုင်းကို ရှင်ပါလို့ရမယ်မထင်ပါနဲ့. ရှင်ဖွတ်ရှေ့တိုးရင် ကျွန်မနဲ့ပိုဝေးသွားယုံပဲရှိလိမ့်မယ်နော်… ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်မရင်ထဲမှာရှင်ရှိနေသေးတယ်… ရှင့်ကိုချစ်နေသေးတယ်… အဲ့ဒီစိတ်လေးတွေပျောက်သွားအောင် ရှင်လိုက်လုပ်မနေပါနဲ့”

‘နီရဲ’ အား ‘ခန့်ချော’ က ဒေါသဖြစ်စွာဖြင့် မျက်လုံးကြီးပြူးကာစိုက်ကြည့်နေမိသည်။ ဒီမိန်းမဘယ်လိုဖြစ်သွားရတာလဲ။ ခါ တိုင်းတုန်းကလည်း စိတ်ဆိုးစိတ်ကောက်ဆိုတာမျိုးတွေ ရှိနေခဲ့





တာပဲမဟုတ်လား။ အခုတစ်ခေါက်ကျမှ ချက်ခြင်းမပြေပျောက်နိုင်ဘဲ ရန်လိုမှုတွေပြင်းထန်နေတာ ဘာအကြောင်းကများစေ့ဆော်မှုတွေ၊ တွန်းအားပေးမှုတွေရှိနေလို့ပါလဲ။

‘နီရဲ’ ကိုသိပ်ချစ်လွန်းအားကြီးလွန်းလို့ ကုမ္ပဏီမှာတောင် အပျင်းလည်းပြေ၊ သူ့အနားမှာလည်းနေရစေဆိုတဲ့စိတ်ကူးနဲ့ လုပ်ချင်တာလုပ်ပေးလုပ်ထားခဲ့တဲ့သူပါ။ ‘ခန့်ချော’ ဘက်ကသိပ်ချစ်တတ်သလို သိပ်ပြီးတော့လည်းသဝန်တွေတိုတတ်တာကိုသူသိနေရဲ့နဲ့များ ဖုန်းထဲကနေ တခြားတစ်ယောက်ယောက်နဲ့ချိန်းပြီးသွားနေသလိုလိုမျိုးတွေ ပြောနေတာဟာ ‘ခန့်ချော’ ရဲ့အချစ်ကို သက်သက်စော်ကားနေတာနဲ့မတူပေဘူးလား။

ချစ်လွန်းလို့မိဘတွေကိုလည်း အသိပေးကာ လက်ထပ်မယ့်ရက်ကိုတိုက်တွန်းခိုင်းပေမယ့် အကြောင်းပြချက်ရေရေရာရာမရှိဘဲ နှောက်ဆုတ်နေတာကို အသည်းယားနေတာကြာလှပါကောလား။

‘နီရဲ’ အခုဖြစ်နေတဲ့ပုံစံက အရင်အချိန်တွေတုန်းကလို မဟုတ်ဘဲ ‘ခန့်ချော’ ကိုတွေ့လိုက်တာနဲ့ တစ္ဆေတစ်ကောင်ကိုတွေ့နေရသလိုမျိုးမို့ ပိုပြီးစိတ်တိုကာ သူမ သွားတဲ့နောက်ကို တကောက်ကောက်လိုက်နေမိတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခုလည်းကြည့်ပါဦး။ ဘေးကနေအတူပါလာတဲ့သူကို အားမနာနိုင်ဘဲ သူတစ်ယောက်တည်းဈေးဝယ်ထွက်နေသလိုမျိုး လိုချင်တာတွေ တွန်းလှည်းထဲထည့်ကာ ရှေ့ကနေကော့ကော့ မော့မော့သွားနေတာ အနောက်ကဆောင့်ကန်ပစ်လိုက်ချင်စရာ ပါ။

သူငယ်ချင်းနှစ်ယောက်နဲ့အတူ ပေါင်းပြီးနေနေတဲ့ 'နီရဲ' လိုမိန်းမက ဘာအကြောင်းနဲ့ ကလေးနဲ့ပတ်သက်တဲ့ပစ္စည်းတွေ ကိုတစ်ပုံတစ်ပင်ဝယ်နေရတာလဲ။ လက်ဆောင်ပစ္စည်းပေးဖို့ဆို ရင်လည်း ဒီလောက်ကြီးဝယ်နေစရာမလိုပါ။ အခု သူမ ဝယ်နေ တာက တွန်းလှည်းတစ်လုံးပြည့်မောက်လျှံမတတ်ကိုဖြစ်နေ၏။

မိခင်တစ်ယောက်က ကိုယ့်ကလေးအတွက်လိုလေသေး မရှိဈေးထွက်ဝယ်သလိုကိုဖြစ်နေပါသည်။ 'နီရဲ' လုပ်ပုံကိုင်ပုံတွေ ကိုကြည့်ပြီး အတော်ကြီးကိုအချဉ်ပေါက်လာရသည်။

တွန်းလှည်းရှေ့ကနေပိတ်ရပ်ကာ 'နီရဲ' နဲ့မျက်နှာချင်း ဆိုင်ရပ်ပစ်လိုက်ပါသည်။

"မင်းကလေးပစ္စည်းတွေ ဒီလောက်အများကြီးဝယ်နေ တာ ဘာအတွက်လဲ... လက်ဆောင်ပစ္စည်းပေးဖို့လို့မပြောနဲ့... ငါမယုံဘူး မင်းနဲ့ပတ်သက်နေလို့ စေတနာပိုစွာနဲ့ဝယ်နေတာလဲ





ဖြစ်ရမယ်"

'နီရဲ' ကမျက်လုံးကိုတမင်မှေးကျဉ်းပြီး လူမှန်းအောင် ကြည့်လာသည်။ မိန်းမဖြစ်ပြီး အဲ့ဒီလိုခံတန်တန်မျက်နှာပေးတွေ ကို သူကအမြင်ကတ်တာ။

"ရှင်ကြိုက်သလိုထင်နိုင်တယ်... လက်ဆောင်ပစ္စည်းပေး ဖို့လည်းမဟုတ်ဘူး... အပွင့်လင်းဆုံးပြောရရင် ကျွန်မနဲ့ပတ် သက်တဲ့ကလေးအတွက် ရှင်းပြီလား"

"ဘာလဲ 'ရဲရဲစို' ရဲ့ကလေးလား ဒါမှမဟုတ် 'ပတ္တမြား' ရဲ့ကလေးလား... လူတွေအမြင်မှာတော့ စတယ်လ်နဲ့နေပြီးဟိုး အရင်တုန်းကရှုပ်ခဲ့တဲ့ဇာတ်ထုပ်တွေကို အခုမှပြန်ပြီးတာဝန်ယူ နေရတာလား ပြောပြစမ်းပါ"

"ဘယ်သူ့ကလေးဆိုတာတော့ ကျွန်မလည်းမပြောနိုင် ဘူး... အပွင့်လင်းဆုံးပြောရရင် တစ်အိမ်တည်းမှာအတူတူတွဲနေ နေတဲ့ 'နီနီရဲ' 'ရဲရဲစို' 'ပတ္တမြား' ဒီမိန်းမသုံးယောက်နဲ့ပတ်သက် တဲ့ကလေးဖြစ်နေတာတော့သေချာတယ်... ရှင့်ကိုဒီ့ထက်လည်း ပိုမပြောပြနိုင်တော့ဘူး သွားမယ် ဖယ်ပေးတော့"

ဖယ်ပေးတော့လို့ပါးစပ်ကသာပြောပေမယ့် 'ခန့်ချော' အား တွန်းလှည်းနဲ့ဆောင့်ပြီး တွန်းထုတ်သွားခဲ့တာပါ။ 'ခန့်ချော'



www.burmeseclassic.com

www.burmeseclassic.com



ကတော့ 'နီရဲ' ပြောသွားတဲ့စကားမှာ ရှောခ်ရနေရပြီဖြစ်သည်။

မိန်းမသုံးယောက်ထဲက တစ်ယောက်ယောက်ရဲ့ကလေး ဆိုတာအသေအချာကိုပြောသွားခဲ့တာပါလား။ 'ရဲရဲစို' နဲ့ 'ပတ္တမြား' ရဲ့ကလေးမဟုတ်ခဲ့ရင် ကလေးက 'နီရဲ' ရဲ့ကလေးဖြစ်မနေပေဘူးလား။

ဒါဆိုရင် 'နီရဲ' ဟာ အပျိုစစ်စစ်တစ်ယောက်မဟုတ်ဘဲ ဟန်ဆောင်ထားတဲ့ မိန်းမလည်တစ်ယောက်ဖြစ်နေလေသလား။ သူ့ရင်ထဲမှာရှိနေတဲ့ အချစ်စစ်စစ်တွေကို ဘယ်လိုများဖယ်ထုတ်ပစ်လိုက်ရမလဲ။

'နီရဲ' 'နီရဲ'...။ သူမမှာ ရှင်းလို့မရနိုင်သေးတဲ့ဇာတ်ထုပ်တွေရှိနေလို့များ သူနဲ့လက်ထပ်ဖို့ကိစ္စကို ရှောင်လွှဲနေလေသလား။ တွေးလိုက်ယုံနဲ့ သူ့အသည်းတွေအေးစက်သွားရကာ ရင်ထဲမှာကျဉ်စက်နဲ့အတို့ခံရသလို ထွန့်ထွန့်လူးချင်သွားရလေသည်။

သူ့အချစ်တွေကို 'နီရဲ' မဇော်ကားလိုက်ပါနဲ့။ ရီဝေသောအကြည့်တွေနဲ့ ငေးငေးကြီးကြည့်နေခဲ့တဲ့ 'ခန့်ချော' ကိုကြည့်ပြီး 'နီရဲ' ရင်ထဲဆွေးသွားခဲ့ရသည်။ ဒီလောက်အထိပြောလိုက်ဖို့လည်း 'နီရဲ' မရည်ရွယ်ထားခဲ့ပါ။ ဇွတ်တရွတ်နိုင်လှသောသူ့လုပ်





ရပ်ကြောင့်သာ ဒေါသဖြစ်ဖြစ်နဲ့ သူခံပြင်းသွားအောင် ပြောထည့်လိုက်တာပါ။

ဟင်း...။ ရင်ထဲကအမောကိုဖြေချရင်း အိမ်ကိုရောက်အောင်သာအမြန်ပြန်ချလာခဲ့လိုက်ပါသည်။ တကယ်ချစ်တဲ့ဆိုရင် 'နီရဲ' မှာဘယ်လိုပြစ်ချက်တွေပဲရှိနေပါစေ သူအနစ်နာခံပြီးချစ်ပြနိုင်ရမှာမဟုတ်လား။

'နီရဲ' ကတော့ ခွင့်လွှတ်စိတ်မွေးပြီး ချစ်လာမယ့် သူ့ရဲ့အချစ်ကိုပဲ မျှော်လင့်နေမိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# ၈

တံခါးဘဲလ်မြည်သံ တီးတောင်ဆိုတဲ့အသံကိုကြားလိုက်ရတာကြောင့် သုံးယောက်စလုံးတစ်ယောက်ကိုတစ်ယောက်ပြိုင်တူကြည့်လိုက်မိကြသည်။

ခြံစောင့် 'ဦးလေးထွေး' ကတော့ လူရင်းမဟုတ်ရင်တံခါးကိုဖွင့်ပေးမှာမဟုတ်ပါ။ 'ရဲစို' နဲ့ပတ်သက်တဲ့ဒါရိုက်တာ တွေပဲလား၊ ထုတ်လုပ်သူ၊ ပြီးတော့ 'ပတ္တမြား' ရဲ့ကုန်သည်တွေ 'နီရဲ' နဲ့ပတ်သက်လို့ကတော့ လာစရာဆိုလို့ 'ခန့်ချော' တစ်ယောက်တည်းသာရှိသည်။





'ခန့်ချော' နဲ့ကလည်း ရန်ဖြစ်ထားတာမို့ အိမ်ကိုလာစရာအကြောင်းကိစ္စကသိပ်မရှိ။ 'နီရဲ' က ပွေ့ချီထားတဲ့ကလေးထိုပိုက်ကာ အိမ်ထဲပြေးဝင်တော့မလို့လုပ်နေရင်း...

"နင်တို့နှစ်ယောက်သွေ့သည်ပဲနေလိမ့်မယ်... တံခါးဖွင့်ပေးလိုက်ဦး... ကလေးမငိုအောင် ငါအိမ်ပေါ်တက်ပြီးထိန်းထားလိုက်မယ်... ဒုက္ခပဲ အေးအေးဆေးဆေး ညပိုင်းလေးတောင်မနေရဘူး တကယ်"

'ပတ္တမြား' က ချောင်းကြည့်ပေါက်လေးကနေ အပြင်ဘက်ကိုကြည့်လိုက်မိပါသည်။ ပန်းစည်းတစ်စည်းကိုင်ကာ ပြုံးချိုချိုမျက်နှာနဲ့ရပ်နေသော လူတစ်ယောက်ကိုအတွေ့ စိတ်ညစ်သွားရလေသည်။

'ရဲစို' ဆီကိုအပြေးပြန်လာလိုက်ကာ ခပ်တိုးတိုးပြောပြလိုက်မိသည်။

"နင့်အစ်ကိုလေ... မိုးထင်' ဆိုတဲ့လူ... တစ်သက်နဲ့တစ်ကိုယ်တစ်ခါမှဖြင့်မလာဖူးဘဲ အခုမှဘာလာကြောင်နေသလဲမသိပါဘူး... သွား သွား ဖွင့်ပေးလိုက်"

"စိတ်ညစ်လိုက်တာဟာ... လာတဲ့အကြောင်းက နင်နဲ့ပတ်သက်ချင်လို့ပဲဖြစ်မှာ"



www.burmeseclassic.com

www.burmeseclassic.com



ဆောင့်အောင့်ထသွားသော 'ရဲစို' ကိုကြည့်ပြီး 'ပတ္တမြား' က ပိုက်ဆံအိတ်ကိုဖွင့်ကာ လက်ထဲမှာရှိသောပစ္စည်းတွေကိုပြန်စစ်သလိုလုပ်နေလိုက်ပါသည်။ ဆိုဖာမှာငုတ်တုတ်ထိုင်ပြီး ကြို ဆိုနေရမယ့်ပုံစံမျိုးတော့လည်း အဖြစ်မခံချင်။

"ဘယ်သူများလည်းလို့ ကြည့်စမ်း... ထူးထူးခြားခြား ဧည့်သည်ဖြစ်နေပါလား"

"အံ့သြသွားလား"

"အံ့သြတာပေါ့... ခြံဝကိုဘယ်လိုပြောပြီးဝင်လာသလဲ"

" 'ရဲစို' ရဲ့အစ်ကိုဆိုပြီး ခပ်ကည့်တည်ပြောလိုက်တာပေါ့ စစ်ဆေးနေတာမပြီးတော့ဘူး... 'ပတ္တမြား' ကောရှိလား"

"ရှိပါ့... လာ"

ဧည့်ခန်းထဲမှာ အထုပ်တစ်ထုပ်ကို စိတ်ဝင်တစားနဲ့ ကြည့်နေသော 'ပတ္တမြား' ကို 'မိုးထင်' တွေ့လိုက်ရသည်။ ဧည့်သည်ဆိုလို့ တစ်ချက်ကလေးမော့ကြည့်လာသည်။ 'မိုးထင်' ကို တွေ့တော့ ချက်ခြင်းခေါင်းကို ပြန်ငုံ့သွားသည်။

" 'ပတ္တမြား' အတွက် လက်ဆောင်ပါ"

'မိုးထင်' လှမ်းပေးသောပန်းစည်းကို လှမ်းမယူဘဲအကဲခတ်သော မျက်လုံးတွေနဲ့ ကြည့်နေလေသည်။ ယူရင်လည်းယူ





လိုက်ပါတော့လား။ ပေးတဲ့သူက ပန်းစည်းကြီးကိုင်ထားလျက်နဲ့ ကြောင်တောင်တောင်ဖြစ်နေရလေသည်။

"ပန်းစည်းက 'ရဲစို' အတွက်ယူလာတာမဟုတ်ဘူးလား ကျွန်မနဲ့ဘာဆိုင်လို့ပေးရတာလဲ"

"စယူလာတည်းက 'ပတ္တမြား' ကိုပေးမလို့ဆိုပြီးယူလာခဲ့တာပါ... 'ရဲစို' က မင်းသမီးဆိုတော့ ဒါမျိုးတွေခဏခဏရနေမှာ... သူ့ကိုလည်းပေးစရာအကြောင်းမရှိဘူးလေ"

စိတ်ထဲရှိတဲ့အတိုင်းပြောလိုက်တော့ 'ရဲစို' ရဲ့မျက်နှာက မဲ့သွားလေသည်။

"အံမယ်လေး 'ရဲစို' ကလည်း 'ကိုမိုး' ဆီက ဘာမှမမျှော်လင့်ပါဘူးနော်... နိုလာတာတောင်မှ 'ရဲစို' နာမည်ကိုမကောင်းတတ်လို့ခုတုံးလုပ်ပြီးလာတယ်ဆိုတာသိပြီးသားပါ"

"အဲ့ဒီလိုတော့လည်းမပြောပါနဲ့ဟာ... ကိုယ့်ညီမနဲ့အေးအေးဆေးဆေး စကားမပြောရတာလည်းကြာနေတော့ လာတာလည်းပါပါတယ်... မေမေတောင်မှ လိုက်ခဲ့ချင်သေးတာ... ငါက နောက်မှလိုက်ဆိုပြီးပြောထားလို့နေခဲ့ရတာ"

"အန်တီဆီကို 'ရဲစို' လမ်းကြုံရင်ဝင်လည်ပါ့မယ်လို့ပြောလိုက်ပါ 'ကိုမိုး' ရယ်... 'ရဲစို' က အမြဲတမ်းအိမ်မှာရှိတာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူးလေ… ဒီနေ့တောင်မှ မင်းသားမလာလို့ အိမ်ကိုစောစောပြန်ရောက်တာ… ကဲ ခဏထိုင်ဦး အအေးသွားယူပေးမယ်”

‘ပတ္တမြား’ က ‘ရဲစို’ ကို မျက်စောင်းထိုးသလိုလှမ်းကြည့်လာသည်။ ဖြစ်နိုင်ရင် ထိုင်နေရာကနေ ‘ပတ္တမြား’ ထထွက်သွားလိုက်ချင်သည်။ ကလေးအော်သံလိုလို ငိုသံလိုလိုကိုလည်းကြားလိုက်ရလို့ပါ။

“ ‘ပတ္တမြား’ ဆီက ဘာပစ္စည်းလည်းမသိဘူး မေမေကြည့်ချင်လို့တဲ့… အဲ့ဒါ ‘ပတ္တမြား’ အိမ်ကိုလာခဲ့ပါဦးလား”

‘မိုးထင်’ စကားမရှိစကားရှာကာ ပြောလိုက်ခြင်းဖြစ်ပါသည်။ ‘ပတ္တမြား’ အိမ်ကိုတကယ်ရောက်လာခဲ့ရင်လည်း မေမေ့အတွက် ‘မိုးထင်’ က ကိုယ့်ပိုက်ဆံနဲ့ကိုယ်စိုက်ပြီး လိုချင်တာကိုဝယ်ပေးလိုက်ဖို့ ဆုံးဖြတ်ထားမိသည်။

“လမ်းကြုံရင်တော့ ကျွန်မဝင်ခဲ့ပါ့မယ်… သေချာအောင်အန်တီ့ဆီအရင်ဖုန်းဆက်ပြီး ဘာပစ္စည်းကြည့်ချင်တာလည်းဆိုတာအရင်မေးကြည့်ထားလိုက်ပါ့မယ်”

“ဟုတ်ကဲ့… ဒါနဲ့ ခုသုံးလေးရက်အတွင်း ‘ပတ္တမြား’ အပြင်ထွက်တာသိပ်မတွေ့ဘူးနော်… နေများမကောင်းလို့လား”

တစ်နေ့တစ်နေ့ ‘ပတ္တမြား’ ရဲ့နောက်ကိုရှုဒိုးလိုက်နေ





သော ‘မိုးထင်’ အဖို့ ‘ပတ္တမြား’ တစ်ယောက် အပြင်ထွက်မထွက်ဆိုတာကို သိနေရပါသည်။ မနေနိုင်တဲ့အဆုံးမှ မျက်နှာပြောင်ပြောင်နဲ့ အိမ်အထိလိုက်ချလာခဲ့လိုက်တာပါ။

“နေကောင်းပါတယ်… တမင်အပြင်မထွက်ချင်လို့ အိမ်မှာပဲနေနေလိုက်တာ… နေပါဦး ရှင်က ကျွန်မနောက်ကိုလိုက်ပြီးတမင်သက်သက်နှောင့်ယှက်နေတာပေါ့လေ…အိမ်အပြင်မထွက်တော့လည်း အိမ်ထဲအထိလိုက်ပြီး ဒုက္ခပေးတာပေါ့”

“ဒီလိုမထင်ပါနဲ့… ကျွန်တော်က ‘ပတ္တမြား’ ကိုတစ်နေ့မတွေ့ရရင်မနေနိုင်အောင်ဖြစ်နေလို့ အိမ်အထိလိုက်လာခဲ့ရတာပါ… ‘ရဲစို’ ကိုလည်းမျက်နှာပူပါတယ်… အမျိုးသားတော်တယ်ကျွန်တော်တို့ဘက်က တစ်ခါမှဆက်သွယ်ဖူးခဲ့တာမှမဟုတ်ဘဲအခုလည်း ‘ပတ္တမြား’ ဆီလာချင်တာတစ်ခုတည်းနဲ့ သူ့နာမည်နဲ့လုပ်စားလာတာ”

“ရှင့်မှာမိန်းမဒီလောက် ရှားနေသလား”

“မိန်းမတွေကတော့ ပေါပါတယ်… ကျွန်တော့်အတွက်ကတော့ ‘ပတ္တမြား’ တစ်ယောက်တည်းဖြစ်နေတော့ ဒီလိုပဲချဉ်းကပ်မှပဲရတော့မှာလေ… ကျွန်တော် ‘ပတ္တမြား’ ကိုတကယ်ချစ်မိတာပါ… ကျွန်တော့်အကြောင်းကိုလည်း စုံစမ်းကြည့်ပါ ပြစ်



www.burmeseclassic.com

www.burmeseclassic.com



ချက်တစ်ခုခုတွေ့ခဲ့ရင်လည်း ကျွန်တော်ပြင်ပါ့မယ်"

"တွေ့တာဖြင့်တစ်ခါနှစ်ခါလားမသိဘူး ရှင်ကချစ်တယ်ဆိုတာတော့ လွန်လွန်းပါတယ်... ရှင်ဒီလိုပဲလူတစ်ယောက်ကိုအခုတွေ့ပြီးတာနဲ့ ချစ်တယ်လို့လိုက်ပြောတော့တာပဲလား"

"'ပတ္တမြား' တစ်ယောက်တည်းကိုပါ"

"ဒုက္ခပဲ... နောက်ဒီလိုမျိုးအကြောင်းမရှိအကြောင်းရှာပြီး အိမ်ကိုမလာပါနဲ့... ကျွန်မသူငယ်ချင်းတွေရှေ့မှာ ကျွန်မရှက်တယ်... သိက္ခာလည်းကျတယ်"

"ဒါဆို 'ပတ္တမြား' နဲ့ဘယ်လိုဆက်သွယ်ရမလဲ"

"မဆက်သွယ်နဲ့... ကျွန်မအချစ်ရေးကိစ္စတွေကိုခေါင်းထဲလုံးဝမထည့်ထားဘူး"

"ဒီလိုတော့ယတိပြတ်မပြောပါနဲ့... လူဆိုတာအချစ်ရှိမှ ဘဝလေးကလှပနေမှာ... 'ပတ္တမြား' ရဲ့ဘဝလှပနေဖို့အတွက် အချစ်တစ်ခုရှိထားဖို့တော့လိုတယ်"

"ရှင် တော်တော်ပေါ ရဲတာပဲနော်"

'မိုးထင်' ရှက်ပေမယ့် ဒီလိုမျိုးမှ ပွင့်ပွင့်လင်းလင်းမပြောရင် သူ့ရင်ထဲကအကြောင်းတွေကို 'ပတ္တမြား' ကဘယ်လိုလုပ်ပြီး သိနိုင်မှာတဲ့လဲ။ သူမဟုတ်တဲ့တခြားယောကျ်ားတစ်ယောက်ကို





'ပတ္တမြား' ရင်ခုန်မိသွားမှာ အရမ်းစိုးရိမ်နေမိသည်။

'ရဲစို' က အအေးဖန်ခွက်နဲ့ ပြန်ရောက်လာသည်။

"'ကိုမိုး' ထမင်းကောစားသွားမလား... တစ်ခါတလေလာလည်တဲ့ဧည့်သည်ကို ထမင်းကျွေးလိုက်ချင်လို့ပါ"

'မိုးထင်' ခေါင်းညိတ်ဖို့ပြင်ဆဲ 'ပတ္တမြား' ရဲ့အသံက အရင်ထွက်လာခဲ့သည်။

"'ရဲစို' ရယ် ထမင်းဟင်းဖြင့်ဘာမှရှိတာလည်းမဟုတ်ပဲနဲ့ ဧည့်သည်ကိုအပိုလုပ်ပြီးခေါ်နေတယ်... ငါတို့တောင်ခေါက်ဆွဲပြုတ်ပဲသောက်ဖို့ ပြောနေကြတာမဟုတ်လား"

မကျွေးချင်လို့ တမင်ပြောလိုက်တယ်ဆိုတာသိပါသည်။ 'မိုးထင်' ပြုံးလိုက်ရင်း...

"ဟင်းမရှိရင် ကျွန်တော်အပြင်မှာလိုက်ကျွေးမယ်လေ... ဒါမှမဟုတ် ဝယ်လာပေးရမလား ပြော"

"အို ရပါတယ်... ကျွန်မတို့ဒီလိုပဲဖြစ်သလိုစားနေကြပါ..."

'ပတ္တမြား' ရဲ့နားထဲဝါးကနဲ အော်ငိုလိုက်တဲ့ကလေးရဲ့ အသံကိုကြားလိုက်ရသည်။ စောစောတုန်းကကြားတုန်းက ဒီလောက်ထိမကျယ်လောင်သေးပါ။ အခု တစ်ခုခုဖြစ်လို့အကျယ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးကိုအော်ငိုလိုက်တာဖြစ်မည်။

"ဟဲ့ ခဏနေဦးနော်... ငါ အပေါ်ထပ်ကိုသွားလိုက်ဦးမယ်"

မြန်းကနဲ 'ရဲစို' တစ်ယောက် 'ပတ္တမြား' ကိုထားပြီးထွက်ပြေးသွားလေသည်။ 'ပတ္တမြား' လည်း အပြေးလိုက်သွားချင်တာပါပဲ။ 'မိုးထင်' ဆိုတဲ့လူကမပြန်ဘဲ ဖြစ်ပျက်နေတဲ့အခြေအနေတွေကိုစပ်စုသလို အပေါ်ထပ်ကိုမော့ကြည့်နေသည်။

"ကလေးငိုသံကြားလိုက်တယ်... အိမ်မှာကလေးရှိနေလို့လား"

"အို မရှိပါဘူး... စလောင်းကမဟုတ်ရင် အခွေကဖြစ်မှာပေါ့... ရှင်ကလည်းသိပ်ပြီးစပ်စုတာပဲ"

ပြောနေရင်းတန်းလန်းမှာပဲ ဝါးကနဲဝါးကနဲငိုယိုသံကြီးက ထပ်ပြီးထွက်ပေါ်လာပြန်သည်။ချစ်စရာကောင်းလွန်းလှသောကလေးလေးတစ်ယောက်မို့ ဘာများဖြစ်လဲဆိုပြီး အပြေးကိုကြည့်ချင်နေမိတော့သည်။

"ဟာ ဒါစလောင်းကတော့ မဖြစ်နိုင်ဘူး အပြင်မှာငိုနေတဲ့အတိုင်းပဲ... ဘယ်သူ့ကလေးလဲ"

"မသိဘူးရှင်... ကဲ ကဲ ရှင်လည်းပြန်တော့ ကျွန်မမှာကိစ္စ



လေးတွေရှိသေးတယ်... အန်တီကိုလည်းပြောလိုက်... ကျွန်မဖုန်းဆက်လိုက်ပါ့မယ်လို့နော် ကဲ ထ ထ"

'မိုးထင်' အား ဆွဲထူတော့မယ့်အတိုင်း 'ပတ္တမြား' ရဲ့ပုံစံကလောနေတာကြောင့် စိတ်ထဲမှာဝေဝါနဲ့ပဲ ပြန်ဖို့အတွက်ထလိုက်ရသည်။

ကလေးငိုသံကြားတာနဲ့ အသည်းအသန်ပြေးထွက်သွားသော 'ရဲစို' ရဲ့ပုံစံကိုလည်း ပြန်မြင်ယောင်လာမိသည်။ ပြောတော့ဖြင့် သူငယ်ချင်းသုံးယောက်တည်းစုနေတယ်ဆိုပြီး ဒီကလေးက ဘယ်ကနေဘယ်လိုရောက်လာရတာလဲ။

သုံးယောက်စလုံး အပျိုတွေဆိုတာကိုလည်း 'မိုးထင်' သိထားပါသေးသည်။

"ရှင် ရပ်မနေနဲ့တော့လေ အပြင်ကိုထွက်လိုက်တော့... ကျွန်မ တံခါးပိတ်တော့မယ်"

'မိုးထင်' အား တံခါးရှက်နဲ့တွန်းထုတ်ကာ တံခါးအားစပ်ပြင်းပြင်းပိတ်သွားတာကြောင့် စိတ်ထဲတအားကို သိချင်စိတ်တွေများသွားရတော့သည်။

ဒီအိမ်မှာနေတဲ့မိန်းမသုံးယောက်မှာ ဇာတ်ရှုပ်တစ်ခုခုတော့ဖြစ်နေတာ သေချာနေပါပြီ။ တွေ့ရတဲ့နှစ်ယောက်ကပြူး

www.burmeseclassic.com

www.burmeseclassic.com



ပြာနေတာ ဘယ်လိုမှပင်ဟန်မလုပ်နိုင်တော့ပါ။

'ရဲစို' များ တစ်ယောက်ယောက်နှင့်အိမ်ထောင်တွေဘာတွေ လူမသိအောင် တိုးတိုးတိတ်တိတ်ပြုထားလေသလားမသိပါ။

'ပတ္တမြား' ကတော့ တကယ့်ကိုရိုးသားအေးဆေးသောအပျိုစင်စစ် မိန်းမတစ်ယောက်ပဲဖြစ်မှာပါ။ 'နီနီရဲ' ဆိုတဲ့မိန်းမတစ်ယောက်လည်းကျန်နေသေးတာပဲ။ အို သူတို့ဖါသာသူတို့ဖြစ်ချင်တာဖြစ်ကြပါစေ 'ပတ္တမြား' တစ်ယောက်ပဲကင်းကင်းရှင်းရှင်းဖြစ်ရင် သူ ကျေနပ်ပါပြီ။



## ၉

နီရဲ' တစ်ယောက် အလှသာပြင်နေပေမယ့် မျက်နှာထားကတော့ ရှုံ့မဲ့နေရသည်။ 'ခန့်ချော' ကြောင့်ပေါ့။ သူနဲ့ရန်ဖြစ်တဲ့ကိစ္စကို ဘာမှမဆိုင်တဲ့သူ့မိဘတွေပါသိအောင် ပြောပြတဲ့အတွက် လူကြီးတွေကစိတ်ပူပြီး 'နီရဲ' နဲ့တွေ့ဖို့ဖုန်းဆက်ချိန်းပါတော့သည်။

လူကြီးတွေကိုတော့ 'နီရဲ' ဘက်က မရိုင်းစိုင်းချင်ပါ။

အမြဲတမ်း 'နီရဲ' အပေါ်ကို မိဘတွေလိုသဘောထားပြီး အစစအရာရာကူညီဆုံးမပေးတဲ့ အန်ကယ်နဲ့ အန်တီတို့ 'နီရဲ' က

www.burmeseclassic.com

www.burmeseclassic.com



ချစ်သလို လေးလည်းလေးစားပါသည်။ မိဘတွေမရှိတော့တဲ့ အတွက်လည်း ကိုယ့်မိဘနေရာမှာသဘောထားပြီး သူတို့ပြော စကားကိုနားထောင်လေ့ရှိပါသည်။ 'ခန့်ချော' နဲ့ ဘယ်လောက်ပဲ စိတ်ကောက်ကောက်ရန်ဖြစ်ဖြစ် အန်ကယ်နဲ့ အန်တီခေါ်တယ်ဆို ရင်တော့ 'နီရဲ' က သွားတွေ့စမြဲဖြစ်သည်။

"'နီရဲ'... သိပ်မကြာဘူးမဟုတ်လား... 'ပတ္တမြား' က ညနေမိုးချုပ်လောက်မှပြန်ရောက်မယ်ပြောသွားတယ်... ငါလည်း နေ့ခင်းပိုင်းပြန်ဝင်ပေးစရာရှိသေးတယ်... 'အကောက်' လေးကို လည်း 'ဦးလေးဖွေး' လက်ထဲတစ်ယောက်တည်း စိတ်ချလက်ချ မထားခဲ့ချင်ပါဘူး"

"အေးပါဟယ် ငါ သိပ်မကြာပါဘူး... ငါပြန်ရောက်လာ တာကိုစောင့်ပြီးမှ နင်သွားပေါ့... ကလေးကိုတော့ 'ဦးလေးဖွေး' လက်ထဲမထည့်ခဲ့ပါနဲ့"

မြန်းစားကြီးအိမ်ပေါ်ရောက်လာသော ကလေးလေးတစ် ယောက်ကို 'နီရဲ' တို့တစ်တွေ သံယောဇဉ်ဖြစ်နေမိကြပါပြီ။ ခု ဆိုရင် 'အကောက်' ကလေးအိမ်ပေါ်ရောက်လာတာ တစ်လပင် ကျော်လုလုဖြစ်နေပါပြီ။ အဲဒီတစ်လအတွင်းမှာ ကလေးရဲ့ကိစ္စ မှန်သမျှတိုင်းကို 'နီရဲ' တို့သုံးယောက်ပေါင်းပြီးပဲ ဖြေရှင်းခဲ့ကြ





သည်။ ကလေးကလည်း ဝဝတုတ်တုတ်နဲ့ ချစ်စရာကောင်းလွန်း ဘာမို့ ခဏကလေးအတွင်းမှာကို ခိုင်မြဲသောသံယောဇဉ်တွေဖြင့် ချစ်လို့ကိုမဝနိုင်ကြတော့ပါ။

ကလေးရဲ့တာဝန်ကို သုံးယောက်ပေါင်းပြီး မျှယူကြ သည်။ 'နီရဲ' အလုပ်သွားရတဲ့ရက်ဆိုရင် 'ပတ္တမြား' နဲ့ 'ရဲစို' က တစ်လှည့်စီထိန်းပေးကြသည်။ သူတို့နှစ်ယောက်မအားကြဘူးဆို ရင်လည်း 'နီရဲ' က အလုပ်ကိုခွင့်ယူလိုက်ကာ ကလေးကိုထိန်း ပေးလိုက်ပါသည်။ ကလေးထိန်းရလို့ ဘယ်သူ့အယ်သူမှစိတ် ပျက်ခြင်းမရှိကြပါ။

အားတဲ့အချိန်တိုင်း ကလေးနားမှာ ကပ်နေမိကြသည်။ အရင်လို သုံးယောက်ပေါင်းပြီး အပြင်လည်ပတ်တာမျိုးတွေ တောင် သိပ်မရှိလှတော့ပါ။

ကလေးရဲ့ပိုင်ရှင် ပေါ်လာမှာကိုတောင် သုံးယောက်လုံး ကြောက်နေမိကြတဲ့အထိ ကလေးလေးအပေါ် သံယောဇဉ်တွေပို နေမိကြတာဖြစ်သည်။

နာမည်ပေးတော့လည်း သေချာစဉ်းစားမနေကြတော့ဘဲ ချစ်စနိုးနဲ့ ကောက်ရလို့ဆိုပြီး 'အကောက်' လို့ပေးလိုက်ကြ သည်။ ဖြူဖြူဖွေးဖွေးယောကျာ်းသားလေး 'အကောက်' ဟာ 'နီရဲ'



www.burmeseclassic.com

www.burmeseclassic.com



တို့ဆီကအချစ်တွေကို တစ်စတစ်စသိမ်းပိုက်နေတော့တာဖြ
သည်။

"နင့်ဘဲ 'မောင်သန့်ရှင်း' ကော နင့်ကိုချက်ကင်လိုက် တုန်းပဲလား... သူ့ကြည့်ရတာ ခရီးကပြန်လာပြီးတည်းကအ လိုကိုမဟုတ်တော့ဘူး... နေရာတကာ ဒီဇာကြောင်းလာသလို

"ဟုတ်တယ်... အခုတစ်လော အကြောင်းမရှိအကြောင် ရှာရှူတင်ကိုလိုက်လိုက်လာတာ သိပ်မုန်းတာပဲ...သူ့အဲ့ဒီလိုလို ပြီးပါဝါပြလွန်းလို့ မဆီသင့်တဲ့လူတွေတောင် သူနဲ့ငါနဲ့ဇာတ လမ်းကိုအလိုလိုသိကုန်ကြပြီ...သိတယ်မလား ပြောချင်တဲ့လူတ က ဒါမျိုးဆိုပိုပြီးဖော့တောင်ပြောချင်နေကြတာ ဘယ်ကပဲအ တာဖျူးလာလာ ကြားနေရတယ်နော် ဟုတ်လားဆိုပြီးမေးကြတ အရမ်းစိတ်တိုတာပဲ... မေးတဲ့လူတွေကတော့ မေးမှာပဲ အနေအ ထိုင်မဆင်ခြင်တဲ့သူ့ကိုပဲပိုအမြင်ကတ်တယ်"

'ရဲစို' တကယ့်ကို စိတ်ညစ်နေရသည်။ အရင်တည်းက 'ရဲစို'အပေါ်ကိုသဝန်တိုတတ်လွန်းသော 'သန့်ရှင်း' ဟာ ခုဆိုရ ဘာဖြစ်မှန်းမသိဘဲနဲ့ကိုပိုထိန်းချုပ်လာတတ်ခဲ့ပါသည်။ 'မာမီလုံး ရဲ့မြှောက်ပင့်သွေးထိုးသော စကားတွေကိုလည်း ယုံစားမိလို လည်းဖြစ်မည်။





'ရဲစို' ရဲ့အနားမှာအမြဲတမ်းကပ်နေရသော 'မာမီလုံး' ကို ဘာင်မှ 'အကောက်' နဲ့ပတ်သက်တဲ့အကြောင်းအရာလေးတစ် ကိုတောင် ဖွင့်မပြောပြဘဲ ခပ်ကျိတ်ကျိတ်လုပ်နေတာကို 'မာမီ း' က တင်းနေပုံရသည်။ တစ်ခုခုပဲဆိုတာသာသိလျှက် ဘာ တာကို 'ရဲစို' ဘက်ကဖွင့်မပြောတဲ့အခါ အပိုင်နိုင်ဆုံးလို့ထင် တဲ့ 'သန့်ရှင်း' ကို ဝင်ပင့်ပေးလိုက်တာပဲနေမှာ။

ဒါကြောင့် အခုတစ်လော 'သန့်ရှင်း' နဲ့ 'မာမီလုံး' သိပ် တည့်နေသည်။ တစ်သက်လုံးကြည့်လို့မရဖြစ်လာတဲ့သူက ခုတော့ တစ်ခုခုဆို 'မာမီလုံ' ကိုမေးလေးဆတ်ကာ စပ်စုမေး န်းကြည့်နေပုံက 'ရဲစို' အတွက်တော့ ရယ်စရာပါ။

သိချင်လေပိုမပြောပြချင်လေပါ။ လူတစ်ယောက်ပါးစပ် နေ ပွထသွားမယ့်ကိစ္စလေးတစ်ခုက 'အကောက်' လေးကိုလာ းထိနိုက်မှာကိုစိုးရိမ်မိပါသည်။

ကလေးကိစ္စကိုမြှုပ်ထားမိတဲ့အတွက် 'ရဲစို' တင်မက 'နီရဲ' ဘာ 'ပတ္တမြား' ပါ သူတို့ပတ်သက်နေသူတွေရဲ့ သက်မကောင်း စ်မှုတွေကို ခံစားနေရပါသည်။ 'ရဲစို' တို့ကတော့ ကိုယ့်ခံစား က်နဲ့ကိုယ်မို့ ခပ်အေးအေးပါပဲ။ လွတ်လွတ်လပ်လပ်မနေရတဲ့ တွက် စိတ်ထဲကသိကအောင့်ဖြစ်တာလောက်လေးပဲရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"'မာမီလုံး' ကိုသတိထားနော်... အပေါ်ထပ်ကိုအခုမှ သိပ်တက်ချင်နေပုံရတယ်... သူ့ကိုဘယ်တုန်းကမှ ပေးမတက်ဖူး ဘဲနဲ့မျှား အခုမှတစ်ခုခုဆိုအပေါ်ထပ်ကိုတက်ချင်နေတာအလုပ် ကိုမဟုတ်ဘူး... ခင်တာကခင်တာပဲ သိပ်စပ်စုလွန်းအားကြီးတာ တော့မကောင်းဘူး"

"ငါလည်းပြောထားပါတယ်... သူ ဒီလောက်စပ်စုနေရ တဲ့အကြောင်းကလည်း သူ့ကိုခိုင်းထားတဲ့လူရှိလို့ပဲနေမှာ အခုမှ သူနဲ့ 'မာမီလုံး' နဲ့ သိပ်ကိုတည့်နေတယ်လေ... "

"ကဲ သွားတော့မယ်... မသွားရင် 'ခန့်ချော' တို့ကပိုရစ် မှာ... သူ့ကိုလည်းကြောက်ရသေးတယ်... သားလေးရေ သွားပြီ နော် တာ့တာ"

'အကောက်' လေးက ရယ်ပြကာ လိုက်ချင်သလိုမျိုးသူ့ ကိုယ်လုံးလေးကို ရှေ့သို့ကော့ထိုးပြနေသည်။

"ကလေးကိုအပြင်ခေါ်သွားချင်လိုက်တာဟယ်... မြင်တဲ့ လူတိုင်း သိပ်ကိုချစ်ကြမှာပဲ"

"အေး ငါတောင်မှ ရှူတင်ကိုခိုးခေါ်သွားရင်ကောင်းမ လားစဉ်းစားနေသေးတာ... လူတွေများလွန်းလို့ စိတ်ကိုလျှော့ ထားလိုက်ရတာ"





"မခေါ်ပါနဲ့ 'ရဲစို' ရယ်... အခုရက်ပိုင်းအတွင်း အိမ်ကို ညညဖုန်းခေါ်ပြီး စကားမပြောဘဲငြိမ်ငြိမ်နေတာ တစ်ခုခုတော့ တစ်ခုခုပဲ... "

'နီရဲ' ကတော့ အရာအားလုံးကို ထောင့်စေ့အောင်တွက် ချက်နေမိတာဖြစ်သည်။ ကလေးကိုလည်း ပိုင်ရှင်အစစ်အမှန် လက်ထဲပဲပြန်ပေးချင်ပါသည်။ မဟုတ်ဘဲနဲ့တစ်ယောက်ယောက် က လိမ်ပြီးလာခေါ်သွားမှာကို စိုးရိမ်နေမိသည်။

"သွားပြီနော်... ငါသိပ်မကြာဘူး... ကလေးကိုဘယ်ကို မှမခေါ်သွားနဲ့နော် 'ရဲစို' "

'ရဲစို' က နှာခေါင်းကိုသာ ရှုံ့ပြသည်။ စိတ်မချတချနဲ့ပဲ မြို့ထဲဘက်ကိုကားမောင်းလာခဲ့လိုက်ပါသည်။ 'ခန့်ချော' တို့က ကိုယ်ပိုင်ခုနစ်ထပ်တိုက်ကြီးကို ရုပ်ပါမားကက်ကြီးဖွင့်ထားတာဖြစ် ပါသည်။ နေရာကလည်းမြို့ထဲပိုင်း အချက်အချာကျသောနေရာ မှာမို့ ရောင်းအားကကောင်းလှသည်။ ကိုယ်ပိုင်ရုပ်ပါမားကက် အပြင် အခြားနိုင်ငံခြားကနေတင်သွင်းသော စားသောက်ကုန် ပစ္စည်းတွေလည်း ရှိသေးသည်။

'နီရဲ' အလုပ်လုပ်ပေးရတဲ့အပိုင်းက ငွေစာရင်းတွေကို ပြန်တွက်ပေးရတာသာရှိသည်။ ဒါကလည်း 'ခန့်ချော' လုပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သားကို ပြန်စစ်ဆေးပေးယုံလေးပါပဲ။

အလုပ်တိုက်ကို လေးရက်ဆက်တိုက်မသွားဘဲ ပျက်ကွက်လိုက်သော 'နီရဲ' အဖို့ စိတ်ထဲဘာမှဖြစ်မနေပေမယ့် 'ခန့်ချော' တို့ကသေလောက်အောင် စိတ်တွေပူပြီး သူ့မိဘတွေကို တိုင်တဲ့အဆင့်ထိဖြစ်လာတဲ့အတွက် 'နီရဲ' ရောက်လာရခြင်းပါပဲ။ အလုပ်မလာရတာကလည်း 'အကောက်' လေးကိုထိန်းနေတာရယ်၊ 'နီရဲ' ကိုယ်တိုင်လည်း ပျင်းနေလို့မသွားတာပဲရှိပါသည် ကျန်တဲ့ကိစ္စဘာဆိုဘာမှ မရှိပါ။

လူနေသောအပေါ်ဆုံးတပ်သို့ ဓါတ်လှေကားနဲ့တက်လာခဲ့လိုက်ပါသည်။ 'နီရဲ' ရောက်နေတယ်ဆိုတာကို ခြောက်ထပ်မှာရှိသော 'ခန့်ချော' ရဲ့ရုံးခန်းသို့ ဝင်ပြောမနေတော့ပါ။ သူနဲ့တွေ့ရင် စကားတွေများနေရပါမည်။

မနက်ဈေးသွားတည်းကကြို့ပြီးဝယ်ထားသော ဘုရားပန်းစည်းကြီးကို အန်တီ့လက်ထဲ အရင်ထည့်လိုက်ပါသည်။

"အို ပန်းတွေကလှလိုက်တာကွယ်… အတော်ပဲအန်တီလည်း ဘုရားပန်းလဲချင်နေတာ… ကျေးဇူးတင်လိုက်တာ သမီးရယ်… သမီးအန်ကယ်လည်းရှိတယ် ခဏကလေးနေဦးနော်"

ဒီအိမ်တစ်အိမ်လုံးကို 'နီရဲ' အနေနဲ့ရဲရဲတင်းတင်းဝင်





ထွက်ပတ်သက်ခွင့်ရနေခဲ့ပါသည်။ အလုပ်လာတဲ့အခါမှာလည်း ထမင်းစားချိန်ဆို အိမ်အပေါ်ထပ်တက်ပြီး ဝင်စားနေကြပါ။

"သမီးအောက်ထပ်ကိုဝင်ခဲ့လား… သမီးမလာတော့ ဝန်ထမ်းတွေလည်း ခေါင်းတွေကိုက်နေကြပြီနဲ့တူပါတယ် နေရင်းထိုင်ရင်း လှည့်ပတ်ရမ်းနေတာပေါ့ကွယ်"

"မဝင်ခဲ့ဖူး အန်တီ… သူပါလာရင် ရန်ဖြစ်မှာစိုးတာနဲ့ မခေါ်ခဲ့တာပါ"

'ဦးခန့်ဝင်း' က အပြုံးမျက်နှာဖြင့် ဧည့်ခန်းထဲဝင်လာခဲ့သည်။

"သမီးသုံးလေးရက်မလာတာနဲ့ သားကပူညံပူညံလုပ်နေတာ… ဘာများဖြစ်လဲဆိုပြီးဖုန်းဆက်ကြည့်လိုက်တာ… ဘာလို့အလုပ်မဆင်းတာလဲ သမီး… ပြဿနာတွေဘာတွေများရှိနေသလား အန်ကယ့်ကိုပွင့်ပွင့်လင်းလင်းပြောလို့ရတယ်နော်… ဘာဆို အန်ကယ်တို့ဘက်က အဆင်ပြေအောင် ကူညီပေးပါ့မယ်ကွယ်"

"မရှိပါဘူး… အူငယ်ချင်းတွေရဲ့ကိစ္စလေးတွေလိုက်လုပ်ပေးနေတာနဲ့ အလုပ်ကိုမလာဖြစ်တာပါ… 'ပတ္တမြား' ကလာစ်ရောက်တည်းဆိုတော့လေ သူနဲ့လိုက်လိုက်ပြီး ပစ္စည်းပြပြပေး



www.burmeseclassic.com

www.burmeseclassic.com



နေတာနဲ့ အလုပ်ကိုပျက်သွားတာ... ဒီမှာကလည်း သမီးမရှိလို့ ဘာမှမဖြစ်ဘူးဆိုတော့လေ သူငယ်ချင်းကိုပဲဝင်ကူပေးနေလိုက်တာ... 'ရဲစို' ကလည်း ဓာတ်လမ်းတွေရိုက်ရတာများတော့ သူနဲ့ လိုက်ဖက်မယ့်အဝတ်အစားတွေကို သမီးကပဲလိုက်ဝယ်ပေးနေရတယ်"

"အေး အေး ဟုတ်သားပဲ... သားက သမီးနဲ့ ပဲရန်ဖြစ်ထားသလိုလိုတွေပြောနေတော့ ဘာများစိတ်ဆိုးနေသလဲဆိုပြီး မေးကြည့်တာပါကွယ်... ဒီမှာကလည်း သမီးမရှိလို့ မဖြစ်ဘူးလို့ကိုဖြစ်နေတာ... သားတင်မဟုတ်ဘူး သမီးအန်တီလည်းအတူတူပဲ... ထမင်းစားချိန်ဆို ပါးစပ်ကတဖွဖွပြောနေတာ"

"ဟုတ်တယ်... အန်တီ့မှာက တစ်နေ့တစ်နေ့ပျင်းနေရတာ... သမီးနဲ့ ကျမှပဲ စကားများများပြောဖြစ်တာဆိုတော့ မလာရင်စိတ်ကိုပူနေကော... အန်တီ မေးပါဦးမယ် သားနဲ့ လက်ထပ်ဖို့ ကိစ္စကိုဘယ်တော့လောက် မှန်းထားသလဲ"

"ဟို သေချာတော့မတိုင်ပင်ရသေးပါဘူး အန်တီရယ်... စိတ်ထဲမှာတော့ အစီအစဉ်တွေဆွဲနေတာပဲ"

"ခပ်မြန်မြန်ပဲ အန်တီကဖြစ်စေချင်နေတာ... ဒါမှသမီးနဲ့ ပိုပြီး နီးနီးကပ်ကပ်နေလို့ ရမှာလေ... သားကလည်းဖြစ်စေချင်





နေပြီ... သူပြောတဲ့စကားတိုင်းမှာ သမီးကိုစိတ်မချတာတွေကြီးပဲ ပြောပြောနေတော့ သမီးများချစ်သူထပ်တွေ့နေပြီလားလို့ စိတ်ထဲမှာထင့်သွားတာပဲ"

"မဟုတ်တာ အန်တီရယ်... 'နီရဲ' စိတ်ကမာပါတယ်... သူနဲ့ တောင်မှ သံယောဇဉ်တွယ်လွန်းလို့သာ ချစ်သူတွေဖြစ်ခဲ့ရတာ နင်မို့ဆို တစ်သက်လုံးအပျိုကြီးပဲလုပ်ဖို့ စိတ်ကူးတယ်"

"အပျိုကြီးတော့မလုပ်လိုက်ပါနဲ့ ကွယ်... အန်တီတို့ မြေးချီချင်သေးလို့ပါ... မနက်ဖြန် အလုပ်ပြန်လာမှာမဟုတ်လား"

"လာပါ့မယ်... "

"ကဲ သားကိုဖုန်းဆက်ခေါ်လိုက်မယ် သမီးထမင်းစားပြီးမှပြန်ရမယ်နော်"

'နီရဲ' ခေါင်းကိုမြန်မြန်ပဲ ခါလိုက်မိပါသည်။ ရောတ်တာအိပ်မကြာသေးဘူးဆိုတာသိနေပေမယ့်လည်း ဘယ်လိုမှဆက်ပြီးနေဖို့ စိတ်ထဲမပါတော့ပါ။ ရုတ်တရက် 'ရဲစို' တစ်ယောက်တလေးကိုထားခဲ့ပြီး အပြင်ထွက်သွားမှာကို စိုးရိမ်နေမိပါသည်။

"မစားတော့ပါဘူး... 'ရဲစို' တို့နဲ့ ချိန်းထားသေးလို့ ပြန်တော့မယ် အန်တီ... သူ့ကိုတော့ ဝင်နှုတ်ဆက်သွားလိုက်မယ်"

"အေး အေး"



www.burmeseclassic.com

www.burmeseclassic.com



'နီရဲ' က အောက်ထပ်ကိုဝင်မလိုလိုနဲ့ ကားရှိရာဆီကိုပဲ ဘန်းလာခဲ့လိုက်သည်။ ကားပေါ်ရောက်ပြီးမှ သူ့ဆီကိုဖုန်းခေါ်လိုက်ပါသည်။

'ဟယ်လို' လို့ထူးတဲ့ သူ့ရဲ့အသံက အတော်ကလေးကို ချိုသာနေရသည်။ 'နီရဲ' လာတော့မယ်ဆိုပြီး ပျော်သွားတာပဲဖြစ်မှာပါ။

"ပြန်တော့မလို့ နှုတ်ဆက်တာ"

"ဘာ..."

"ဟုတ်တယ် ပြန်တော့မယ်ဆိုတာပြောတာ တော်ကြာ ဘာမှမပြောဘဲပြန်သွားတယ်ဆိုပြီး လူကြီးတွေကိုထောင်မှာစိုးလို့အသိပေးတာ"

"ပြန်ရအောင် မင်းကဖေဖေတို့ဆီရောက်ပြီးလို့လား"

"အခုပဲတွေ့ပြီးဆင်းလာတာလေ မယုံရင်သွားမေးကြည့်လို့ရတယ်... မနက်ဖြန်မှပဲလာခဲ့တော့မယ်"

"ခဏနေဦးလေ... ကိုယ်အောက်ဆင်းခဲ့မယ်"

"မဆင်းနဲ့တော့... ကားတောင်ထွက်တော့မယ်... အဲဒီလိုတွေရှည်နေမှာစိုးလို့ ကားပေါ်ရောက်မှဖုန်းဆက်လိုက်တာ"

"ဟာကွာ 'နီရဲ' ရာ... မင်းဘယ်လိုတွေဖြစ်နေတာလဲ...





အရမ်းကိုပြောင်းလဲလွန်းတယ်... ဘာတွေလုပ်နေမှန်းလည်းမသိဘူး... အလုပ်ကိုလည်းမပျက်စဖူးပျက်နေတာ ရက်တွေအကြာကြီးပဲ... မင်းဘာတွေလုပ်နေသလဲ ပြောစမ်းပါ"

"ဘာမှမလုပ်တာ ဘာကိုပြောပြရမှာလဲ...အပ်ကြောင်းတွေလည်းထပ်နေပြီ... 'နီရဲ' ကိုယုံစမ်းပါ... ဒါပဲပြောနိုင်တယ်... ထပ်မေးရင် စိတ်တိုရယုံပဲရှိမယ်... အဲဒီအခါကျမဟုတ်တဲ့စကားတွေထွက်ကုန်မယ်... နှစ်ယောက်စလုံး စိတ်ဆင်းရဲရမယ့်ရန်ဖြစ်ရမယ့်စွပ်စွဲမှုတွေကို ရပ်တန်းကရပ်စမ်းပါ"

"မင်းခဏနေဦး ငါအခုအောက်ကိုဆင်းလာခဲ့မယ်"

"မလာနဲ့"

"နေဦးဆို"

"မနေတော့ဘူး ကဲ အခုပဲကားစက်ကိုနှိုးလိုက်ပြီ"

'နီရဲ' ကကားစက်ကိုတကယ်ပဲ နှိုးလိုက်ကာ ကားအရှင်းကိုစောင့်ပြီး ထွက်ဖို့ပြင်နေလိုက်သည်။ သူ့အကြောင်းမသိတာ လိုက်လို့။ ခဏဆိုပြီးကားပေါ်ကအတင်းဆွဲချကာ ရုံးခန်းထဲမှာ ပိတ်ထားလိုက်ရင် ဘယ်လိုလုပ်မလဲ။

အကြိမ်ပေါင်းများစွာ 'နီရဲ' အဲဒီလိုအလုပ်ခံဖူးသည်။

ခါတိုင်းတုန်းကတော့ နောက်ကြောင်းအေးနေရတာမှ

www.burmeseclassic.com



ဘာမှမဖြစ်ပေမယ့် အခု 'အကောက်' လေးရှိနေသေးသည်။ ဒါကြောင့်သာပဲ သူဆင်းပြေးလာတဲ့အချိန်မရောက်ခင် ကားကိုခပ်မြန်မြန်ပဲမောင်းထွက်လာခဲ့မိပါသည်။

၁၀

"ငါတို့သုံးယောက် 'အကောက်' လေးကိုခေါ်ပြီး ခရီးတစ်ခုခုထွက်ရင်ကောင်းမယ်နဲ့တူတယ်... ဒီမှာနေရတာမလွတ်လပ်ဘူး... သုံးလေးရက်ပေါ့ဟာ ဘယ်လိုလဲ"

ဒီအကြံအစည်ကို 'ပတ္တမြား' က စတင်ပြီးပေးလာတာဖြစ်သည်။ 'ပတ္တမြား' အနေနဲ့ အပြင်ထွက်ရင်လည်းအနောက်အတောက်လျှောက်လိုက်နေသလို၊ အိမ်တွင်းအောင်းနေပြန်ရင်လည်း အကြောင်းမရှိအကြောင်းရှာကာ ရောက်လာတတ်သော 'ကိုမိုးထင်' ရဲ့ရန်ကိုရှောင်ချင်သောကြောင့် ခရီးထွက်ဖို့ကိစ္စကို

www.burmeseclassic.com

www.burmeseclassic.com



အဆိုပြုရခြင်းဖြစ်လေသည်။ သူနဲ့ ခပ်ဝေးဝေးမှာ ခဏတဖြုတ် လောက်ကလေးပဲ ရှောင်နေရရင် ကျေနပ်လှပါပြီ။

ဘယ်လိုပဲအော်လွှတ်လွှတ်၊ ဝေါက်လွှတ်လွှတ် စိတ်မဆိုး နိုင်တဲ့သူ့ရဲ့သည်းခံမှုကိုလည်း လက်ဖျားခါချင်လာရသည်။ မိန်းကလေးတစ်ယောက်အနေနဲ့ ကိုယ့်အပေါ်ကိုအလိုလိုက်အကြိုက် ဆောင်တဲ့ယောကျ်ားတစ်ယောက်ရဲ့ ယုယမှုတွေကိုသာယာချင် နေမိတာအမှားတော့မဖြစ်နိုင်ပါ။

'ပတ္တမြား' အနေနဲ့လည်းမထမပိုင်းတော့ တကယ့်ကို စိတ်ရှုပ်မှုတွေနဲ့ ရင်ဆိုင်ရသလိုဖြစ်ခဲ့ပြီး၊ ကြာလာတဲ့အခါမှာ စိတ်ရှုပ်မှုကနေ သာယာမှုဆိုတဲ့အပိုင်းကို ဘယ်လိုကူးပြောင်းသွား သလဲဆိုတာကို ကိုယ်တိုင်ပင်မမှန်းဆနိုင်လိုက်ပါ။

သူ့ရဲ့အပြုံး၊ သူ့ရဲ့စကား၊ သူ့ရဲ့ဟန်ပန်တွေကို ရင်ထဲ မှာ တိတ်တခိုးနဲ့စွဲမြဲနေခဲ့ရပြီဖြစ်သည်။ ခပ်မြန်မြန်ငြီးငွေ့သွား သော ရင်ထဲကသံယောဇဉ်ကို ဖြတ်တောက်ချင်တာကြောင့် လည်း ခရီးဝေးတစ်ခုကိုသွားဖို့ ကြံစည်မိတာပါ။

"ငါလည်းသွားချင်တယ်... ဒါပေမဲ့ အခုချိန်ထသွားလိုက် ရင် အခြေအနေတွေပိုဆိုးကုန်မှာကြောက်ရတယ်... လူကြီးတွေ စိတ်ထဲမှာပါ တစ်မျိုးမြင်သွားရင်မကောင်းတော့ဘူး...အချိန်နည်း





နည်းလောက်ယူလိုက်ရင် ကောင်းမယ်နဲ့တူတယ်"

'နီရဲ' က 'အကောက်' လေးကိုရင်ခွင်ထဲမှာထည့်ကာနို့ တိုက်ရင်း ပြန်ပြောတာဖြစ်သည်။ မသိတဲ့လူဆိုရင် 'နီရဲ' အား အကယ့်ကလေးအမေတစ်ယောက်လို ထင်လိုက်မှာမလွဲပေ။

"ဟုတ်တယ်... ငါလည်းရက်တွေညှိရဦးမယ်လေ... သူ ငယ်ချင်းသုံးယောက် ခရီးအတူတူမထွက်ရတာလည်းကြာနေပြီ ဆိုတော့ သွားချင်တယ်ဟာ... သွားရင်လည်းတစ်ပတ်ဆယ်ရက် လောက်ကိုသွားချင်တာ... နေဦး ငါ့အချိန်တွေဆွဲကြည့်ဦးမယ် လွှတ်တဲ့ရက်များများရှိတာနဲ့ ကောက်ထသွားလိုက်မယ်... အခု ချက်ခြင်းကြီးတော့ မဖြစ်နိုင်သေးဘူး"

"အေးလေ နင်တို့နှစ်ယောက်အဆင်ပြေတဲ့အချိန်ကျမှ သွားပါတော့မယ်... ငါ့ဘက်ကတော့ အေးဆေးပဲ"

"'ပတ္တမြား' ရယ်... နင်ဘာဖြစ်လို့ခရီးဝေးသွားချင်တယ် ဆိုတာ ငါသိနေပါတယ်နော်... ဟင်း ဟင်း 'ကိုမိုး' ကိုနင်ရှောင် ချင်လို့မဟုတ်လား... နင်တို့နှစ်ယောက်အဆင်ပြေနေတယ်ဆို တာ 'ကိုမိုး' စကားတွေကိုနားထောင်လိုက်တာနဲ့ ငါသိနေပြီ"

"သူကနင့်ဆီ ဖုန်းဆက်လို့လား"

"မဆက်ပါဘူး ငါကဆက်ကြည့်လိုက်တာ... ကိုယ့်သူ



www.burmeseclassic.com

www.burmeseclassic.com



ငယ်ချင်းရှင်ထဲကခံစားချက်ကိုသိနေတော့ တစ်ဖက်ကိုတမင်အ
အောက်ပြီး မေးကြည့်လိုက်တာလေ... သူကအတည်ဖြစ်နေတ
မဆိုးပါဘူး အန်တီကလည်း သဘောတူတယ်ဆိုတော့ နင့်ရဲ့
ရေးကတော့ ချောမွေ့နေတာပဲ”

'ရဲစို' တကယ့်ကို 'ကိုမိုး' အားဖုန်းဆက်ပြီး အခြေအ
တွေကို အစ်အောက်မေးကြည့်ပြီးပါပြီ။ မေးလည်းမေးရင်း
ငယ်ချင်းအတွက်လည်း ကာကွယ်တာပါပါသည်။ ကိုယ်ချ
သောသူငယ်ချင်းဖြစ်သူအား အပျော်ကြံသလို့မျိုးဖြစ်မှာစိုးရိမ်
ပါသည်။

'ရဲစို' နဲ့လည်းအမျိုးတော်နေတဲ့အခါကျတော့ တစ်
ဆို မျက်နှာကောင်းပဲရချင်သည်။ 'ကိုမိုး' ဘက်ကတကယ့်ကို
တလန်းဖြစ်နေကာ 'ပတ္တမြား' ဘက်ကခေါင်းတစ်ချက်ညိတ်
နဲ့ ချက်ခြင်းကိုလက်ထပ်ယူဖို့အထိ ဆုံးဖြတ်ပြီးပြီဆိုတော့လ
'ရဲစို' ဝမ်းသာသွားခဲ့ရသည်။

“သူများကိစ္စကိုဝင်ပြီးစပ်စုနေတာ အရေးမကြီးဘူး
မောင်တော်တစ်ယောက်ကော မပေါ်လာတာအတော်ကြာ
လား... တစ်ပတ်ကျော်လောက်တောင်ရှိနေပုံပဲ... ဘာလဲ ရန်
ထားလို့လား”





'ရဲစို' မျက်နှာတင်းသွားရသည်။ မေ့ထားပါတယ်ဆိုမှ အစဖော်ပေးတဲ့သူရှိတော့လည်း တမ်းတမိရသည်ပေါ့လေ။ မောင်နဲ့မတွေ့တာ၊ ဖုန်းမပြောတာ ဒီနေ့ပါနဲ့ဆို ကိုးရက်တိတိရှိသွားခဲ့ပါပြီ။ အရင်တုန်းကစိတ်ကောက်ရင် အလွန်ဆုံးနှစ်ရက်ထက် မောင့်ဘက်ကပိုမနေနိုင်ပါ။

အခုကိုးရက်ကြီးများတောင်ဆိုတော့ မောင်တကယ်ပဲ 'ရဲစို' ကိုမေ့ထားနိုင်တယ်ပေါ့လေ။ ယောကျ်ားလေးဘက်ကစပြီး အဆက်အသွယ်မလုပ်တဲ့အခါ မိန်းကလေးဖြစ်တဲ့ 'ရဲစို' ဘက်က မျှော်ရယုံမဲ့ရှိပါသည်။ စိတ်ထဲဝမ်းနည်းနေပေမယ့်လည်း မာနနဲ့ ရှုနိုင်သလိုဟန်ဆောင်ထားမိသည်။

“မသိပါဘူး ဘာကိုစိတ်ဆိုးတာလည်းငါလည်းမစဉ်းစားတတ်ဘူး... ငါဆီညဘက်ဖုန်းတစ်ခါဆက်တာ နောက်ဆုံးပဲ... အဲဒီတုန်းက 'အကောက်' လေးကငိုနေလို့ငါကဖုန်းပြောရင်းချော့လိုက်တာကို သူဘာထင်တယ်မသိပါဘူး တယ်သူ့ကလေးလည်းမေးတော့ ငါကဘာမှမပြောလိုက်ဘူး...ဒီလောက်ငြိမ်နေရအောင် သူမသိတဲ့ယောကျ်ားတစ်ယောက်နဲ့ မွေးထားတဲ့ကလေးမို့လို့လားဆိုပြီးပြောလို့ ငါကလည်း ဟုတ်တယ်ဆိုပြီးပြောလိုက်တယ် ါကိုပဲသူကပြန်ကောက်သွားတာလားတော့မသိဘူး... ရှင်းပြလို့

www.burmeseclassic.com



မရတဲ့အရာကို ငါကမရှင်းပြချင်ဘူး... သူငါ့ကိုယုံရင်ပြဿနာဆိုတာ ရှိစရာကိုမလိုဘူးလေ... တစ်ခုခုဆိုငါလုပ်နေတဲ့အလုပ်ကိုထိခိုက်ပြီးအပြစ်ပြောတတ်တာ သိပ်မုန်းတယ်"

'ရဲစို' အသံကတုန်ခါပြီး မျက်ရည်ပါဝဲချင်နေရသည်။

"အေးလေ ဒီလောက်ဖြစ်ဖို့အထိတော့မကောင်းပါဘူး 'အကောက်' လေးရှိနေတာကိုဖွင့်ပြောပြလိုက်ရင်လည်း ဒင်းတို့ကလက်ခံကြည်ဖြူမယ်ထင့်လို့လား... ရှုပ်ရှုပ်ယှက်ယှက်ဆိုပြီး ရဲစခန်းပဲပို့ခိုင်းမှာ... စာနာမှာမဟုတ်ဘူး... ဘာပဲဖြစ်ဖြစ်သူ့မိဘတွေပြန်လာခေါ်တဲ့အထိ ငါကတော့ခေါ်ထားဖို့စိတ်ကူးထားတယ်... 'အကောက်' လေးကိုကြည့်ရတာမျိုးကောင်းရိုးကောင်းထဲကပဲဖြစ်မှာပါ... နောက်ဆုံး ပြန်လာမခေါ်ဘူးဆိုရင်လည်းရတယ်... တစ်သက်လုံးမွေးစားလိုက်ဖို့အထိ ငါကတော့ဆုံးဖြတ်ပြီးနေပြီ"

"ဟုတ်တယ်... 'နီရဲ' ပြောသလိုပဲငါလည်းဒီလိုပဲဆုံးဖြတ်ထားတယ်... အပြစ်မရှိတဲ့ကလေးတစ်ယောက်ကိုတော့ ပြဿနာမဖြစ်စေချင်ဘူး... တစ်သက်လုံးစောင့်ရှောက်သွားမယ်... ဒါကိုမကျေနပ်လို့ သံသယဝင်ပြီး ဘယ်ယောက်ျားကမှမချစ်ချင်ရင်လည်းရတယ်... မလွှမ်းဘူး"





"ငါလည်းအတူတူပဲ... အဲ့ဒါကြောင့် မောင့်ဆီကိုတောင်အဆက်အသွယ်မလုပ်ဘဲနေနေတာ ကြည့်ပါလား"

"အဆက်အသွယ်တော့မလုပ်ဘူး မျှော်တော့မျှော်နေတယ်မဟုတ်လား"

"အေး ဟုတ်တယ်"

သုံးယောက်လုံး ပြုံးတူရယ်လိုက်ကြတာကြောင့်ကလေးကလန့်ပြီး အော်ငိုလေသည်။ ဒီနေ့ကလေးနဲ့ပတ်သက်လို့ညဂျူတီကို 'ပတ္တမြား' က စောင့်ပေးရမှာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## ၁၁

မနက်စောစော 'အကောက်' လေးကိုပွေ့ချီကာ လေညှင်းခံရအောင်ဆိုပြီး သုံးယောက်သား ကန်တော်ကြီးဘက်ကားနဲ့ရောက်လာခဲ့ကြသည်။ ရေပြင်ကိုဖြတ်တိုက်လာသော လေအေးအေးက လူကိုလန်းဆန်းစေပါသည်။

"သားလေးရေ ကြည့်စမ်း... ဘုရားကြီးကိုလက်အုပ်ချီလိုက်ပါဦး... ဦးတော်"

'ရဲစို' က 'အကောက်' လေးကိုပွေ့ကာ လှမ်းမြင်နေရသည့်ရွှေတိဂုံဘုရားအား ဦးတိုက်ကန်တော့ခိုင်းနေသည်။ မနက်





စောစောလမ်းလျှောက်၊ ကျန်းမာရေးလုပ်ကြသည့်လူတွေက 'ရဲစို' ပွေ့ထားသည့် 'အကောက်' လေးကိုကြည့်ကာ သဘောတွေကျနေကြသည်။ ကလေးလေးက ပြောင်တင်းဝလုံးကာ မြင်တဲ့သူတိုင်း မချီချင်ဘဲမနေနိုင်အောင် ဆွဲဆောင်နေပုံရသည်။

တစ်ခါတလေမြင်ရတဲ့လူတွေတောင် ဒီလောက်ဖြစ်နေတာ အတူတူတွဲပြီးကလေးရဲ့ကိစ္စတွေကို လုပ်ပေးနေရတဲ့ 'ရဲစို' တို့အဖို့ကတော့ 'အကောက်' လေးကိုချစ်နေမိတာ ပြောဖွယ်ရာရှိတော့ချေ။ ကလေးကမျက်နှာလည်းချိုသည်။ ဂျီတာအီတာလည်း ဆိပ်မလုပ်တတ်သေ သဘောကောင်းကလေးလေးဖြစ်ပါသည်။

ပတ်ဝန်းကျင်ကလည်း အေးချမ်းသာယာနေလို့စိတ်ချမ်းသာနေတုန်းရှိသေးသည် 'နီရဲ' ရဲ့အသံက အလန့်တကြားပေါ်လာပါသည်။

"ဟယ် ဟယ် ဟိုမှာ 'သန့်ရှင်း' လာနေပြီ... မျက်နှာကြီးလည်းကြောက်စရာကြီး... ကလေးကိုတစ်ခုခုလုပ်ရင်တော့ ဒုက္ခပါပဲ... သွားကြမယ် သွားကြမယ်"

'နီရဲ' ပြောသလိုပဲ မောင်ရဲ့ကားကခပ်ဝေးဝေးတင်နေရာ အရပ်ကာ 'ရဲစို' တို့ရှိရာကို မောင်ကလျှောက်လာနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြေးလို့ကောလွတ်မှာတဲ့လား။ 'နီရဲ' က ကလေးကိုလက်ပြောင်း ယူရင်း ပြေးဖို့ပြင်သည်။

"သုံးယောက်လုံးပြေးလို့တော့ လွတ်မှာမဟုတ်ဘူး... ဖ ရင်ဆိုင်လိုက်မယ်... နင် ကလေးကိုခေါ်ပြီးထွက်သွားလိုက်တော 'ပတ္တမြား' လိုက်သွားရင်လိုက်သွားလိုက်"

"ဟင့်အင်း မလိုက်ဘူး... နင်အဖော်ရအောင်နေခဲ့မေ မယ်"

'ရဲစို' က မင်းသမီးတစ်ယောက်ဖြစ်နေတာကြောင့် ပတ ဝန်းကျင်မှာ လူနည်းနည်းစည်ကားနေပါသည်။ တစ်ခုခုဆိုထိန် သိမ်းလို့ရအောင်လို့ 'ပတ္တမြား' က တမင်နေခဲ့ဆဲခြင်းဖြစ်သည် ရည်းစားနှစ်ယောက် လူမမြင်ကွယ်ရာမှာပြောခြင်းတာပြောတ အကြောင်းမဟုတ်ပေမယ့် လူတွေရှေ့မှာတော့ ဆင်ခြင်ရပါမည် တစ်ခုခုဆို နာမည်ကျော်ကြားတဲ့ 'ရဲစို' ပဲ ပိုထိခိုက်ရမှာမဟုတ် လား။

"ခုနကကလေးဘယ်ရောက်သွားသလဲ... "

မောင့်အသံက တင်းမာပြတ်သားလွန်းနေသည်။ 'ရဲစို' လက်မှာကလေးချီထားတာမြင်တာနဲ့ပဲ ပြဿနာကိုဖန်တီးရမေ လား။





"မောင့်ကိုမြင်လို့ တစ်နေရာကိုပို့လိုက်ပြီ... ဘာလုပ် မလို့လဲ"

"အဲ့ဒီကလေးကဘယ်သူ့ကလေးမို့ မင်းကဒီလောက် တောင်ကာကွယ်နေရတာလဲ မပွင့်လင်းနိုင်ရတာလဲ... မသိဘူးဆို တာ အဖြေတစ်ခုမဟုတ်ဘူးနော်"

"အဖြေမပေးချင်မှန်းသိရဲ့နဲ့ မောင်ဘာလို့ထပ်ကာထပ် ကာမေးနေသလဲ... မောင့်လေသံတွေကိုလည်းပြင်သင့်တယ်... မောင်တစ်ခုသိထားဖို့က မောင်နဲ့ 'ရဲစို' နဲ့ပတ်သက်နေတဲ့အဆင့် ချစ်သူတွေအဆင့်ပဲရှိပါသေးတယ်... နေရာတကာလိုက်ပြီးတား ဆီးနေဖို့ အခွင့်အရေးမရှိသေးဘူး... ချစ်နေလို့မောင်ပြောသမျှ ကိုသည်းခံနေတာပဲရှိတယ်... ကိုယ့်အလုပ်ကိုယ်လုပ်ပြီး ကိုယ့် အမင်းကိုယ်ရှာစားနေရတဲ့လူအချင်းချင်း အော်လားယောက်လား တာမလုပ်ပါနဲ့"

"မင်းကို မေးထားတဲ့မေးခွန်းကိုကော မဖြေတော့ဘူး လား"

"မဖြေချင်ဘူး... အချိန်တန်ရင်အလိုလိုသိလာမယ့်ကိစ္စ တစ်ခုကိုပုံကြီးချဲ့ပြီးမဖြေနိုင်ဘူး... ကလေးတစ်ယောက်ကိုမြင် တာနဲ့လူကိုလိုက်ပြီး မယုံသလိုအပြစ်ရှာနေတာအလုပ်ကိုမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး”

“မင်းဘက်ကလည်း ကလေးကိစ္စနဲ့ပတ်သက်ပြီးဖုံး ကွယ်ချင်နေတဲ့ သဘာဝမကျဘူးဆိုတာလည်း ထည့်ပြောဦးလေ”

“တော်ပြီ မောင်နဲ့ဘာမှဆက်မပြောချင်တော့ဘူး… ဒီကလေးကို ‘ရဲစို’ ချစ်တယ်… မောင် ‘ရဲစို’ ကိုချစ်တာသေချာရင် ဒီကလေးကိစ္စကိုလည်းပြေလည်အောင် စဉ်းစားပါ… မစဉ်းစားနိုင်ဘူးဆိုရင်လည်းရတယ် မောင်ကြိုက်သလိုဆုံးဖြတ်ပါ… ‘ရဲစို’ ကတော့ ရှင်းပြစရာဘာမှမရှိဘူး”

‘ပတ္တမြား’ လက်ကိုလှမ်းဆွဲကာ ‘ရဲစို’ က အရင်ထွက်လာခဲ့လိုက်ပါသည်။ လူတွေပိုပြီးအုံဖွဲ့ကြည့်လာခဲ့ရင် ပိုပြီးဆိုးကုန်တော့မှာမို့ စကားကိုမြန်မြန်ပဲ ဖြတ်ပစ်လိုက်တာဖြစ်သည်။

‘သန့်ရှင်း’ ကတော့ ကျောခိုင်းကာထွက်သွားသော ‘ရဲစို’ ကိုကြည့်ပြီး တောက်ခေါက်လိုက်မိပါသည်။ နေ့ရင်းထိုင်ရင်းနဲ့ ဘာပတ်သက်မှုမှမရှိဘဲ ကလေးတစ်ယောက်ရောက်လာကာထိန်းသိမ်းနေတာ အံ့ဩဖို့ကောင်းမနေပေဘူးလား။

ညကြီးမိုးချုပ်ဖုန်းဆက်တုန်းကလည်း ကလေးကိုချော့နေတာ တော်တော်နဲ့မပြီး။ ဘယ်သူ့ကလေးလည်းဆိုပြီးမေး





တော့လည်း မဖြေတာကြောင့် စိတ်ပေါက်ပေါက်နဲ့ ‘ရဲစို’ ကလေးလားဆိုပြီးအော်ထည့်လိုက်တော့ ဟုတ်တယ်ဆိုပြီးဖုန်းကိုချသွားခဲ့လေသည်။ အဲ့ဒီနောက်ပိုင်း သူမနဲ့အဆက်အသွယ်မလုပ်ဘဲ သတင်းတွေကို ကိုယ့်နည်းကိုယ်ဟန်နဲ့ စုံစမ်းနေမိခဲ့ပါသည်။

ရှူတင်ချိန်ပြီးတာနဲ့ အရင်လိုလမ်းစတွေမရှာတော့ဘဲ အိမ်ကိုတန်းပြန်တတ်တာ ကလေးကိစ္စရှိနေလို့ပဲမဟုတ်လား။ ‘မာမီလုံး’ ကိုကပ်ပြီးမေးကြည့်တော့လည်း ‘ရဲစို’ ပုံပြောင်းနေတာသာသိပြီး ဘာဆိုတာကို သူလည်းမသိပါတဲ့။ သူနဲ့တောင်အရင်လိုတိုင်ပင်တာမျိုးတွေမလုပ်တော့ဘဲ ခပ်ကင်းကင်းနေနေပါသတဲ့။ ‘သန့်ရှင်း’ အကြောင်းကိုလည်း ဘာတစ်လုံးမှပြန်မပြောပြပါတဲ့လေ။

အရင်တုန်းကရန်တစ်ခါဖြစ်တိုင်း၊ စိတ်ကောက်တိုင်း ဒိုင်ခံနေပြီးစောင်ပေးရတဲ့သူမှာ ‘မာမီလုံး’ ဖြစ်နေတာကြောင့် ‘မာမီလုံး’ ကလည်း သူ့ကိုအရေးမထားတဲ့အပေါ်မှာ စိတ်ခုပြီးဘာဆိုတာကို မရမကစုံစမ်းပေးဖို့ သဘောတူခဲ့လေသည်။

ကလေးကိစ္စကို ‘သန့်ရှင်း’ ပဲသိသေးသည်။ ဘယ်သူနဲ့ပတ်သက်သလဲဆိုတာကိုပဲ သိချင်နေမိပါသည်။ ‘နီရဲ’ နဲ့ ‘ပတ္တမြား’ ကိုကြည့်တော့လည်း အေးဆေးပဲမို့ ဒီကလေးသည် ‘ရဲစို’



www.burmeseclassic.com

www.burmeseclassic.com



နဲ့ပဲပတ်သက်နေတယ်ဆိုတာ ကျိန်းသေသလောက်ရှိပါသည်။ အခုလည်းစတွေ့လိုက်တုန်းက ကလေးကို 'ရဲစို' ပဲထွေးပွေ့ထားခဲ့တာမဟုတ်လား။

လူတကာချစ်ခင်ကြိုက်နှစ်သက်တဲ့ မင်းသမီးကိုချစ်သူတော်ထားရတာ 'သန့်ရှင်း' အတွက် အတော်လေးကိုရင်မောရသောအလုပ်တစ်ခုပါ။

•••••



## ၁၂

ကိုယ်ချစ်တဲ့ချစ်သူနဲ့ပြန်ပြီး အဆင်ပြေနေတဲ့အတွက် 'နီရဲ' ရင်ထဲမှာအတော်ကလေးကို စိတ်ချမ်းသာနေရပါသည်။

သူ့ဘက်ကလည်း 'အကောက်' လေးနဲ့ပတ်သက်ပြီးဘာတစ်ခွန်းမှမမေးတော့သလို၊ 'နီရဲ' ဘက်ကလည်း ဖြစ်ခဲ့တာတွေကိုမသိချင်ဟန်ဆောင်ပြီး အရင်အချိန်တွေလိုပဲ ပြန်နေခဲ့လိုက်ပါသည်။

'နီရဲ' ဘက်က တောင်းဆိုမှုတစ်ခုတော့ရှိခဲ့သည်။ ဒါကတစ်ပတ်မှာ သုံးရက်တိတိအလုပ်ကိုမလာဘူးဆိုတဲ့ တောင်းဆို



www.burmeseclassic.com

www.burmeseclassic.com



ချက်ပါပဲ။ ဘာကြောင့်မလာဘူးဆိုတဲ့အကြောင်းကိုမမေးဘဲ ရတယ်လေလို့ အလွယ်တကူလိုက်လျော့စွာကြည်ဖြူပေးလိုက်တဲ့ သူ့ဆန္ဒက ဆန်းတော့ဆန်းကြယ်နေပါသည်။

'နီရဲ' ဘက်ကတော့ ရှင်းပါသည်။ 'အကောက်' လေးကို ထိန်းပေးဖို့အတွက် အလှည့်ကျမှီခွင့်ယူလိုက်ရခြင်းပါ။ မင်းသမီးဖြစ်တဲ့ 'ရဲစို' တောင်မှ သူ့ရဲ့အားလပ်ချိန်တော်တော်များများကိုပေးထားသေးတာ 'နီရဲ' ကဘာလို့မပေးနိုင်ရမှာလဲ။ ချစ်ကြတာခြင်းအတူတူ ကလေး ရဲ့အနွံတာကိုပိုပြီးခံရသော 'ပတ္တမြား' ကိုလည်းစာနာမိပါသည်။

ကလေးကြောင့် ဝင်ငွေဖြောင့်နေသော 'ပတ္တမြား' ရဲ့ အလုပ်ကိုလည်းမထိခိုက်စေချင်ပါ။ ဒါကြောင့်သာပဲ ရရှင်ရသလို တစ်ယောက်ရဲ့အခက်အခဲကို ကျန်တဲ့လူတွေက လှည့်ပတ်တာဝန်ယူပေးနေကြတာဖြစ်ပါသည်။

တကယ်တမ်းစဉ်းစားကြည့်ရင် ကိုယ်နဲ့မဆိုင်တဲ့အလုပ်တစ်ခုကို 'နီရဲ' တို့သူငယ်ချင်းသုံးယောက် ပေါင်းစုယူနေကြတာပါ။ ရင်ထဲမှာ အလိုလိုဖြစ်တည်လာတဲ့ သံယောဇဉ်ဆိုတဲ့တွယ်တာစိတ်ကလေးကိုသာ မငဲ့ကွက်ခဲ့ရင် ပြဿနာတွေလည်းရှိလာစရာမရှိသလို၊ စိတ်ဆင်းရဲမှုတွေလည်း ကြုံတွေ့နေစရာမရှိပါ။





အခုတော့ 'အကောက်' လေးကိုချစ်စိတ်နဲ့ အားလုံးဖုံးဖိသိုဝှက်ပြီး နေနေရလေသည်။

"ဒီနေ့ညဘက်ရုပ်ရှင်သွားကြည့်ရင်ကောင်းမယ်နဲ့တူတယ်... ကိုယ်လာခေါ်မယ်... 'နီရဲ' စောင့်နေနော်"

အရင်အချိန်တွေတုန်းကတော့ ရုပ်ရှင်ကြည့်ဖို့ကိစ္စကို 'နီရဲ' ဘက်ကစပြီး အမြဲပြောနေခဲ့ရတာဖြစ်သည်။ ကို ကရုပ်ရှင်ကိုဝါသနာမပါပေမယ့် 'နီရဲ' ကတော့ ဝါသနာပါတာကြောင့် ဘယ်ကားပဲတင်တင် မလွတ်တမ်းကြည့်ဖြစ်တာများသည်။ တစ်ခါတလေ ကိုနဲ့ကြည့်ပြီးတာတောင်မှ 'ပတ္တမြား' တို့သွားတဲ့အခါ ထမ်ပြီးလိုက်ကြည့်ဖြစ်သေးသည်။

အခုတော့ ညဘက်ဝိုင်းလေးပဲ ကလေးနားမှာနေရတာဆိုတော့ အဖြင့်ထွက်လို့မဖြစ်ပါ။ ကလေးနားမှာနေပြီး သူငယ်ချင်းသုံးယောက်မျိုးစုံပြောင်နောက်ကာ ဟားတိုက်နေရတဲ့အရသာအာဘာနဲ့မှမလဲချင်တော့ပါ။

"ကိုယ်ပြောနေတာ ကြားလား"

"ကြားပါတယ်... မကြည့်ချင်ပါဘူး အိမ်ပြန်ရောက်တာနဲ့ 'ပတ္တမြား' ကိစ္စတွေကိုကူလုပ်ပေးရဦးမယ်... 'ပတ္တမြား' ကဆိုင်ဖွင့်ဖို့လုပ်နေတာဆိုတော့ ပစ္စည်းတွေကိုစုနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါနဲ့ ဘာဆိုင်သလဲ"

"ဩော် ဆိုင်အတွက်လိုအပ်တဲ့ဒီဇိုင်းတို့ ဘာတို့ ကို 'နီရဲ' တို့ကပိုင်းရွေးပေးရတာပေါ့... ညဆို့တော်တော်မိုးချုပ်မှပဲအိမ်ဖြစ်တော့တာ"

"ဒါဆို မသွားဘူးပေါ့"

"အင်း..."

မျက်စောင်းကြီးထိုးကာ ဘုကြည့်ကြည့်နေသော သူ့ကို ပြန်ပြီးရင်ဆိုင်မကြည့်ရဲတာကြောင့် 'နီရဲ' က ကိုယ်လုပ်ပေးရမယ့်စာရင်းဖိုင်ကိုကိုင်ကာ စားပွဲရှိရာဆီပြန်လာခဲ့လိုက်ပါသည်။ ဒီလိုမှရှောင်မထွက်ရင် ချိန်းစရာကိစ္စတွေက အမျှင်ပြတ်မှာကို မဟုတ်တော့ပါ။

သူ ချိုးနေတဲ့အချိုးကို 'နီရဲ' သိပ်သိပါသည်။ အလုပ်[illegible]ပြီးတာနဲ့ အကြောင်းမရှိအကြောင်းရှာကာ 'နီရဲ' အား သူ့ အနားမှာပဲနေစေချင်ပုံရသည်။ ရှင်းရှင်းပြောရရင် သူသံသယဖြစ်နေတဲ့ ကလေးအနားမှာ ပေးမနေစေချင်တာပါပဲ။ ကလေးက 'နီရဲ' ကို တကယ်ပတ်သက်နေတယ်ဆိုရင် 'နီရဲ' ပဲ ထိန်းပေးရမယ်ဆိုတာ ကိုသူသိနေတာကြောင့် မျိုးစုံအကြောင်းရှာပြီး စမ်းသပ်နေတာပဲ ဖြစ်ရပါမည်။





စလင်းဘက်အိတ်ထဲက ဖုန်းမြည်သံကြားရတာကြောင့် ဖုန်းကိုဖွင့်ပြီး နံပါတ်ကိုအရင်ကြည့်လိုက်မိပါသည်။ အိမ်ဖုန်းနံပါတ်ဖြစ်နေတာကြောင့် 'ပတ္တမြား' ဆက်တယ်ဆိုတာသိလိုက်ရသည်။ သူ့ အပြင်ထွက်စရာကိစ္စများ ရှိနေလေသလား။ ဒီမိန်းမတလည်းအခုတစ်လောမှ ရင်ခုန်စရာတွေသိပ်ကိုများပြီး အပြင်ထွက်ဖို့ လမ်းစတွေကို ရှာဖွေနေတတ်လေသည်။

'ကိုမိုးထင်' ဖုန်းဆက်ပြီးတစ်နေရာရာကိုလာခဲ့ဖို့ ချိန်းလေသလားမသိပါ။ ကလေးကိုပါခေါ်သွားပြီး အပြင်ထွက်မယ်လုပ်နေတာကြောင့် 'နီရဲ' နဲ့ 'ရဲစို' က တားထားရသည်။ 'ကိုမိုးထင်' ရဲ့စိတ်ဓါတ်ကို 'ပတ္တမြား' က စမ်းသပ်ချင်နေတာနဲ့ ကလေးကို သူ့ ဖာလေးဆိုပြီးပြောမယ်လုပ်နေ၏။ တကယ်ချစ်တာမှန်ရင်ပို့မျိုးအိုအိုကရုမစိုက်ရဘူးဆိုပြီး သူကစမ်းသပ်ချင်နေတာဖြစ်သည်။

'နီရဲ' အခုချက်ခြင်းအိမ်ကိုပြန်လာခဲ့စမ်းပါ 'အကောက်' အားကုတင်ပေါ်ကပြုတ်ကျတာ နဖူးမှာသွေးစို့သွားတယ် ငိုတာလည်းတက်မတတ်ပဲ ငါလည်းဘာမှမလုပ်တတ်တော့ဘူး... 'ရဲစို' ဖုန်းကလည်းခေါ်လို့မရဘူး နင်မြန်မြန်လာခဲ့နော်"

ငိုသံကြီးဖြင့်အော်ပြောနေသော 'ပတ္တမြား' ရဲ့အသံကို



www.burmeseclassic.com

www.burmeseclassic.com



ကြားပြီး 'နီရဲ' ရင်ပတ်ကိုဖိလိုက်မိသည်။ ဖြစ်မှဖြစ်ရလေ။ နဖူး
တောင်ပေါက်သွားတယ်ဆိုတော့ ပြုတ်ကျတာတော်တော်များ
ပြင်းထန်သွားသလားမသိပါ။ ဦးနှောက်အသိဉာဏ်တွေဘာတွေ
ချို့ယွင်းသွားခဲ့ရင် ခက်ရချည်ရဲ့။

"နင်ဆေးခန်းအရင်သွားလိုက်လေ... ဦးလေးထွေး
ခေါ်သွားလိုက်... ငါဆေးခန်းကိုလိုက်လာခဲ့မယ်"

"ဟင့်အင်း ငါ ဒူးတွေတုန်ပြီးကားမောင်းလို့ရမှာမဟုတ်
တော့ဘူး... 'အကောက်' လေးကိုငါဖက်ထားတယ်... နင်ပဲပြ
မြန်လာခဲ့ပါ ဆရာဝန်ပါခေါ်ခဲ့ရင်ခေါ်ခဲ့လိုက်"

"ဒုက္ခပဲ... အေး အေး ငါအခုလာခဲ့မယ်"

ပိုက်ဆံအိတ်ကိုလွယ်တုန်းရှိသေးသည် သူကအနားရ
ရောက်လာသည်။

"ဘယ်သွားမလို့လဲ ရေးကြီးသုတ်ပြာနဲ့"

"အိမ်ပြန်မလို့"

"ကိုယ်လိုက်ခဲ့မယ်"

"ဟာ စိတ်ပူရတဲ့ကြားထဲ ကိုကရှုပ်နေပြန်ပါပြီ မလို
နဲ့ရတယ် 'နီရဲ' ဖါသာသွားတော့မယ်... ရုံးကိုလည်းပြန်လာ
မှပြန်လာမယ်... ပေါင်းလက်စစာရင်းတွေကိုတော့ 'အန်တီဝ





ကိုပဲအပ်ခဲ့လိုက်မယ်"

ဝရန်းသုန်းကားထွက်သွားသော 'နီရဲ' ကိုကြည့်ပြီးရင်ထဲ
ဓာင်းကြမ်လာရတာကြောင့် 'ခန့်ချော' 'နီရဲ' နောက်ကိုလိုက်သွား
ဖို့ဆုံးဖြတ်လိုက်ပါသည်။ အိမ်ထဲကိုမြန်းစားကြီးဝင်ချသွားတော့
ကော့ သူမ ဘာတတ်နိုင်မှာကျလို့။ အိမ်မှာတစ်ခုခုအရေးပေါ်
နေတယ်ဆိုတာကို 'နီရဲ' မျက်နှာကိုကြည့်လိုက်တာနဲ့ ခန့်မှန်းလို့
ရနေသည်။

'နီနီရဲ' ဆိုတဲ့မိန်းမတစ်ယောက်ကိုချစ်လိုက်မိတာ သူ့
အတွက်တော့ အဓောာ့ကိုရင်ထဲအပူမီးဝဝ်နေရလေသည်။ တစ်
ကိုယ်တည်းနေနေလို့ သံယောဇဉ်ကင်းပြီလားအောင်းမေ့သည်
ဆင့်မှတ်မထားတဲ့ကိစ္စတွေက ဝင်ရောက်လာသည်။ ချစ်သူချင်း
ဖွင့်ပွင့်လင်းလင်းဖွင့်ပြောပြလိုက်ရင် ဘာဖြစ်မှာမို့လို့လဲ။ ဖွင့်
မပြောဘူးဆိုတည်းက 'နီရဲ' ဟာ လူကြားလို့မကောင်းတဲ့လို့ဝှက်
ချက်တစ်ခုကိုလုပ်ထားတယ်ဆိုတာ သေချာနေရသည်။

'နီရဲ' ရဲ့ကားက အိမ်ကိုတိုက်ရိုက်သွားတာမဟုတ်ဘဲ
အထူးကုဆေးခန်းကြီးတစ်ခုထဲသို့ ချိုးကွေ့ဝင်သွားလေသည်။
သိပ်မကြာခင်အချိန်မှာပဲ ဆေးအိတ်ကလေးကိုသူမကိုယ်တိုင်ဆွဲ
ပေးကာ ဆရာဝန်တစ်ယောက်ကို ပင့်ဖိတ်လာမှုရသည်။



www.burmeseclassic.com

www.burmeseclassic.com



'နီရဲ' သူငယ်ချင်းတစ်ယောက်ယောက် ဘာများဖြစ်လို့လဲမသိပါ။ 'ရဲရဲစို' များ နေမကောင်းလို့လား။ သူကမင်းသမီးဆိုတော့ ဖျားတာနာတာလောက်ကို လူသိမှာစိုးပြီးအပြင်ဆေးခန်းတွေသိပ်မသွားတတ်တာ 'ခန့်ချော' သိသည်။

ဒါဖြင့်ရင်လည်း 'ရဲစို' နေမကောင်းလို့ပြန်ဦးမယ်ဆိုပြီး ပြောသွားလည်းဖြစ်တာပဲ။ 'ခန့်ချော' က လူမှုရေးနားမလည်တဲ့သူမျိုးမှမဟုတ်တာ။ ကိုယ့်အတွေးနဲ့ကိုယ် 'နီရဲ' နောက်ကိုလိုက်ရမှာ တစ်မျိုးတောင်ဖြစ်လာသည်။ အို ဘာပဲဖြစ်ဖြစ်လိုက်လာပြီးမှတော့ ပြဿနာတစ်ခုကို ရင်ဆိုင်ဖြေရှင်းလိုက်တာပဲကောင်းပါတယ်လေ။

'ခန့်ချော' သည် ချိတုံချတုံဖြစ်ချင်နေတဲ့ သူ့ရဲ့စိတ်ဓါတ်ကိုပြန်ပြင်လိုက်ရင်း အသင့်ဖွင့်ထားတဲ့ ခြံဝင်းအတွင်းသို့ကားကိုချိုးကွေ့ဝင်လိုက်မိပါသည်။

အိမ်တံခါးကလည်း ဟောင်းလောင်းပွင့်နေတာကြောင့် အတွင်းကအသံတွေကို အတိုင်းသားကြားလို့နေရသည်။ ကလေးငိုသံကလေးကလည်း ခပ်တိုးတိုးကလေးထွက်နေသည်။

ကလေးနဲ့ပတ်သက်ပြီး 'ခန့်ချော' ရဲ့ရင်ထဲမှာနဂိုတည်းက ခံစားချင်သလိုလိုဖြစ်နေရတာကြောင့် လူကသိချင်စိတ်တွေနဲ့တံခါးနားကိုခပ်မြန်မြန်ပဲ ရောက်သွားရတော့သည်။





အိမ်အတွင်းမှာတော့ 'နီရဲ' က ကလေးလေးတစ်ယောက်ကို တယုတယပွေ့ချီကာ မျက်ရည်တွေဝိုင်းသောအကြည့်နဲ့ချော့မြူနေတဲ့ပုံကိုမြင်ပြီး ရင်ထဲအေးစက်ထုံကြင်သွားရတော့သည်။



www.burmeseclassic.com

# ၁၃

"ကျွတ် ကျွတ် သားလေးရယ် ဖြစ်မှဖြစ်ရလေ... ကြည်စမ်း နဖူးမှာဘုသီးကြီးကိုထသွားတာပဲ... ဆရာမရယ် ကြည့်ပါဦး ကလေးဘာများဖြစ်သွားပြီလည်းဆိုတာ"

ဆရာဝန်မဆီ အားကိုးတကြီးကြည့်လိုက်စဉ် 'နီရဲ' အကြည့်မှာလူတစ်ယောက်ရဲ့ပုံရိပ်ကိုပါ မြင်တွေ့လိုက်ရသည်။ ဘယ်သူလဲဆိုပြီးကြည့်မိတော့ အံ့ဩသင့်သွားရသည်။ 'နီရဲ' အမေးခွန်းပေါင်းမြောက်များစွာနဲ့ အံ့ဩတကြီးစိုက်ကြည့်နေသော သူ့မျက်နှာက ခံစားချက်တွေပြည့်နေပုံရသည်။





သူ့ကိုမထင်မှတ်ပဲတွေ့လိုက်ရတဲ့အတွက် 'နီရဲ' မှာလည်း စိတ်ညစ်သွားရသည်။ 'အကောက်' လေးအတွက်ပူပင်နေရတာကတစ်မျိုး၊ သူ့ရဲ့အရေးမပါသော ဂျီတွန်မှုတွေကိုလည်း နားထောင်ရမှာကတစ်မျိုးမို့ လူကရှုံးချင်သွားမိသည်။

သူ့ကိစ္စကိုနောက်ထားကာ ကလေးကိစ္စကိုအရင်ဦးစားပေးမှဖြစ်ပါမည်။

"ဘာဖြစ်သွားလဲဟင် ဆရာမ... ခေါင်းတွေဘာတွေများ တစ်ခုခုထိခိုက်သွားမလားမသိဘူး... စိုးရိမ်လို့ပါ ဆရာမရယ်"

"ဘာမှမဖြစ်လောက်ပါဘူး... သိပ်လည်းစိုးရိမ်မနေပါနဲ့... တစ်ရက်နှစ်ရက်လောက်စောင့်ကြည့်လိုက်မယ်လေ ဒီကြားထဲတစ်ခုခုအန်တာတို့ ဘာတို့ဖြစ်လာရင် ကျွန်မဆီထပ်လာပြလိုက်ပေါ့"

ဆရာဝန်မက ကလေးအားချော့မြူကာ လိုအပ်တဲ့ဆေးတွေပေးပြီး ပြန်မို့ပြင်ပါသည်။

"မနက်ဖြန်တစ်ရက်တော့ ကလေးကိုခေါ်ပြီး ဆရာမ့်ဆီ ကျွန်မတို့လာပြပါဦးမယ်နော်"

'ပတ္တမြား' က စိုးရိမ်သလိုထပ်ပြောပါသည်။

"ရပါတယ် လာခဲ့ပါ... ဘာမှမဖြစ်နိုင်ပါဘူး"

www.burmeseclassic.com



ဆရာဝန်ကိုပြန်ပို့ပေးဖို့အတွက် 'နီရဲ' က ဆေးအိတ်ကို ကိုင်ကာ အပြင်ကိုထွက်လာခဲ့လိုက်ပါသည်။ အိမ်တံခါးဝမှာရပ်ကြည့်နေတဲ့ သူ့ကို...

"ဘာလုပ်နေတာလဲ... မပြန်သေးဘူးလား... 'နီရဲ' က ဆေးခန်းကိုပြန်သွားပို့မလို့"

'ပတ္တမြား' တစ်ယောက်တည်းကျန်နေခဲ့မှာမို့ 'နီရဲ' က အလိုက်သိစွာ ပြန်ဖို့နှင်လိုက်မိပါသည်။

"သွားပေါ့... ငါသိဘောနဲ့ငါ"

"ဒါဆိုလည်း နေ"

သူရှူးပြီးရပ်နေရတာပဲ အဖတ်တင်မှာပေါ့။ 'ပတ္တမြား' ကလည်း ကလေးနဲ့သို့ကိုဧည့်ခံနိုင်မှာမဟုတ်ပါ။

'ခန့်ချော' ကတော့ 'နီရဲ' ကားထွက်သွားတဲ့အထိစောင့်နေပြီးမှ အိမ်ထဲဝင်ဖို့ပြင်လိုက်သည်။ 'ပတ္တမြား' ကလည်းကလေးကိုပွေ့ချီကာ အိမ်တံခါးကိုပိတ်ဖို့ပြင်လေသည်။

"ကျွန်တော်စကားနည်းနည်းပြောချင်လို့ရမလားမသိဘူး"

"'နီရဲ' ပြန်လာတာကိုစောင့်ဦးမလို့လား... သူကပြန်လာမယ်လို့ပြောသွားလို့လား"





"အဲ့ဒါတော့မသိဘူး... ကျွန်တော်က မေးချင်တာလေး ရှိလို့နေခဲ့တာ"

"မေးချင်တာ"

"ဟုတ်တယ်..."

'ပတ္တမြား' ရင်ထဲရှုပ်သွားရသည်။ ဒီလူနှယ့်မေးစရာရှိတာ သူ့ရည်းစားသူမေးပါတော့လား။ မျက်နှာထားကလည်း မှုန်သိုးသိုးနဲ့ တစ်ခုခုကိုစိတ်တိုနေတယ်ဆိုတာ သိသာပါသည်။

မတ်တတ်ရပ်ကြီးပြောလို့ဆိုလို့မကောင်းတာကြောင့် အိမ်ထဲဝင်ဖို့ခေါ်လိုက်ရပါသည်။ ကလေးနဲ့ပတ်သက်ပြီးမေးလို့ကတော့ သုံးယောက်လုံးတိုင်ပင်ထားတဲ့အတိုင်း ခေါင်းခါရှောင်လွှဲပြီးဖြေရမှာပါပဲ။

"အိမ်ထဲမှာထိုင်ပြီးပြောလေ လာပါ"

'ပတ္တမြား' က 'အကောက်' လေးကို ဘီးပါသောပုခက်လေးထဲ ထည့်သိပ်ထားလိုက်ပါသည်။ ကလေးကငိုထားတဲ့အရှိန်ကြောင့်မောပန်းပြီး အိပ်ချင်နေရသည်။

"ကျွန်တော်ပွင့်ပွင့်လင်းလင်းပဲမေးချင်ပါတယ်... ဒီကလေးက ဘယ်သူ့ကလေးလည်းမသိဘူး... အရင်တုန်းကဒီအိမ်မှာကလေးမရှိဘူးဆိုတာ ကျွန်တော်သိနေတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



" 'နီရဲ' က မပြောပြဘူးလား"

"မပြောပြဘူး... ဒီကလေးကိစ္စကြောင့်ပဲ သူနဲ့ကျွန်တော် နဲ့ ခဏခဏရန်ဖြစ်နေရတယ်... ပွင့်ပွင့်လင်းလင်းမပြောရဲဘူးဆို တည်းက သူ့မှာဖော်ပြမရတဲ့ပြဿနာရှိနေလို့ပဲပေါ့"

"ကလေးတစ်ယောက်တွေ့တာနဲ့ ဘာဖြစ်လို့ 'ကိုခန့် ချော' က 'နီရဲ' ကိုပြဿနာလုပ်နေရတာလဲ"

"သူကအဲ့ဒီကလေးနဲ့ပတ်သက်ရင် လို့ချက်လွှန်းတယ် သိပ်ကိုသည်းလွန်းတယ် သူ့စိမ်းကလေးဆိုရင် သူဒီလိုမျိုးဖြစ်မှာ မဟုတ်ဘူး... အကြောင်းအရင်းမှန်ကိုပြောပြလိုက်ရင် ကျွန်တော် က ဘာလုပ်မှာမို့လို့လဲ"

"မပြောချင်လို့နေမှာပေါ့ရှင်"

"ကျွန်တော်သိချင်တာကလည်း ဒီကလေးဘယ်သူ့က လေးဆိုတာပဲ သိချင်ပါတယ်... 'နီရဲ'နဲ့မပတ်သက်ဘူးဆိုရင် ကျွန်တော်ကျေနပ်ပြီ"

'ပဒ္မာမြား' သက်ပြင်းကိုချလိုက်မိသည်။ လူသုံးယောက် နေတဲ့အိမ်ကို ကလေးတစ်ယောက်ရောက်လာတာ အဲ့ဒီလူသုံး ယောက်နဲ့ပဲ ပတ်သက်နေသည်မဟုတ်လား။ 'နီရဲ' တင်မဟုတ် 'ပဒ္မာမြား' နဲ့ 'ရဲရို' နဲ့လည်းပတ်သက်သည်။ ခွဲခြားပြီးပြောလို့





မရနိုင်ပါ။ သူသိချင်တာကိုမသိရမချင်း ပြန်မယ့်ပုံစံလည်းမမြင်။

"အရှင်းလင်းဆုံးပြောရရင် ကလေးလေးကကျွန်မတို့ သုံးယောက်လုံးနဲ့ပတ်သက်နေတယ်... ဘယ်သူ့ကလေးဆိုတာ ခွဲခြားပြီးပြောလို့မရဘူး..."

"ဟာ သုံးယောက်လုံးဆိုပြီးတော့ မပူးလိုက်နဲ့လေ တစ် ယောက်ယောက်နဲ့တော့ သက်ဆိုင်နေမှာပါ ... ပွင့်ပွင့်လင်းလင်း ပြောပြပါဗျာ"

"ရှင့်ကိုပြောပြီးပါကောလား... သုံးယောက်လုံးနဲ့ပတ် သက်တယ်လို့... 'နီရဲ' ကိုမေးလည်းဒီလိုပဲဖြေမှာပဲ... ဘယ်သူ့ ကလေးဆိုတာ ကျွန်မတို့ကမခွဲခြားထားဘူး... သူငယ်ချင်းသုံး ယောက်ရှိတာ သုံးယောက်လုံးညီတူမျှတူပဲလို့သတ်မှတ်တယ်... တစ်ယောက်ရဲ့အပူကို ကျန်တဲ့နှစ်ယောက်ကခေါင်းခံပြီး ဝင်ရှင်း ပေးဖို့လည်းဝန်မလေးကြဘူး... ဒါ အရှင်းဆုံးအဖြေပဲ"

"ဒါဆို ဘယ်သူ့ကလေးဆိုတာတော့ မပြောဘူးပေါ့"

"ဟုတ်တယ်"

"ရတယ်လေ... ကျွန်တော့်ဖါသာရအောင်စုံစမ်းပါ့မယ် ခင်ဗျားတို့ဘက်ကသာ လုံခြုံအောင်ဂရုစိုက်ထားကြ"

"ရှင်က ခြိမ်းခြောက်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ထင်ချင်သလိုထင်လို့ရတယ်လေ… အမှန်တရားတစ်ခု အတွက် ကျွန်တော့်ဘက်ကတော့ရှေ့ဆက်တိုးဖို့ ဝန်မလေးဘူး"

"ဒါကတော့ ရှင့်ဘက်ကအပိုင်းလေ"

'ပဏ္ဍုမြား' က ထိုင်နေရာကနေမတ်တပ်ထရပ်လိုက်တဲ့ အခါ 'ခန့်ချော' လည်းအလိုက်သိစွာဖြင့် ပြန်ဖို့ပြင်လိုက်ရသည်။ မပြန်ခင်ပုခက်ထဲမှာ အိပ်မောကျနေသော ချစ်စရာကောင်းသည့် ကလေးလေးကို ကဲကြည့်လိုက်မိပါသည်။

ကလေးမျက်နှာလေးက 'နီရဲ' နဲ့ဆင်တူနေတာဘာ ကြောင့်များပါလဲ။ ချစ်စရာကောင်းတဲ့ကလေးကိုတောင်မှ ရင်ထဲ မှာမချစ်ခင်နိုင်တော့တဲ့အထိအောင် သဝန်တိုမှုတွေဖြစ်ထွန်းလို့ လာရသည်။

ခပ်လှမ်းလှမ်းကြည့်နေရာကနေ အားမရတာမို့ အနီး ကလေးကိုလှမ်းလာခဲ့လိုက်သည်။ ကိုယ်ကတော့အကဲခတ်ယုံစိတ် ကူးနဲ့ကြည့်ချင်တာဖြစ်ပေမယ့် 'ပဏ္ဍုမြား' က ဘာထင်သည်မသိ ပါ။

"ရှင် ဘာလုပ်မလို့လဲ… ကလေးကိုမထိနဲ့နော်… ကျွန်မ သည်းခံမှာမဟုတ်ဘူး ဖယ် ဖယ်"

ရှေ့ကနေလက်နှစ်ဖက်ကိုဆန့်တန်းကာ ပိတ်ကာထား





လိုက်တာကြောင့် ရှေ့တိုးနေတဲ့ခြေလှမ်းတောင်လန့်သွားရ သည်။ ဒီအမျိုးသမီးနှယ် အကဲပိုရန်ကော။

"ဘာလုပ်ရမှာလဲ… ကြည့်ချင်လို့ကြည့်တာ ဒီလောက် လည်း သည်းမနေစမ်းပါနဲ့ဗျာ … ခင်ဗျားကလေးမို့ အထိမခံ အကြည့်မခံဖြစ်နေတာလား"

မပြန်သေးဘဲလေကြောရှည်နေသော 'ခန့်ချော' ကြောင့် 'ပဏ္ဍုမြား' စိတ်တိုလာရသည်။ ကလေးကိုတစ်ခုခုလုပ်လိုက်မှာ ကိုလည်း လန့်ပါသည်။ ဒီလူစိတ်ဆိုးပြီး မြန်မြန်ပြန်သွားမှပဲ အေးဆေးမှာမို့…

"ကျွန်မကလေးဆို ရှင်နဲ့ဒီလောက်ထိအောင်စကားပြော နေစရာအကြောင်းမရှိဘူး… ရှင် ကြည့်လိုက်တာနဲ့သိပါတယ် ဆယ်သူနဲ့တူတယ်ဆိုတာ ဒီလောက်ဆိုရှင်သဘောပေါက်တော့ ကဲပါ ပြန်ပါတော့ရှင်"

တွန်းမထုတ်ယုံတမယ် 'ပဏ္ဍုမြား' ရဲ့အမူအယာစကား တွေကြောင့် 'ခန့်ချော' လှည့်ပြန်လာခဲ့ရပါသည်။ ရင်ထဲမှာတော့ တကယ့်ကို မရှင်းလင်းပါ။

'ရှင်ကြည့်လိုက်တာနဲ့ သိပါတယ်' ဆိုတာ ဘာအဓိပ္ပါယ် နဲ့ပြောလိုက်တဲ့စကားပါလဲ။ ဘာလဲ 'နီရဲ' ရဲ့ကလေးပဲဆိုဝှာ



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ပြောပြလိုက်တာလား။

'ခန့်ချော' ရင်ထဲမှာပူပင်နေမြော်သွားကာ ငိုချင်သလိုလည်းဖြစ်လို့လာခဲ့ရသည်။ 'နီရဲ' သာ တကယ်ပဲကလေးလေးရဲ့ အမေတစ်ယောက်ဖြစ်နေမယ်ဆိုရင် သူ ရှေ့ဆက်ပြီးဘယ်လိုစဉ်းစားဆုံးဖြတ်ရမလဲ။ မိဘတွေကိုလည်း သနားမိပါသည်။

## ၁၄

ပတ်ဝန်းကျင်ကမှောင်မည်းပြီး ခြင်တွေကိုက်နေပေမယ့် စွမ်းမလျှော့ချင်သောစိတ်ဓါတ်ကြောင့် ပေတောပြီးရပ်ကာခြံတွင်း အခြေအနေကို အကဲခတ်ကြည့်နေမိပါသည်။ တိုက်ကြီးအတွင်းမှာ ဝတ္တမြား' တို့ရဲ့အော်ဟစ်ရယ်မောသံ သီချင်းဆိုသံတွေကို တော့ ကြားလို့နေရသည်။

ဒီမိန်းမ ပြောတုန်းကတော့ နေမကောင်းချင်လို့အပြင် မထွက်နိုင်လို့ပြောပြီး ခုကျတော့အသံသေးအသံညှောင်နဲ့သီချင်းတွေ အော်အော်ဆိုနေတာ ပတ်ဝန်းကျင်ကိုတောင် အားမနာတော့



www.burmeseclassic.com

www.burmeseclassic.com



ဘူးလားမသိပါ။ သူတစ်ယောက်တည်းတင်မဟုတ် 'နီနီရဲ' နဲ့ 'ရဲရဲစို' ရဲ့အသံကိုလည်း ကြားနေရသည်။ ဒီလောက်တောင်အော်ဟစ်မြူးတူးနေတာ ဘာကြောင့်များပါလဲ။ ကြည့်ရတာသီချင်းဆိုယုံတင်မကဘဲ ခုန်ပေါက်ပြီးကနေသလားတောင်မသိပါ။

ခြံတွင်းကအခြေအနေကိုကြည့်ပြီး ရှင်းတယ်ဆိုတာနဲ့ အိမ်အတွင်းပိုင်းကိုချောင်းဖို့အထိ 'မိုးထင်' ကစိတ်ကူးထားသည်။ ခြံစောင့်ဦးလေးကြီးက ပုံမှန်ညဦးပိုင်းလောက်မှာ လက်ဘက်ရည်ဆိုင်ထိုင်တတ်တာမို့ ဦးလေးကြီးလစ်တဲ့အချိန် ခြံထဲဝင်ဖို့ဆုံးဖြတ်ထားလိုက်ပါသည်။

အခုရက်ပိုင်းမှာ 'ပတ္တမြား' ကိုချိန်းလိုက်တိုင်း ကလေးထိန်းနေရတယ်အကြောင်းပြကာ ဘယ်ကိုမှခေါ်လို့မရပါ။ အရင်တုန်းကကလေးကိစ္စမရှိပေမယ့် အခုစကားထဲမှာပါပြောလာတဲ့အတွက် ကလေးဆိုတာကို 'မိုးထင်' စိတ်ဝင်စားလာခဲ့ရပါသည်။ ဘယ်သူ့ကလေးလည်းဆိုတော့ သူတို့ကလေးတဲ့။ 'မိုးထင်' ကတော့ အနေအေးသော 'ပတ္တမြား' ကိုယုံကြည်ပါသည်။ ညီမဖြစ်သူရဲ့ပတ်သက်နေတဲ့ကလေးများလားဆိုပြီး မနေနိုင်စွာ 'ရဲစို' ဆီဖုန်းဆက်မေးကြည့်လိုက်သေးသည်။

"'ကိုမိုး' က 'ရဲစို' ရဲ့ကလေးထင်နေတာလား... လောက





ကြီးမှာ 'ကိုမိုး' မသိတဲ့အကြောင်းအရာတွေအများကြီးရှိနေသေးတယ်... 'ရဲစို' တို့ကအရာရာကို ပွင့်ပွင့်လင်းလင်းပဲ... ထိန်ချန်မထားတတ်ဘူး... 'ရဲစို' ကလေးဆိုရင် ဘယ်ကိုပဲသွားသွားခေါ်သွားမှာပေါ့... အခုကလေးက ဘယ်သူ့လက်ထဲမှာအများဆုံးရှိနေတယ်ဆိုတာ 'ကိုမိုး' သိသင့်ပါတယ်... ရှည်ရှည်ဝေးဝေးတွေလည်းမပြောချင်တော့ပါဘူး... ကလေးလေးကို 'ရဲစို' လည်းတအားချစ်တယ်... ကလေးကို 'ရဲစို' တို့သုံးယောက်ရဲ့ကလေးအဖြစ်မှတ်ထားတယ်... ကျန်တာတွေ ဘာမှမပြောချင်တော့ဘူး"

အဲဒီလိုမရေမရာစကားတွေနဲ့ 'မိုးထင်' ရဲ့စိတ်ကို 'ရဲစို' က ကလီစွသွားခဲ့တာဖြစ်သည်။ 'ပတ္တမြား' ရဲ့ကလေးဆိုရင်လည်း ရှင်းရှင်းလင်းလင်းပြောသွားလိုက်ပါလား။ 'မိုးထင်' ကတော့ 'ပတ္တမြား' မှာ ဘယ်လိုနောက်ကြောင်းမျိုးပဲရှိနေခဲ့ပါစေ ခွင့်လွှတ်စိတ်မွေးကာ ချစ်ဖို့ဆုံးဖြတ်ထားခဲ့ပြီးပါပြီ။ ကိန်းခန်းကြီးသောဖေဖေနဲ့မေမေကတော့ သဘောတူနိုင်ပါ့မလားမသိပါ။

'မိုးထင်' ဘက်ကတော့တကယ်ဟုတ်မဟုတ်ဆိုတဲ့အဖြေတစ်ခုကိုသာ သိချင်မိတာကြောင့် လာစုံစမ်းခြင်းဖြစ်ပါသည်။ တကယ်ဟုတ်နေတော့လည်း မိဘတွေကိုပြန်တိုင်ပင်ပြီး ရှေ့အရေးအတွက်ရင်လေးစွာနဲ့ ညှိနှိုင်းရတော့မှာပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com



မှောင်ရိပ်ခိုကာချောင်းကြည့်နေဆဲ 'မိုးထင်' ရဲ့ပခုံးကို ခပ်ပြင်းပြင်းလာပုတ်ခြင်းခံရတာကြောင့် လန့်သွားရသည်။

"အံမယ်လေးဗျာ"

ခိုးကြောင်ခိုးဝှက်ဖြစ်နေတော့ စိတ်ထဲလုံခြုံမှုမရှိတာ လည်းပါသည်။

"ခင်ဗျား ဘာလုပ်နေတာလဲ...ဘာခိုးမလို့ချောင်းနေတာ လည်းပြောစမ်းပါ"

"ဟာ ငါ့ရုပ်ကသူခိုးရုပ်ပေါက်အောင် နုံချာနေလို့လား သေချာလည်းကြည့်ပြောပါ... ကိုယ်ပိုင်ကားနဲ့လာတာကွ နာ လည်လား မင်းကကောဘာကောင်လဲ... မှောင်ရိပ်ခိုပြီးဒီခြံနား ဘာလို့ကပ်လာတာလဲ"

ကိုယ်ခန္ဓာကိုမတ်ကာ ခပ်တင်းတင်းပြန်ပြောလိုက် သည်။ ကိုယ့်ရင်ထဲမှာဖြစ်နေတဲ့ဆန္ဒကို အပြင်လူတစ်ယောက်က သိနိုင်တာကျလို့။

'သန့်ရှင်း' အနေနဲ့လည်း မထင်မှတ်ဘဲ 'ရဲစို' တို့ခြံနား မှာ ကုပ်ချောင်းချောင်းလူတစ်ယောက်ကို တွေ့လိုက်ရတာကြောင့် စိတ်ထဲပူပင်စွာနဲ့ဟောက်လိုက်မိတာပါ။ သူစိမ်းရှိနေတဲ့အတွက် စိတ်ထဲရှုပ်သွားတာလည်းပါသည်။





ဒီလူပုံစံကတော့ သားသားနားနားပါပဲ။ ကားနဲ့လာပြီး ဘာလာချောင်းနေတာလဲ။ 'ရဲစို' ကိုများ လာချောင်းနေတာလား။

"ဒီမှာ ခင်ဗျား မင်းသမီး 'ရဲရဲစို' ကိုလာချောင်းကြည့် နေတာမဟုတ်လား"

"အောင်မာ ရာရာစစ... လူတကာကြိုက်နှစ်သက်တဲ့ မိန်းကလေးမျိုးကို ငါကစိတ်မဝင်စားဘူးကွ... ပြီးတော့ 'ရဲစို' က ငါ့ညီမ... ကြည့်ရတာ မင်းငါ့နှမကိုလာချောင်းတာလားပြော စမ်း"

'သန့်ရှင်း' လန့်သွားရသည်။ 'ရဲစို' ပြောပြဖူးတဲ့ 'မိုးထင်' ဆိုတဲ့သူ့အစ်ကိုများလားမသိပါ။ 'ပဋ္ဌာမြား' နဲ့ပတ်သက်ပြီးသူ့ အစ်ကိုနဲ့ပြန်ဆုံရပုံကို 'ရဲစို' ပြောပြဖူးပါသည်။ 'သန့်ရှင်း' တို့ ကတော့ ယောက်ဖဖြစ်သူကိုမှ ခေါင်းခေါက်မိပါပြီ။

"ဟာ ကန်တော့နော် ကန်တော့ အစ်ကို... ကျွန်တော်က တခြားလူထင်ပြီး ပြောလိုက်မိတာပါ... အစ်ကို့နာမည် 'ကိုမိုး ထင်' လား"

"ဟုတ်တယ်... မင်းကကော..."

"ကျွန်တော် 'သန့်ရှင်း' ပါ"

"ဪ လက်စသတ်တော့ 'ရဲစို' ရဲ့လက်ရှိချစ်သူပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ လက်ရှိလို့တော့မပြောပါနဲ့ဗျာ... 'ရဲစို' မှာချစ်သူဆိုလို့ ကျွန်တော်တစ်ယောက်တည်းပဲရှိတာပါ... တခြားဘယ်ယောက်ျားနဲ့မှလည်း သူချစ်သူမဖြစ်ဖူးပါဘူး... အစ်ကိုပြောတဲ့ပုံက 'ရဲစို' က ရည်းစားများသူလိုဖြစ်နေပြီ"

"ပြောလို့ရမလားကွ"

"ရတယ်... ကျွန်တော် အာမခံပါတယ်"

"ကဲကွာ ဆက်မငြင်းတော့ပါဘူး... မင်းဒီကိုညဘက်ကြီးဘာလာလုပ်တာလဲ... 'ရဲစို' နဲ့ချိန်းထားလို့လား"

"မချိန်းထားပါဘူး... ကိစ္စလေးတစ်ခုရှိလို့ လာချောင်းကြည့်တာ..."

"ဘာကိစ္စလဲ..."

'မိုးထင်' ကိုယ်တိုင်လည်းကိစ္စတစ်ခုနဲ့ ရောက်လာရတာကြောင့် စပ်စုပြီးမေးကြည့်လိုက်တာဖြစ်ပါသည်။

"ဟို ဟို..."

"ပွင့်ပွင့်လင်းလင်းပဲ ပြောစမ်းပါကွာ... တစ်ခုခုဆိုငါဆုံးမပေးပါ့မယ်"

"ဟာ ဝမ်းသာလိုက်တာဗျာ... 'ကိုမိုးထင်' ကိုလည်းမေးကြည့်ရမယ်... အခု 'ရဲစို' တို့အိမ်မှာကလေးတစ်ယောက်ရောက်





နေတယ်... အဲ့ဒီကလေးက ဘယ်သူ့ကလေးဆိုတာကိုမေးကြည့်တာ ပြောမပြဘူးဗျာ... ရေလည်ငြင်းတယ်... တခြားကလေးကိုခေါ်မွေးစားထားတယ်လို့ပြောရင်လည်းရပါတယ်... အခုဟာက မေးလိုက်တိုင်း ဝေ့လည်လည်နဲ့သူတို့သုံးယောက်ရဲ့ကလေးဆိုပြီးပဲပြောပြောနေတယ်... 'ရဲစို' ရဲ့ကလေးဖြစ်လိမ့်မယ်လို့ ကျွန်တော်ကတော့ လုံးဝကိုမထင်ဘူး... ဖြစ်ချင်းဖြစ်ရင် 'နီရဲ' ရဲ့ ကလေးပါမှမဟုတ်..."

"တော်ပြီ တော်ပြီ မင်းဘာမှထပ်မပြောနဲ့တော့... ငါလည်း ဒီကိစ္စကိုစုံစမ်းဖို့ရောက်လာတာကွ... 'ပတ္တမြား' ရဲ့ကလေးလည်း လုံးဝမဟုတ်ဘူးကွ... 'ပတ္တမြား' ပုံစံကိုကြည့်တာနဲ့ အပျိုတစ်ယောက်ဆိုတာသိသာတယ်... 'ပတ္တမြား' ကိုငါစလိုက်တည်းက သူ့ပုံစံက ယောက်ျားတွေနဲ့မပတ်သက်ဖူးဘူးဆိုတာသိပ်ကိုသေချာတယ်"

'သန့်ရှင်း' စိတ်ထဲကနေ ကဲ့ရဲ့လိုက်သည်။ ဟွန်း သူ့မိန်းကလေးကိုထိမှာစိုးလို့ အတင်းကာရောကို ပုတ်ထုတ်နေသည်။ 'ပတ္တမြား' တစ်ယောက်တည်း အပျိုတစ်ယောက်နဲ့တူနေတာလား။ 'ရဲစို' ဆိုရင်လည်း နာမည်ကြီးမင်းသမီးသာဆိုတယ် ဘယ်သူနဲ့နာမည်များထွက်ဖူးလို့လဲ။



www.burmeseclassic.com

www.burmeseclassic.com



သူ့သိက္ခာကိုသူ အင်မတန်ထိန်းသိမ်းသော မိန်းကလေး တစ်ယောက်ဖြစ်ပါသည်။ 'ကိုမိုးထင်' ကိုကြည့်ရတာ 'ပတ္တမြား' တစ်ယောက်ပဲအပြစ်ကလွတ်ပြီး ကျန်တဲ့သူတွေဘာယ်သူပဲဖြစ်ဖြစ် ငါ့အပူမဟုတ်ဘူးဆိုပြီး တွက်ဆထားပုံရလေသည်။

"ကဲပါ အဖြေတစ်ခုခုတော့ရအောင်ရှာရမှာပဲ မင်းလည်း 'ရဲစို' ကိုမစွန့်လွှတ်နိုင်သလို ငါလည်း 'ပတ္တမြား' ကိုမစွန့်လွှတ်နိုင်ဘူး... လူရှင်းနေပြီကွ... စောစောလေးကတင် အဘိုးကြီးလစ်သွားပြီ... ဝင်ကြမလား"

သော့ခတ်ထားသောခြံတံခါးကိုကျော်ခွပြီး 'မိုးထင်' တို့ နှစ်ယောက်ခြံထဲရောက်လာကြသည်။ စောစောတုန်းကတော့ တစ်ယောက်တည်းဆိုတော့ စိတ်ထဲမဝံ့မရဲဖြစ်မိပေမယ့် အဖော်ပါလာတဲ့အခါကျတော့ သတ္တိတွေကအလိုလိုရှိလာပါသည်။

'သန့်ရှင်း' ကိုယ်တိုင်လည်း တစ်ခုခုဆိုရင်အားမှာတည် မယ့်သူရှိနေတယ်ဆိုတဲ့အတွေးဖြင့် ကျော့ကျော့နပ်နပ်သူ့ရှာထဲ ကျူးကျော်ဝင်ရောက်လာမိသည်။ တစ်ယောက်တည်းဆိုရင် ခြံ မြင့်ဘက်လောက်ကပဲ ငေးကြည့်ဖို့သတ္တိရှိမှာပါ။

မှန်ပြူတင်းတွေရှိသော တိုက်အောဘက်ကို နှစ်ယောက် သားခပ်ကုပ်ကုပ်လျှောက်လာမိကြသည်။ အထဲမှာဓာခန်းဆီးဖြူ





ဖြူပဲခြားနေတာမို့ အတွင်းကမြင်ကွင်းတွေကိုတော့ ခပ်ဝါးဝါး လေးမြင်တွေ့နေခဲ့ရသည်။

ကြည့်စမ်း...၊ အနေအေးတယ်လို့ထင်ရတဲ့ 'ပတ္တမြား' မှာ 'ရဲစို' ရဲ့ဂါဝန်ရှည်တစ်ထည်ကို ကောက်ခွပ်ထားပြီး သီချင်း လည်းအော်ဆို၊ ပုံမကျပမ်းမကျကကွက်တွေနဲ့လည်း ထွန့်ထွန့် လူးအောင်ကနေလေသည်။

'မိုးထင်' ရဲ့မျက်နှာကြီးမှာ အီလည်လည်ဖြစ်ကာပေါက် ကရစ်တွေလုပ်နေသော 'ပတ္တမြား' ကိုအပြစ်မြင်ချင်နေမိသည်။ သူနဲ့တွေ့တဲ့အခါတိုင်းတော့ တကယ့်ကိုသိက္ခာတည်ကြည်သော မိန်းမအသွင်ဖမ်းကာ စီးပွားရေးကလွဲပြီးဘာကိုမှ စိတ်မဝင်စား သလိုလိုမျိုးလုပ်ထားသည်။

"ဟား ဟား ရယ်ရတယ်ကွ 'ပတ္တမြား' ကနေတဲ့ပုံကြီးက မြန်မာလိုက်တာ... အသံကလည်းကြောင်စီနေသေးတယ်... အရှုံးမကြီး ကျနေတာပဲ"

"ဟော့ကောင် မင်းငါ့ရည်းစားကိုမစော်ကားနဲ့... သူက ကလေးကိုအပျော်လုပ်ပြနေတာဖြစ်ရမယ်... ဟိုမှာတွေ့လား 'ရဲစို' လက်ထဲကကလေးလေးကို ဖျော်ဖြေနေတာ... ဟားဟား ကြည့်ရတာ 'ရဲစို' ပဲ ကလေးအမေဖြစ်နေဖို့များတယ်"



www.burmeseclassic.com

www.burmeseclassic.com



'သန့်ရှင်း' မျက်နှာက ပုပ်ပွသွားရသည်။ သူများပြောလည်းပြောစရာ၊ 'ရဲစို' က ကလေးကိုပွေ့ပိုက်ကာ ကိုယ်ခန္ဓာကိုပါကိုင်းပြီး ချော့မြူနေလေသည်။

"ဟဲ့ ကလေးကိုစမနေနဲ့... နို့ကိုသေချာတိုက်စမ်းပါ... သားသား ဒီနေ့နို့သိပ်မစို့ဘူး"

သီချင်းဆိုနေရင်းတန်းလန်း 'ပတ္တမြား' က အော်ပြောလိုက်တာဖြစ်သည်။ 'မိုးထင်' ကော 'သန့်ရှင်း' ပါ မျက်လုံးတွေပြူးကုန်ရတော့သည်။ ကလေးကိုနို့တိုက်နေတာသည် 'ရဲစို' ဆိုတော့ အဖြေကသေချာသလောက်ဂိသွားရပါပြီ။ ဒါကြောင့် 'ရဲစို' ရဲ့ခန္ဓာကိုယ်က ကိုင်းတိုင်းတိုင်းဖြစ်နေတာကိုး။

ကျောပေးအနေအထားမို့ နို့တိုက်နေတယ်ဆိုတာကိုပဲပြောလို့သိလိုက်ရပါသည်။ 'သန့်ရှင်း' ရင်ထဲကျင်ကနဲပင်ဖြစ်သွားရကာ စိတ်ထဲလည်းမွန်းကြပ်သွားရတော့သည်။ ရက်စက်လိုက်တာ။ သူနဲ့စတွေ့တည်းက ပြောလာလိုက်တာသည် အခုမှအချစ်ဆိုတာကို တွေ့ဖူးတာတဲ့လေ။ ဘယ်မိန်းမယောကျ်ားရဲ့ရင်ခွင်ထဲကိုမှလည်း အလုပ်သဘောအရလွဲပြီး မခိုဝင်ဖူးပါတဲ့။

ဒီလိုအပြော၊ ဒီလိုလေသံတွေနဲ့ ကလေးတစ်ယောက်ကို ဘယ်လိုများမွေးလာခဲ့သလဲ။ ကျောပေးထိုင်နေတဲ့ 'ရဲစို' ကို





သွားပြေးပြီး ဆောင့်ဆောင့်ဆွဲကာမေးကြည့်လိုက်ချင်ပါသည်။

နှလုံးသားတစ်ခုလုံး နာကျင်စုတ်ပြတ်သွားရပေမယ့် လမ်းခွဲဖို့ကိုတော့ စိတ်ထဲမှာမဝံ့မရဲဖြစ်ကာနေမိသည်။ ဘာလို့ လိမ်ညာတာလည်းဆိုတာတစ်ခုကိုတော့ မျက်နှာချင်းဆိုင်ပြီးမေးကြည့်လိုက်ချင်ပါသေးသည်။

ငေးကြည့်နေရင်း မျက်ရည်တွေဝဲတက်လာတဲ့ 'သန့်ရှင်း' ကို 'မိုးထင်' က စိတ်မကောင်းသလို လှမ်းပြောလိုက်မိသည်။

"ဒီလောက်ကြီးလည်း စိတ်မကောင်းမဖြစ်ပါနဲ့ကွာ... ငါ့ညီမအရင်တုန်းက မိုက်ခဲ့တဲ့ဇာတ်လမ်းပဲဖြစ်မှာပါ... အခုသူခြေငြိမ်နေပါတယ်... မင်းတစ်ယောက်တည်းကိုပဲ ချစ်သူအဖြစ်ရွေးထားတယ်ဆိုတာ ငါ့ကိုပြောပြဖူးပါတယ်... ငါ့ဘက်ကတော့ ပေါင်းရမှာကမင်းတို့ဆိုတော့ ဘာမှမတိုက်တွန်းချင်ဘူး... မင်းဆုံးဖြတ်ပါ... မင်းကြည်ဖြူမှလည်း အိမ်ထောင်တစ်ခုကသာယာမှာမဟုတ်လား... ကဲ သွားကြရအောင်"

'မိုးထင်' က 'သန့်ရှင်း' ရဲ့ပခုံးကိုလှမ်းဖက်လိုက်ပါသည်။

"ကျွန်တော်မထင်ထားဘူးဗျာ... သူ ဒီလောက်ပိပိရိရိနေနိုင်လိမ့်မယ်လို့လည်းမတွေးမိဘူး... အရင်တုန်းက ဒီကလေး



www.burmeseclassic.com

www.burmeseclassic.com



က ဘယ်ကိုရောက်နေသလဲ... သူ့မှာအားကိုးလို့ရမယ့်ဆွေမျိုး မရှိဘူးဆိုတာလည်း ကျွန်တော်သိနေတယ်... သူလည်းပြောပြခဲ့ တယ်... ကလေးကို ဘယ်သူထိန်းသိမ်းပေးထားသလဲ"

"ဟာ ငါတို့နဲ့အဆက်အသွယ်ပြတ်နေလို့ သူနဲ့ဝေးသ လိုဖြစ်နေတာပါ... တစ်ခုခုဆို ငါ့ညီမဒုက္ခမရောက်အောင်တော့ ငါတို့တာဝန်ယူပေးမှာပါ"

"အပိုတွေ... ခင်ဗျားတို့တာဝန်ကျေကွန်းလို့ အခု 'ရဲစို' ကလေးတစ်ယောက်မွေးလိုက်တာတောင် မသိလိုက်ဘူးမဟုတ် လား... ကျွန်တော် မကျေနပ်ဘူးဗျာ တစ်ခုခုပေါက်ကွဲပစ်လိုက် ချင်တယ်"

"ဟော့ကောင် စိတ်ကိုလျှော့ကွာ... မင်းတို့နှစ်ယောက် နောက်မှပဲအေးအေးဆေးဆေး ညှိနှိုင်းကျတော့... အခုတော့ဖြန် မှပဲကောင်းတော့မယ်ကွ... ဟိုအဘိုးကြီးလည်း ပြန်လာကာနီးနေ ပြီ"

'မိုးထင်' က 'သန့်ရှင်း' ကိုအတင်းတွဲကာပြန်ဖို့ခြေလှမ်း စဆဲ အထဲမှ 'ပတ္တမြား' ရဲ့အသံက ခပ်စူးစူးကြီးထွက်ပေါ်လာပါ သည်။

"မောလာပြီဟယ်... 'ရဲစို' နင်ဆိုပြီးလာကပြတော့... နင်





က အသံလည်းကောင်းအကလည်းကောင်းတယ်... ငါတစ်လှည့် ကလေးကိုနို့တိုက်ပေးမယ် လာ လာ"

'မိုးထင်' နားထဲအုန်းကနဲမိုးကြိုးပစ်ချလိုက်သလားထင် ရအောင် လှုပါတုန်လှုပ်သွားရလေသည်။ ခြေလှမ်းတွေပင်ယိုင် သွားရကာ အသက်မင်ဘယ်လိုရှူရမှန်းပင် မသိအောင်အခြေ အနေဆိုးဝါးသွားခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com

## ၁၅

'မိုးထင်' အား မျက်လုံးပြူးကြီးဖြင့် လှမ်းကြည့်နေသော 'သန့်ရှင်း' ကိုပြန်စိုက်ကြည့်ရင်း ခေါင်းကအနောက်ဘက်သို့ပြန်လည်ထွက်သွားရတော့သည်။ ကော်ဖောခင်းထားသောကြမ်းပြင်မှာ 'ပတ္တမြား' က ကျောပေးထိုင်ရင်း 'ရဲစို' တို့မြင်တွေ့ရခဲ့တဲ့အတိုင်း ခပ်ကုန်းကုန်းလုပ်နေပြန်သည်။

ဒါ ကလေးကိုနို့တိုက်နေတာပဲပေါ့။ သွားပြီ ဘာတွေဖြစ်ကုန်ပြီလဲ။ ခုနကလည်း 'ရဲစို' ကိုယ်တိုင်နို့ကုန်းတိုက်နေတာကိုသေချာတွေ့ခဲ့ပြီးပါပြီ။ ဟော အခု 'ပတ္တမြား' ဖြစ်နေပြန်ပြီ။





သူတို့တွေဘာတွေအယ်လို့လုပ်နေကြတာလဲ။ တော်တော်လည်းစာတိရှုပ်လုပ်နိုင်ကြတဲ့သူတွေပါပဲ။

"ဟာ 'ပတ္တမြား' လည်း အင်ကြီးဖြစ်နေပါလား... ကြည့်စမ်း ကလေးကိုနို့တိုက်နေတယ်... တွေ့လား တွေ့လား 'ကိုမိုးထင်' မြင်ရရဲ့လား"

"မြင်ပါတယ် မင်းဘယ်လိုဖြစ်နေတာလဲ မင်းအသံကြီးက အစော်ကြီးကို အားရဝမ်းသာဖြစ်နေပုံရတယ်... ငါ့ကိုလာမဆွဲနဲ့"

'မိုးထင်' လက်ကိုလာဆွဲသော 'သန့်ရှင်း' အားဆောင့်တွန်းပစ်လိုက်မိသည်။ 'မိုးထင်' ရင်ထဲဘယ်လိုဖြစ်သွားမှန်းပင်မသိလိုက်အောင်ပါ။ တကယ့်ကိုနာကျင်ကျိန်းစပ်နေသောဝေဒနာကို ရင်ထဲမှာခံစားနေရသည်။

'သန့်ရှင်း' အပေါ်ကို ခုနက ဆရာကြီးအသွင်နဲ့သြဇာတွေချထားမိတဲ့အတွက် ပိုပြီးအရှက်ရနေမိပါသည်။ 'မိုးထင်' လည်းဘာထူးလို့လဲ။ 'သန့်ရှင်း' လိုပဲ အဘတ်ခံလိုက်ရတာပါ။ အင်း 'ပတ္တမြား' ကပြောတော့လည်းပြောသားပင်။ ဒီကလေးကသူတို့ကလေးဆိုထားတဲ့အတွက် 'ပတ္တမြား' ကိုယ်တိုင်လည်းတတ်သက်နိုင်တာပဲမဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ 'မိုးထင်' ရဲ့ယုံကြည်ချက်က 'ပတ္တမြား' ဟာအပျို စင်စစ်မိန်းကလေးတစ်ယောက်ဆိုတာကိုပဲ တွက်ဆထားသည်။ ဒီလိုကိစ္စမျိုးတွေရှိလာလိမ့်မယ်လို့ ဘယ်တုန်းကမှ မစဉ်းစားထား ခဲ့ဖူးပါ။

"တောက် ငါအိမ်ထဲဝင်ပြီး ပြောပစ်မယ်ကွာ... ဒီမိန်းမ ငါ့ကိုကျတော့ အိုင်တင်တွေအမျိုးမျိုးနဲ့ လေလုံးတွေထွားပြခဲ့တယ် ယောကျ်ားတွေနဲ့ မပတ်သက်ချင်သလိုလို စိတ်မဝင်စားသလိုလို နဲ့ တစ်သက်လုံးပဲ အပျိုကြီးလုပ်မယ့်အချိုးမျိုးတွေနဲ့ လေကျယ်ပြ ခဲ့တာကွ... အခုအပျိုကြီးလုပ်မယ့်လူက ကလေးတစ်ယောက်မွေး ထားပြီးနေတာ ငါသိပါတယ်လို့ ပြောတော့ ဒင်း ဘာပြန်ပြောဦး မလဲ"

ဟုတ်တယ်၊ လေလုံးကြီးတဲ့မိန်းမကိုအရှက်ခွဲပစ်ဦးမည်။ တန်ဖိုးထားပြီးချစ်နေရတဲ့ သူ့ကိုတော့ ဂရုမစိုက်ဘဲ လူမိုက်ချင်ရဲ တွေလုပ်ထားခဲ့တဲ့ နှောင်းပိုင်းကာလတွေကိုကျတော့ ဥပေက္ခာပြု ထားတာ ကောင်းတဲ့အလုပ်လား။ ရိုးသားပွင့်လင်းတဲ့မိန်းကလေး ဆိုရင် သူနဲ့ စပတ်သက်တည်းက ကျွန်မဘာဖြစ်ခဲ့တယ် ဘာတွေ မှားခဲ့တယ်ဆိုတာကို ဖွင့်ပြောပြနိုင်ရမှာပေါ့။

အခုတော့ ပြန်ပြီးကြည်မလိုလိုဒီဇိုင်းတွေချိုးပြီး လူကို





နှိပ်စက်ထားတာ ကောင်းတဲ့အလုပ်လား။ တွေးကြည့်လေ ခံပြင်း လေးမို့ 'မိုးထင်' မှာချွေးတွေပင်ပြန်ပြီး မျက်နှာတွေလည်းနီရဲ လာခဲ့ရပါသည်။

"သွားမယ်ကွာ..."

"ဟာ နေဦးလေ... ဆွတ်ဆက်သွားလိုက်လို့ရမလား... သူတို့အိမ်မှာသူတို့ဖါသာနေနေတာကို ခင်ဗျားကပြဿနာသွား ရှာရင်ဒုက္ခရောက်သွားမှာပေါ့... ပြီးတော့ ကျွန်တော်တို့ကခြံတံ ခါးပိတ်ထားတာကို နိုးဝင်လာတာလေ... သူများအပြစ်ကိုပြော တာထက် ကိုယ့်အပြစ်ကပိုကြီးနေမယ်... နောက်နေ့တွေ့ပြီးရှင်း လည်းရသားနဲ့..."

"မရဘူးကွ... ငါဒေါသတွေ သိပ်ထွက်နေပြီ",

"'ပတ္တမြား' နဲ့ ခင်ဗျားနဲ့က ချစ်သူတွေဖြစ်နေကြပြီ လား"

'ရဲစို' ပြောပြထားတာက 'ကိုမိုးထင်' က 'ပတ္တမြား' ကို လိုက်နေတုန်းဆိုတဲ့အဆင့်သာရှိပါသေးသည်။ ဒီကြားထဲလည်း သူတို့နှစ်ယောက်ပြေလည်သွားတယ်ဆိုတာ ပြောမပြသေးပါ။ ပြေလည်သွားရင်လည်း သူတို့သူငယ်ချင်းတွေ ထားရှိသေးတဲ့ ကတိအတိုင်း ချစ်သူကိုမိတ်ဆက်ပေးတဲ့ စားပွဲတစ်ခုလုပ်ရမှာ



www.burmeseclassic.com

www.burmeseclassic.com



ပင်။ 'ကိုမိုးထင်' စိတ်လောကြီးနေတာပဲ ဖြစ်ရမည်။ 'သန့်ရှင်း' တွေးနေတာ မမှားနိုင်ပေ။

"ချစ်သူတွေဖြစ်ဖြစ်မဖြစ်ဖြစ်ကွာ... ငါ့ဘက်ကတော့သူ့ကိုလက်ထပ်ဖို့အထိ ရည်ရွယ်ထားတာဆိုတော့ ချစ်သူလို့ပဲသတ်မှတ်ထားတယ်... သူ့ရင်ထဲကအချစ်ကိုလည်း မြင်နေရပြီ... ငါကြမ်းလိုက်လို့ ဘာမှမဖြစ်ဘူး"

"ဘာမဖြစ်ရမှာလဲ... ရှင်နဲ့ကျွန်မနဲ့ ဘာဆိုင်လို့လည်းဆိုပြီး ပါးချလိုက်ရင်ဘယ်လိုလုပ်မလဲ... 'ကိုမိုးထင်' အနေနဲ့ဘာမှသွားကြမ်းလို့ မရသေးဘူး... ကျွန်တော် 'ရဲစို' ကိုကြမ်းမယ်ဆိုရင်တောင်မှ ချစ်သူတွေချင်းမို့ပြောလို့ရတယ်... 'ကိုမိုးထင်' မှာက ဘာမှရေရာသေချာတဲ့အဖြေရသေးတာမဟုတ်ဘူး"

"မရလည်း ငါကသောက်ဂရုမစိုက်ဘူးကွ"

"တစ်ခုပဲစဉ်းစား... 'ပတ္တမြား' နဲ့ဇာတ်လမ်းကိုရှေ့ဆက်တိုးမတိုးဆိုတာကို... 'ကိုမိုးထင်' စိတ်ထဲခွင့်လွှတ်နိုင်တာသေချာရင် ဖြစ်ပြီးခဲ့တာတွေကို ဘာမှပြန်ပြောမနေနဲ့တော့ ပြန်ပြောနေရင် 'ပတ္တမြား' ဘက်ကစိတ်ညစ်ရတာပဲ အဖတ်တင်မယ်လေ"

"ခုချိန်မှာ ငါ့ဘက်ကဘာမှကို မဆုံးဖြတ်နိုင်သေးဘူး... ငါ့မိဘသဘောမတူဘူးဆိုတာကိုပဲ သိနေတယ်... တောက် ရေ





လည့်ရက်စက်တယ်ကွာ... မိန်းမတွေများ တကယ်ကြောက်စရာကောင်းတယ်... မာယာတကယ်များတယ်... လူရှေ့ဆိုရင်တော့ အိုင်တာင်နဲ့ ကွယ်ရာလည်းကျရော လုပ်ချင်တာလုပ် အရှုးမကြီးတွေ"

'မိုးထင်' သည် ရင်ထဲမောဟိုက်လာရတာကြောင့် နေရာမှာပင်ထိုင်ချပစ်လိုက်ပါသည်။ သူ ရှေ့ဆက်ဘယ်လိုလုပ်ရမလဲဆိုတာကိုလည်း စဉ်းစားကြည့်လိုက်သည်။ သွေးပူနေတုန်းအချိန်မှာတောင် 'ပတ္တမြား' အား မေ့ပစ်လိုက်ဖို့မစဉ်းစားနိုင်တာ သွေးအေးတဲ့အချိန်ဆိုပိုဆိုးတော့မှာပေါ့။

အိမ်ကအခြေအနေကြီးလှသော သူ့မိဘတွေကိုလည်း ထည့်တွက်ရသေးသည်။ ကလေးတစ်ယောက်ရှိနေတဲ့ 'ပတ္တမြား' ကို မေမေတို့ကဘယ်လိုမှ ကြည်ဖြူခွင့်လွှတ်ပေးနိုင်မှာမဟုတ်ချေ။ အခုဖြစ်ပျက်ကြုံတွေ့နေရတဲ့အကြောင်းတွေကိုများ ပြန်ပြောပြမိရင် မေမေတက်သွားနိုင်ပါသည်။

မေမေ့က အခု 'ပတ္တမြား' ကို သိပ်တန်ဖိုးထားနေချိန်လည်းဖြစ်သည်။ သူ ဘယ်လိုပြောထွက်ပါ့မလဲ။

"ကျွတ် ကျွန်တော်လည်းစိတ်ညစ်တာပဲ... ကလေးကတစ်ယောက်တည်းဖြစ်ပြီး ကလေးမအေကနှစ်ယောက်ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



တာ တော်တော်စဉ်းစားရခက်တာပဲ... ဘယ်လိုကြီးလဲမသိဘူး"

"အေးလေကွာ"

"'ရဲရဲနီ' တစ်ယောက်လည်းကျန်သေးတယ်... သူလည်း ကလေးအမေဖြစ်နေမလားမသိဘူး"

"မသိဘူး... သူလည်း ကလေးကိုနို့တိုက်နေဦးမယ်"

"စောင့်ကြည့်ရင်ကောင်းမယ်နဲ့တူတယ်"

"တော်ပြီကွာ... ခေါင်းတွေတအားကိုက်လာပြီး ပြန်တာပဲကောင်းတယ်"

နှစ်ယောက်သားလက်ချင်းတွဲကာ အားအင်မရှိသောခြေလှမ်းတွေဖြင့် ခပ်ယိုင်ယိုင်ပြန်လာခဲ့ကြသည်။ အလာတုန်းက လွှယ်လွှယ်ကူကူနဲ့ ကျော်တက်ခဲ့သော ခြံစည်းရိုးသံတံခါးက အပြန်ကျတော့ မနည်းကျော်တက်နေရသည်။

အားတွေဘယ်ကိုများ ရောက်ကုန်ပြီလည်းမသိပါ။

"'ကိုမိုးထင်' ကားရော မောင်းနိုင်ရဲ့လား"

"ရပါတယ်ကွာ... ဒီလောက်ကြီးလည်း မဖြစ်သေးပါဘူး မိန်းမပေါပါတယ်"

"လေပြောကတော့ကြီးပါ့... ရုပ်ကြီးကတော့ငိုတော့မယ့်ရုပ်ကြီးနဲ့များ"





"အေး ငါကငိုတော့မယ်ရုပ်ပဲဖြစ်တာ... မင်းလိုတော့ မျက်ရည်တွေအပြွတ်လိုက်ထွက်မကျဘူး နားလည်လား"

'သန့်ရှင်း' က သူ့ပခုံးကိုတွန်းကာ လှည့်ထွက်သွားသည်။ ခြေလှမ်းသုံးလေးလှမ်းရောက်မှ နောက်ပြန်လှည့်ကာ...

"တစ်ခုတော့ရှိတယ်... 'ပတ္တမြား' ရဲ့ကလေးကို 'ရဲစို' က ချစ်ပြီးတော့ဘာမှမဆိုင်ဘဲ ကြားထဲကနို့ဝင်တိုက်တာလား မသိဘူးနော်"

"ဟာကွာ"

'မိုးထင်' သည် စိတ်တိုတိုရှိတာနဲ့ 'သန့်ရှင်း' အားတွေ့ရာခဲတစ်လုံးနဲ့ ကောက်ထုလိုက်ပါသည်။ အပျိုတစ်ယောက်က နေရင်းထိုင်ရင်း ကလေးချစ်စိတ်ဖြစ်ခဲ့တာညီးနဲ့ ဒီကောင်ပြောသလိုလုပ်ပါ့မလား။ ရှူးပါ။



www.burmeseclassic.com

www.burmeseclassic.com

# ၁၆

'နီရဲ' သည် ရုံးခန်းထဲဝင်လာသောယောကျ်ားနှစ်ယောက်ကို ဖျတ်ကနဲမြင်လိုက်တာနဲ့ စိတ်ထဲထင့်ကနဲဖြစ်သွားရသည်။ သူတို့နှစ်ယောက် အကြောင်းမရှိအကြောင်းရှာပြီးတော့ ဒီရုံးခန်းကိုလာစရာမရှိချေ။ ဘယ်တုန်းကမှလည်းလာခဲ့ဖူးတာမဟုတ်။ တစ်ခါပဲ 'နီရဲ' ကိုယ်တိုင် 'ရဲစို' ကိုမိတ်ဆက်ပေးရင်း အတူတွဲပါလာသော 'သန့်ရှင်း' ကိုပါမိတ်ဆက်ပေးဖူးသည်။

'ကိုမိုးထင်' မပါပေ။ ဒါကလည်း ကြာခဲ့ပါပြီ။ နှစ်နှစ်တောင်ရှိပြီး မတွေ့ဖြစ်ကြတဲ့လူတွေက အခုတကူးတကရောက်





လာတယ်ဆိုတာ 'နီရဲ' တို့ကိစ္စကလွဲပြီး ကျန်တာဘာမှမဖြစ်နိုင်ပေ။ သူတို့မှာလည်း 'အကောက်' လေးကို တော်တော်မလိုမုန်းထားဖြစ်နေတာယ်နဲ့တူပါသည်။

'ခန့်ချော' ကို 'နီရဲ' ဘက်ကအပြတ်ပြောထားပြီးပြီ။

ကလေးကိစ္စနဲ့ပတ်သက်ပြီး ရန်ဖြစ်မယ်၊ ပြဿနာရှာမယ်ဆိုရင်တော့ 'နီရဲ' တို့နှစ်ယောက်ရဲ့ဓာတ်လမ်းကို ရပ်တန်းကရပ်လိုက်ကြဖို့။ 'ပတ္တမြား' ကိုလည်း ခြိမ်းခြောက်သလိုမျိုးတွေပြောသွားခဲ့တာကိုလည်း 'နီရဲ' ရင်ထဲခံပြင်းရသည်။

ရှင်းရှင်းပြောရလျှင် ဒုလုပ်ကိုလာတယ်ဆိုတာတောင် သူ့ကိုဂရုမစိုက်ဘူးဆိုတဲ့အချိုးမျိုးဖြင့် ရောက်လာခဲ့ခြင်းဖြစ်သည်။ သူ့ဘက်ကအခြေအနေကိုလည်း အနီးကပ်စောင့်ကြည့်ချင်တာလည်းပါသည်။ ကလေးကို တစ်ခုခုလုပ်လိုက်မှာကို စိုးရိမ်နေမိသည်။

သူကအလုပ်စားပွဲမှာထိုင်ကာ ခပ်ငူငူကြီးစဉ်းစားခန်းဝင်နေသည်မှာ အချိန်အတော်ကြီးကိုကြာနေပါပြီ။ ဒါ အကြံဉာဏ်တွေထုတ်နေတယ်ဆိုတာကို 'နီရဲ' က ရိပ်မိနေသည်။ အခုသူနဲ့အလိုတူအလိုပါတွေဖြစ်နိုင်သော လူနှစ်ယောက်ထပ်ရောက်လာတယ်ဆိုတော့ 'နီရဲ' တို့ဘက်ကလည်း ပြင်ဆင်ရချိန်တာပြင်



www.burmeseclassic.com

www.burmeseclassic.com



ဆင်မှပဲဖြစ်ပါတော့မည်။

တိုက်ပွဲတစ်ခုကိုတိုက်ရသလိုမျိုး 'နီရဲ' ရင်ထဲလှုပ်ရှားကာနေသည်။ အခြေအနေကိုစောင့်ကြည့်ဖို့အတွက် ဝင်လာတဲ့ သူနှစ်ယောက်ကို ခေါင်းငုံ့ပြီးမမြင်ချင်ဟန်ဆောင်နေလိုက်ပါသည်။

'သန့်ရှင်း' ကတော့ ရှေ့ကနေဦးဆောင်ကာ 'ခန့်ချော' ထိုင်နေတဲ့စားပွဲဆီတန်းတန်းမတ်မတ် လျှောက်လာခဲ့လိုက်ပါသည်။ စားပွဲမှာငိုင်ပြီးထိုင်နေတဲ့ 'ခန့်ချော' ရဲ့မျက်နှာကတစ်ခုခုကို စဉ်းစားနေပုံရသည်။ ကြည့်ရတာဒီလူလည်း 'နီရဲ' တို့နဲ့ ပတ်သက်ပြီး ခေါင်းစားနေတာပဲဖြစ်ရပါမည်။

" 'ကိုခန့်ချော'..."

မော့ကြည့်လာတဲ့အကြည့်မှာ အံ့သြမှုတွေပါဝင်နေလေသည်။ ပြီးတော့ ဝမ်းသာသွားပုံလည်းရသည်။

" 'ကိုသန့်ရှင်း' ဟာ လာဗျာ... ကျွန်တော်လည်းသတိရနေတာ... ဘယ်လိုဆက်သွယ်ရင်ကောင်းမလဲဆိုပြီး စဉ်းစားနေသေးတယ်... ရောက်လာတာကျေးဇူးတော်တင်ရမလိုဖြစ်နေပြီ"

"လာ 'ကိုမိုးထင်' ထိုင်... ဒါ ကျွန်တော်ပြောပြထားတဲ့ 'နီနီရဲ' ရဲ့ချစ်သူ 'ကိုခန့်ချော' လေ"





'မိုးထင်' ရဲ့မျက်လုံးက အခန်းရဲ့ထောင့်တစ်နေရာမှာ ခေါင်းငုံ့ကာထိုင်နေသော 'နီရဲ' ဆီကိုဖျတ်ကနဲ ရောက်သွားရသည်။ ဒီမိန်းမပုံစံကိုကြည့်ရတာ နားကတော့ကားနေသည်။

တမင်ပဲ 'မိုးထင်' တို့ဝင်လာတာကိုမသိချင်ဟန်ဆောင်ပြီး စပ်စုနေတာပဲဖြစ်ရပါမည်။

"ကျွန်တော်တို့လာတာကို 'နီနီရဲ' သိနေပုံရတယ်နော်... ဖြစ်ရဲ့လား"

"သိမှာပေါ့... ဒီမိန်းမသိပ်လျှင်တာ...အခုလည်းအိုင်တင်လုပ်နေတာ... လစ်တာနဲ့သူ့သူငယ်ချင်းတွေဆီ ဖုန်းဆက်ပြောသိမှာပေါ့... ဇာဂနယ်ကိုမာယာများတဲ့ မိန်းမ"

"ဟုတ်တယ်... သူတစ်ယောက်တည်းတင်မဟုတ်ဘူး... ကျွန်တော်နှစ်ယောက်လည်းအတူတူပါပဲ... သူတို့တွေနှိပ်စက်လို့ ကျွန်တော်တို့ခေါင်းတွေကိုက်ပြီး ရူးတောင်ရူးချင်လာရပြီ"

'မိုးထင်' ရဲ့မျက်နှာက အိပ်ရေးဝဝ မအိပ်ထားသဖြင့် ချောင်နေသည်။ ဘယ်အိပ်နိုင်ပါ့မလဲ။ တစ်နေ့တစ်နေ့စဉ်းစားခန်းဝင်နေရတာနဲ့ပဲလူလည်း အံအိပ်ပျက်အစားပျက်နဲ့သေဖို့ပဲရှိပါတော့သည်။

" 'ကိုမိုးထင်' က 'ပစ္စမြား' နဲ့ဇာတ်လမ်းဖြစ်တော့မှာ



www.burmeseclassic.com

www.burmeseclassic.com



လေ... ဖြစ်ကာနီးကျမှကလေးကိစ္စက ဝင်ရှုပ်နေတယ်... သေချာဖွင့်ပြောပြရင် ကိစ္စတစ်ခုကဆွေးနွေးလို့ရနိုင်တယ်... အခုကဘာတွေမှန်းကိုမသိဘူး မရေရာမသေချာလုပ်နေတယ်... အသည်းသိပ်ယားဖို့လည်းကောင်းတယ်ဗျာ"

'ခန့်ချော' မျက်လုံးပြူးသွားရသည်။ ဒီပုံဆိုသူတို့နှစ်ယောက်သည်လည်း မိမိလိုပဲ ဝေဒနာကိုခံစားနေရသည်ပေါ့။

"နေပါဦး ကလေးက 'နီရဲ' ကလေးမဟုတ်ဘူးလား"

"သေချာတော့မသိဘူး... အဖြစ်နိုင်ဆုံးကတော့ 'ရဲစို' နဲ့ 'ပဒ္ဒမြား' ကလေးဖြစ်ဖို့များ( )ယ်"

"ဟင့်အင်း ကျွန်တော်ကတော့ 'နီရဲ' လို့ပဲထင်နေတာ သူ့ရဲ့ဖြစ်ပျက်နေတဲ့အမူအယာတွေက ကလေးနဲ့ပတ်သက်ရင် တကယ့်အမေအရင်းတစ်ယောက်လိုပဲ"

"ခင်ဗျား သူကလေးကိုနို့တိုက်တာမြင်ဖူးလို့လား"

"ဒါတော့ မမြင်ဖူးဘူး"

"ကျွန်တော်တို့က မြင်ဖူးတယ်"

"'နီရဲ' ကိုလေ..."

"ဟာ 'နီနီရဲ' မဟုတ်ပါဘူး... 'ပဒ္ဒမြား' နဲ့ 'ရဲရဲစို' ပြော ရတာစောင်ရှက်ပါတယ်"



'မိုးထင်' အသံတွေကျ တုန်နေသည်။ ကိုယ့်ချစ်ရတဲ့ချစ်သူကို ဘယ်သူကမှ အိမ်ထောင်ကျဖူးသော မိန်းမတစ်ယောက်အဖြစ် မြင်တွေ့ချင်မှာမဟုတ်။

"ဖြစ်နိုင်ပါ့မလား 'ကိုမိုးထင်' ရေ... ကလေးအမေကတစ်ယောက်တည်းဖြစ်ရမှာလေ... နှစ်ယောက်ဆိုတာကတော့ သဘာဝမကျသလိုပဲ... 'နီရဲ' လည်းပါတယ်နော်...သုံးယောက်လုံးဖြစ်နိုင်တာဗျ... ဒါနဲ့ ခင်ဗျားတို့နှစ်ယောက်က ဘယ်လိုမြင်တာလဲ"

"ကျွန်တော်တို့နှစ်ယောက်က ညဘက်တိတ်တိတ်လေးသွားချောင်းကြတာ"

"ဟာဗျာ ကျွန်တော့်ကိုတော့မခေါ်ဘူး"

သုံးယောက်လုံး ဘာလုပ်ရင်ကောင်းမလဲဆိုပြီး ငြိမ်သက်ကာစဉ်းစားနေမိကြသည်။ အရင်တုန်းကမပတ်သက်ဖူးပေမယ့် အချစ်ရေးကိစ္စနဲ့ကျတော့ စိတ်တူကိုယ်တူဖြစ်ကုန်ရသည်။ ချက်ချင်းလိုလည်းရင်းနှီးကုန်ကြပါသည်။

"ဒီအနီမသုံးယောက်ကိုတော့ တစ်ခုခုပြန်လုပ်မှဖြစ်မယ် သူတို့ကလေးဆိုပေမယ့် ကျွန်တော်တို့နဲ့လည်းပတ်သက်သလို ဖြစ်နေတယ်လေ... အဖြေတစ်ခုခုတော့ရအောင်လုပ်ရမယ်... ဘယ်လိုလုပ်ရင်ကောင်းမလဲ စဉ်းစားစမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"အင်း..."

သုံးယောက်သား ငြိမ်သက်နေကြစဉ် အနားကို 'နီရဲ' ရောက်လာပါသည်။ 'နီရဲ' ကလည်း ငြိမ်ငြိမ်စပ်စုနေရမယ့်အတူ တူ ပွင့်ပွင့်လင်းလင်းပဲ ရင်ဆိုင်လိုက်တာကပိုကောင်းမည်ဆိုပြီး ရောက်လာရခြင်းဖြစ်သည်။

သူတို့သုံးယောက်ပူးနေတာကို အမြင်ကတ်နေတာ လည်းပါသည်။ ဘယ်နှယ့်ယောကျ်ားကြီးတွေတန်မဲ့ မိန်းကလေး တွေကို ဒုက္ခပေးဖို့အတွက် တိုင်ပင်နေကြတာကောင်းတဲ့အလုပ် လား။ 'အကောက်' လေးဟာ 'နီရဲ' တို့နဲ့မပတ်သက်ဘူး၊ ကိစ္စ တစ်ခုခုနဲ့ရောက်လာတယ်ဆိုတာကို သူတို့ဖါသာသူတို့တွေး ကြည့်လိုက်ကြပါလား။

'နီရဲ' တို့ဘက်ကလည်း သူတို့ကကလေးကို ငြိုးစရာမယ် ဖိုပို့ဒီပို့လုပ်ခိုင်းမှာစိုးလို့သာ ဖွင့်မပြောမိတာ၊ တကယ်တမ်းအိမ် မှာကလေးတစ်ယောက်ရောက်နေတာ သူတို့နဲ့ဘာဆိုင်လို့လဲ။ ကလေးကိုမြင်တာနဲ့ 'နီရဲ' တို့ကပဲကလေးအမေဖြစ်နိုင်သလိုလို ထင်နေတဲ့အတွေးတွေကို အော့နှလုံးနာတာကြောင့် စိတ်တိုတိုနဲ့ ရွဲ့ပြောမိတာကို အဟုတ်ထင်နေကြတဲ့လူတွေဦးနှောက်မှကောင်း ကြသေးရဲ့လားမသိ။





တကယ်ဆို ကိုယ့်ချစ်သူကိုတန်ဖိုးထားတယ်ဆိုရင် သူ တို့တွေစိတ်ထဲမှာ ခုလိုမျိုးအတွေးတွေဝင်နေစရာကိုမလိုပါ။

"ရှင်တို့သုံးယောက်ပေါင်းပြီး ဘာမကောင်းကြံဖို့စဉ်း စားတိုင်ပင်နေကြသလဲ ပြောစမ်းပါဦး"

ရုတ်တရက်ထွက်လာတဲ့ 'နီရဲ' အသံကြောင့် သူတို့လန့် သွားပုံရသည်။

"'နီရဲ' မင်းနဲ့ဘာဆိုင်လို့ဝင်ပြောနေရတာလဲ... ငါ့ဆီ လာတဲ့ဧည့်သည်ကို မင်းစော်ကားစရာမလိုဘူး... ကိုယ့်ဖါသာ အေးအေးဆေးဆေးနေစမ်းပါ... မင်းပဲပြောထားတယ်လေ မင်း ကိစ္စကိုဝင်မပါနဲ့ဆို... အေး အခုလည်းငါ့ကိစ္စကို မင်းဝင်ပါစရာ မလိုဘူး"

'နီရဲ' အားပိတ်ဟောက်လိုက်သော သူ့လေသံကြောင့် ရှက်ကိုးရှိုးသွားရပါသည်။ ကိုယ့်ချစ်သူတစ်ယောက် ကိုများ သူစိမ်းယောကျ်ားတွေရှေ့မှာ အထက်ဆီးနဲ့ပြောလိုက် တာ အချစ်တဲ့လား။ 'နီရဲ' ပြောတာက သူတို့သုံးယောက်စလုံး ကိုရည်ရွယ်ပြီး ပြောလိုက်တာပါ။

"မပါလို့မရဘူး... ရှင်တို့တွေအခုစုနေတာအကောင်း မဟုတ်ဘူး... ကျွန်မတို့ကို ဒုက္ခပေးဖို့တိုင်ပင်နေကြတာ ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com

ယောက်ျားကြီးတွေဖြစ်ပြီး ဘာလို့ငြိမ်ငြိမ်မနေနိုင်ကြတာလဲ... တော်တော်ပဲအားယားနေသလား... ကျွန်မတို့မှာ တစ်နေ့တစ်နေ့အလုပ်နဲ့လက်နဲ့မပြတ်လို့ အားရတယ်ကိုမရှိဘူး.... ရှင်တို့မို့လို့ အရေးမပါတဲ့ကိစ္စကိုခေါင်းထဲထည့်နေတယ် အံ့ပါရဲ့"

"ဘာလဲ မအားဘူးဆိုတာ် ကလေးထိန်းရလို့ ကလေးကိုကပြရလို့ နို့တိုက်နေရလို့မအားဘူးလို့ပြောနေတာလား..."

'မိုးထင်'ရဲ့ပါးစပ်က လွှတ်ကနဲထွက်လာတဲ့စကားကိုကြားပြီး 'နီရဲ' မျက်လုံးပြူးသွားရသည်။ ဒီလူဘယ်လိုကြောင့်အိမ်အတွင်းပိုင်းက အခြေအနေကိုပါ သိနေရတာလဲ။

"ဟင် ရှင် ရှင် အိမ်ကိုသူခိုးလို့လာချောင်းတယ်ပေါ့လေ တော်တော်အောက်တန်းကျပါလား... 'ပတ္တမြား' နဲ့လည်းတိုင်ပြောမယ်... စိတ်ချ ရှင့်ကို 'ပတ္တမြား' မမုန်းမုန်းအောင်အတို့အထောင်လုပ်ပစ်မယ်ဆိုတာမှတ်ထား"

"ဟေ့ ငါတစ်ယောက်တည်းမဟုတ်ဘူး...ဒီကောင်လည်းပါတယ် နောက်ဆို မင်းချစ်သူ 'ခန့်ချော'ပါပါတော့မှာ"

'မိုးထင်' သည် ကိုယ်တစ်ယောက်တည်းအပြစ်ပုံချခံရတာကိုတော့ လက်မခံနိုင်တာကြောင့် အားလုံးကိုဆွဲထည့်ပစ်မိပါသည်။ ဟုတ်တာပဲ သူတို့တွေလည်း အလိုတူအလိုပါတွေဖြစ်





ကြတော့မှာပဲ။

"အံမယ်လေး ကြောက်စရာကောင်းလိုက်တာ တော်ပြီရှင်တို့နဲ့မပတ်သက်တော့တာဘဲကောင်းတယ်... ကလိန်ကကျစ်တွေ မြွေပွေးတွေ"

'နီရဲ' ထွက်သွားတာကို ရုံးခန်းအတွင်းရှိလူတွေကပါ စပ်စုသလိုကြည့်နေကြသည်။

"သွားပြီ ကောင်းတယ်... ကျွန်တော်တို့အကာကလည်းအခုမှစပြီးစစ်ကြေငြာတော့မယ်... သူတို့ဆီကတိကျတဲ့အဖြေတစ်ခုရဖို့အတွက် အဲဒီကလေးကိုမရမကခိုးမယ်ဗျာ...အမေအစစ်ကတော့ သူ့ကလေးကိုကြာရှည်မစွန့်လွှတ်နိုင်ပါဘူး ဘယ်သူ့ကကလေးအမေဆိုတာ ဖွင့်မပြောမချင်း ကလေးကိုပြန်မပေးဘူး ဘယ်လိုလဲ ခင်ဗျားတို့ ကောသဘောတူလား"

"တူတယ်..."

"တူတယ်ဗျာ"

'ခန့်ချော' စကားကို ကျန်တဲ့နှစ်ယောက်ကပါအားတက်သရော ထောက်ခံကြတာမို့ ကျေနပ်သွားရသည်။ ပြဿနာတစ်ခုဖြစ်နေပြီဆိုမှတော့ ဒီပြဿနာကိုဖြေလည်မယ့် အဖြေတစ်ခုခုရအောင်တော့ ရှာဖွေရမှာပဲမဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



'နီရဲ' တို့ဘက်ကလည်း ခေတ်သူတွေမဟုတ်တော့ နည်းလမ်းမျိုးစုံနဲ့ ကာကွယ်မှာသေချာပါသည်။ သူတို့ဘက်ကလည်း လစ်ရင်လစ်သလို ကလေးအားအရယူဖို့ ကြိုးစားရပါမည်။

● ● ● ● ●



## ၁၈

အရေးကြီးတယ်ဆိုသဖြင့် 'ရဲစိုး' ပါ ရှူတင်ကနေပြန်နားကြီးပြန်ချလာခဲ့လိုက်ပါသည်။ အိမ်ပြန်ရောက်တော့ 'နီရဲ' နဲ့ 'ပတ္တမြား' တို့ရဲ့မျက်နှာတွေက ချက်ပွင်းလျှက်ရှိကြသည်။ 'ရဲစိုး' စိတ်ထဲမှာဒိန်းကနဲပူပင်သွားရကာ 'အကောက်' လေးကိုပြန်ခေါ်ခေါ်တဲ့သူတွေရှိနေပြီလားဆိုပြီး တွက်လိုက်မိသည်။

ကလေးကိုလည်း မတွေ့ရပါ။

"ကလေးကော 'အကောက်' လေးဘယ်မှာလဲဟင်"

'ရဲစိုး' ရဲ့အသံကတုန်ရီနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကလေး့အိပ်နေတယ်... တိုးတိုးသက်သာလည်းလုပ်ပါ 'ရဲစို' ရယ်..."

"နင်တို့ပဲအရေးကြီးတယ်ဆိုပြီး ပြန်ခေါ်ပြီးတော့"

"အေး အရေးကြီးလို့ကြီးတယ်ဆိုပြီးခေါ်လိုက်တာလေ ငါ့ရုံးကို နင့်လူကော 'ကိုမိုးထင်' ကောရောက်လာတယ်... သူတို့တွေ ပေါင်းပြီး ကလေးကိုဒုက္ခပေးမယ့်ပုံရတယ်... ငါတို့ဘက်က လည်းဘယ်လိုလုပ်ပြီး ကာကွယ်ရင်ကောင်းမလဲဆိုပြီး နင့်ကိုတိုင်ပင်မလို့ခေါ်လိုက်တာ"

"ဘယ်လိုဖြစ်ပြီး သူတို့သုံးယောက်ကပေါင်းမိသွားတာလဲ... တစ်ခါမှဖြင့်မဆက်သွယ်ဖူးဘဲနဲ့"

"အရင်တုန်းကတော့ဟုတ်မှာပေါ့... အခုက သူတို့လုပ်ချင်တာလုပ်ဖို့အတွက် အင်အားပြည့်အောင်ပူးပေါင်းတာပဲဖြစ်လိမ့်မယ်... ပြီးတော့ ငါတို့ခြံကိုလည်းလုံခြုံရေးပိုချမှဖြစ်လိမ့်မယ်... ခြံထဲအထိဝင်ပြီး ငါတို့အိမ်ထဲမှာဘာလုပ်နေတယ်ဆိုတာ ကအစ သူခိုးလိုချောင်းကြည့်ကြတယ်"

"'ဦးလေးထွေး' မသိဘူးလား"

"'ဦးလေးထွေး' က တစ်ခါတစ်ခါလမ်းထိပ်ထွက်တတ်တော့ အဲ့ဒီအချိန်ကိုအလစ်ချောင်းပြီး ဝင်တာနေမှာပေါ့... တော်





တော်ဆိုးလွန်းတယ်"

'ပတ္တမြား' အနေနဲ့လည်းခံပြင်းနေမိသည်။ သူများတွေရဲ့လျှို့ဝှက်ချက်ကို အတင်းကာရောလိုက်ပြီး ဖော်နေတာဟာယဉ်ကျေးတဲ့အလုပ်လား။ သူတို့လုပ်ရပ်က ကိုယ့်ချစ်သူတွေရဲ့ဂုဏ်သိက္ခာကိုမကျကျအောင်တမင်လုပ်ဆောင်နေတာနဲ့တူနေသည်။

'ပတ္တမြား' ဘက်ကလိုက်လျှောမှုလေး နည်းနည်းပေးလိုက်တာနဲ့ မကာမိအောင် နေရာတကာ လိုက်လံပုတ်ခတ်ချင်နေရတာ ဒင်းကဘာဖြစ်လို့လဲ။ ကိုယ့်သိက္ခာကိုမှကိုယ်ပြန်ပြီးအားမနာနိုင်ဘဲ သူများခြံထဲအထိကျူးကျူးကျော်ကျော်ဝင်ရောက်တာဟာ ဤအိမ်ကြီးမှာနေသော မိန်းကလေးတွေကို စော်ကားလိုက်တာနဲ့ အတူတူပါပဲ။

သူတို့ယောက်ျားတွေအချင်းချင်း စည်းလုံးနေရင် တစ်အိမ်တည်းအတူတူနေတဲ့ 'ပတ္တမြား' တို့သုံးယောက်ကပိုပြီးစည်းလုံးပြနိုင်ရပါမည်။ ပိုပြီးတော့လည်း အရွဲ့တိုက်ပြလိုက်ဦးမည်။

"ဒီလိုလုပ်မယ်ဟာ... အခုချိန်ကစပြီး ငါတို့သုံးယောက်ခြမ်းမခွဲဘဲတပူးတွဲတွဲပဲနေတော့မယ်... လူချင်းကွဲနေရင် ဒင်းတို့ကိုအခွင့်အရေးပေးသလိုဖြစ်သွားမယ်... 'နီရဲ' ကကောရုံးတက်ဦးမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"မတက်တော့ဘူး... သူငါ့အပေါ် သံသယစိတ်တွေမွေး နေသ၍ သူနဲ့ ငါနီးနီးကပ်ကပ်ကိုမနေတော့ဘူး... 'ရဲစို' ရဲ့ရှုတင် ကိုလိုက်မယ်... နင်ကျောက်အရောင်းအဝယ်လုပ်တဲ့နေရာတွေကို လည်း ငါလိုက်မယ်... 'အကောက်' လေးကိုလည်း ငါတို့ဘယ်ကို ပဲသွားသွားခေါ်သွားမယ်"

"အေး အဲ့ဒါပဲကောင်းတယ်... ငါလည်းရိုက်ကွင်းမှာအဘူ လူကရှိနေတာ စိတ်ကတော့နင်တို့ဆီကိုပဲရောက်ရောက်နေတာ ငါနဲ့ပဲလိုက်ခဲ့ကြတော့... ရိုက်ကွင်းမှာနေစရာအခန်းမရှိရင် ငါ့ ကားပေါ်မှာ အဲကွန်းဖွင့်ပြီးနေကြပေါ့... ဆီဗွီလည်းရှိတယ် ပျင်း ရင်အခွေကြည့်နေလိုက်ကြ"

'ရဲစို' ရဲ့ကားက ဆယ်ယောက်စီး ကားအလုံးဖြစ်နေတာ ကြောင့် ကားထဲမှာပစ္စည်းအပြည့်အစုံယူပြီး အိမ်တစ်အိမ်လိုလုပ် နေလို့ရသည်။ ထိုင်ခုံတွေကိုလည်းဖြုတ်ထားပြီး အိပ်ယာချပ်ကိုပါတင်ထားတာကြောင့် ကလေးအတွက်လည်းအဆင် ပြေပါသည်။

"ကဲ ငါကအခုပြန်ရမှာ... မင်းသားကလည်းစောင့်နေ နေမှာ နင်တို့လိုက်ကြမှာလား လိုက်မယ်ဆိုရင်တစ်ခါတည်း လိုက်ခဲ့လိုက်တော့"





"လိုက်မယ်ဟာ..."

အိမ်တံခါးကိုသော့ခတ်ကာ 'ဦးလေးထွေး' ကိုသေချာ မှာကြားပြီး 'နီရဲ' တို့သုံးယောက်ထွက်လာခဲ့ကြပါသည်။ ဒီလို မျိုးသုံးယောက်ပူးနေတော့ကော ခင်းတို့ဘာလုပ်လို့ရနိုင်မှာတဲ့ လဲ။

'ရဲစို' တာသူ့အလုပ်သူလုပ်နေချိန် အားနေတဲ့ 'မာမီလုံး' က 'နီရဲ' တို့နားလာပြီးစပ်စုနေသည်။ 'အကောက်' ကိုလည်းမြင် နေမယ်ဆိုတော့ ကွယ်ဝှက်ပြီးတော့လည်းမပြောချင်တော့ပါ။ 'မာမီလုံး' အစောစီးဆင့် 'သန့်ရှင်း' ဆီစကားပြန်ရောက်နိုင်တယ် ဆိုတာကို 'ရဲစို' က ခပ်တိုးတိုးပြောပြသွားသေးသည်။ ဒါကိုသိ ပြီး 'နီရဲ' နဲ့ 'ပဒ္မာမြား' က စကားတွေကိုပိုရွှဲ့ပြောမိကြသည်။

"ဟယ် ကလေးလေးကချစ်စရာလေးနော်... ဘယ်သူနဲ့ တူတာလဲမသိဘူး... ဘယ်သူ့ကလေးကိုခေါ်လာတာလဲ"

"ဘယ်သူ့ကလေးလို့ထင်လဲ"

"မသိဘူးလေ... တို့ကအခုမှမြင်ဖူးတဲ့ဥစ္စာကို ဒီကလေး လေးကို 'ရဲစို' က အသည်းစွဲဖြစ်နေတာဖြစ်ရမယ်... ရှုတင်ဘာ နေတောင်လစ်လစ်ပြီး ပြန်ပြန်ပြေးတာ"

"ဟုတ်တယ် 'ရဲစို' တင်မကဘူး 'နီရဲ' ရော 'ပဒ္မာမြား'



www.burmeseclassic.com

www.burmeseclassic.com



ကော သိပ်ချစ်ကြတာ…”

“ဘယ်သူ့ကလေးလဲ… ဘယ်သူနဲ့အမျိုးတော်တာလဲ”

“တို့ကလေးလေ… တို့သုံးယောက်ရဲ့ကလေး ဒီကလေးရဲ့အမေကတို့သုံးယောက်ပဲ… နို့တိုက်တာကအစတို့တွေပဲ”

‘မာမီလုံး’ ရဲ့မျက်လုံးပြူးထွက်သွားသည်မှာ ရယ်စရာကောင်းလွန်းလှသည်။ မျက်နှာအပျက်ပျက်နဲ့ခဏဆိုပြီးထွက်သွားခဲ့သည်။ သူ့ဟဲန်းဒ်ဖုန်းနဲ့ ‘သန့်ရှင်း’ ဆီကိုအကြောင်းကြားပေးနေသလားမသိနိုင်ပါ။

‘နီရဲ’ တို့တွေးထင်တာမှန်ပါသည်။ သိပ်မကြာခင်အချိန်မှာပဲ သူတို့သုံးယောက်ရှုတင်ခြံဆီ ‘သန့်ရှင်း’ ရဲ့ကားနဲ့ရောက်လာကြသည်။ စတစ်ကာရုပ်ပုံတွေကပ်ထားသောမှန်ကြောင့်ကားအတွင်းကိုသူတို့မမြင်ကြရပေ။ ရှေ့ဘက်ကလည်း နေပူမှာစိုးပြီးအတွင်းက နေကာအမြားကြီးကာထားတာကြောင့် မမြင်ရပါ။

“ရောက်လာကြပြီတွေ့လား… ‘မာမီလုံး’ လက်ချက်ပဲနေမှာ… လုံးဝကိုအသံမပေးဘဲနေမှရမယ်… ကလေးကိုလုရင်လည်းလုနိုင်တယ်… တံခါးလော့ခ်တွေသေချာချထားမှ”

‘ပတ္တမြား’ တို့အထဲမှာရှိနေတယ်ဆိုတာကို သူတို့တွေ့သိပေမယ့် ကားထဲဝင်လို့မရဖြစ်နေတာကြောင့် အပြင်ကနေ





ချောင်းကြည့်ပြူးကြည့်လုပ်နေကြသည်။ ဘယ်လောက်တောင်များစိတ်အားထက်သန်နေကြသည်လည်းမသိပါ၊ ဖုန်းတစ်ချက်ဆက်လိုက်တာနဲ့ ချက်ခြင်းရောက်လာတယ်ဆိုတာ အဆင်သင့်ဖြစ်နေကြလို့ပဲနေမှာ။

‘နီရဲ’ သည်မြင့်ဖို့ခဲယဉ်းသောကားအတွင်းဘက်ကို သေချာစူးစမ်းကာချောင်းကြည့်နေသော ‘ခန့်ချော’ ရဲ့မျက်လုံးပြူးပြူးကိုကြည့်ပြီး အမြင်ကတ်လာရသည်။

“နေဦး ဒင်းတိုပညာပေးလိုက်မယ်… ရေမှုလင်းငါ့ကိုပေးစမ်းပါဟယ်”

‘ပတ္တမြား’ လှမ်းပေးသောရေခဲရေပုလင်းကိုယူကာ မှန်တံခါးကိုအသင့်ဖွင့်နိုင်အောင် ပြင်ထားလိုက်သည်။ ဒင်းမျက်နှာကြီးအနားရောက်လာလို့ကတော့ နာဖို့သာပြင်ထားပါ။ ‘နီရဲ’ မျှော်ရင့်ထားသလိုပင် ‘ခန့်ချော’ ရဲ့မျက်နှာကတဖြည်းဖြည်းချင်း ‘နီရဲ’ စောင့်နေသောတံခါးနားသို့ရောက်လာသည်။

ဖျတ်ကနဲမှန်တံခါးကိုဆွဲဖွင့်လိုက်ကာ သူ့မျက်နှာတည့်တည့်ဆီမိမိရရ ရေခဲရေတွေနဲ့ပက်ပစ်လိုက်ပါသည်။ ပြီးတာနဲ့ မှန်တံခါးကိုပြန်ပိတ်ပစ်လိုက်သည်။

“အံမယ်လေးဗျာ သေပါပြီ”

www.burmeseclassic.com



ရုတ်တရက်မို့ 'ခန့်ချော' မှာ တအားကိုလန့်သွားရကာ အသံအကျယ်ကြီးလည်းထွက်သွားရသည်။ ရေခဲရေတွေနဲ့ချောင်းပြီးပက်ထည့်လိုက်တာ။ တမင်သက်သက်လုပ်ကြတယ်ဆိုတာကို သိနေရတဲ့အတွက် ဒေါသလည်းတအားဖြစ်သွားရပါသည်။

"တောက် ယုတ်မာတာယ်ကွာ... အလစ်ချောင်းပြီးလုပ်လိုက်တယ်..."

"ဘယ်သူလဲ"

"မသိဘူး... 'နီရဲ' ပဲဖြစ်မှာပေါ့"

"အထဲမှာရှိတာသေချာနေမှတော့ ငါတို့လည်းမပြန်ဘဲနေကြမယ်... သူတို့တွေအထဲမှာဘယ်လောက်ကြာကြာ နေနိုင်မှာမို့လို့လဲ"

"ဟုတ်တယ် အပြင်ထွက်တာနဲ့ဆွဲပြေးပြီးသားပဲ"

'နီရဲ' နဲ့ 'ပတ္တမြား' တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ မဲ့လိုက်မိကြသည်။ 'ရဲစို' ရောက်လာရင် သူတို့ကိုမောင်းထုတ်ပစ်မယ်ဆိုတာကို မေ့နေလေသလား။ဒီပတ်ဝန်းကျင်က 'ရဲစို' ရဲ့ဝှင်ဆိုတာကိုလည်း သတိမှရပါလေစ။

"ရှင့်လူကတော်တော်ရဲတင်းနေပါလား... သူကအသက်အကြီးဆုံးဖြစ်ပြီး ထိန်းထိန်းသိမ်းသိမ်းလုပ်ကြဖို့ ဆုံးမမလား





အောင်းမေ့တယ် သူကအကဲဆုံးအကြွဆုံးဖြစ်နေတယ် တစ်ခုခုမှတ်လောက်အောင်လုပ်လိုက်စမ်းပါ 'ပတ္တမြား' ရယ်"

"ဟုတ်တယ်"

'ပတ္တမြား' စိတ်ထဲမှာလည်း 'မိုးထင်' ကိုတစ်ခုခုနာကျင်သွားအောင်လုပ်ပစ်ချင်နေမိသည်။ သူကမြှောက်ပေးနေရအောင် အဲဒီသုံးယောက်မှာ ခေါင်းဆောင်ဖြစ်နေလို့လား။ သူစိမ်းတွေရှိသောအရပ်မှာမျက်ကွင်းလို့နေရာမျိုးမှာ လာပြီးအော်ဟစ်နေတာဟာ ပြဿနာကိုရှာတွေ့ဖို့စသိသိအောင် လုပ်နေတာနဲ့တူသည်။

အားကိုနောက်ပြန်မှီကာ အိုင်တင်ပါပါနဲ့လေလုံးတွေထွားပြနေသော သူ့ကိုဘာလုပ်ရင်ကောင်းမလဲ။ 'ပတ္တမြား' ရဲ့မျက်လုံးက အနီးအနားပတ်ဝန်းကျင်ကို ဖွဖိုက်ကာလျှောက်ကြည့်နေလိုက်မိသည်။ တစ်ခုခုတော့ ရှာဖွေရမည်။

"'ရဲစို' ရောက်လာရင် မင်းတာဝန်ယူရမှာနော်'သန့်ရှင်း' ငါတို့ရှေ့ကိုငါတို့ဖါသာထိန်းမယ် မင်းလူကိုလည်းမင်းဖါသာ နိုင်အောင်ထိန်းသိမ်း ကြားလား"

"ပိုင်ပါတယ်... ကျွန်တော်သွားကြည့်ပြီးသွားပြီး အထဲမှာအရှိန်တက်နေတယ်... တော်တော်နဲ့လာနိုင်မှာကိုမဟုတ်ဘူး ပြီးတော့ သူ့ရိုက်ကွင်းမှာသူနာမည်ပျက်အောင်တော့ အော်ဟစ်



www.burmeseclassic.com

www.burmeseclassic.com



ရဲမယ်မထင်ပါဘူး"

"အေး မင်းပြောတာလည်းဟုတ်သားပဲ"

'ခန့်ချော'က စကားပြောနေရာကနေ တစ်ဖက်ခြမ်းသို့ လှောက်လာလေသည်။ 'သန့်ရှင်း'ကတော့ 'ပတ္တမြား'တို့ဘက် ကိုမျက်နှာမူလျက်ရှိပြီး 'မိုးထင်'ကတော့ သူ့နေမြဲတိုင်းကားကို ကျောမှီကာခပ်တင်းတင်းရပ်နေသည်။

"'ခန့်ချော'ကားတံခါးကိုဆွဲဖွင့်ကြည့်ဦး... လော့ခ်တွေ ဘာတွေချော်နေရင် ပွင့်ရင်ပွင့်လာမှာကွ"

'မိုးထင်'က သေချာအောင်အော်ပြောလိုက်သည်။ သူ ကျောမှီထားသောနေရာက မှန်တံခါးလေးလျှောကနဲခပ်ဖြည်း ဖြည်းချင်းပွင့်လာသည်ကိုတော့ သတိမထားမိချေ။ 'သန့်ရှင်း' ကတော့ 'မိုးထင်'ရဲ့ကိုယ်ခန္ဓာနဲ့ကွယ်နေတာကြောင့် ချက်ချင်း သတိမထားမိလိုက်ပါ။

ပွင့်သွားသောနေရာကလေးကနေ 'ပတ္တမြား'က ခေါက် ထီးဦးချွန်စတီးချောင်းနဲ့ 'မိုးထင်'ရဲ့ကျောကိုဆောင့်ထိုးပစ်လိုက် သည်။ အားပါတာကြောင့် အဲတော်လေးတော့ အီစိမ့်သွားမှာသေ ချာသည်။

"ဟာ သေပြီ သေပြီ အား နာလိုက်တာကွာ"





ကျောကိုလက်နောက်ပြန်ထားပြီးပွတ်ကာ မျက်နှာကြီး ရှုံ့မဲ့နေသော 'မိုးထင်'ရဲ့ပုံစံကိုကြည့်ပြီး 'ပတ္တမြား'နဲ့ 'နီရဲ'အူ တက်မတတ်ရယ်နေမိကြသည်။ စိတ်ထဲမှာဘယ်လိုပဲကျဉ်းကြပ် နေပါစေ၊ ကိုယ့်ဘက်ကအနိုင်ပိုင်းပြီးလုပ်နေရတဲ့အတွက် ရင်ထဲ မှာပျော်နေရသည်။

"ဟော့ သတ္တိရှိရင်အပြင်ထွက်ခဲ့ပါလား... အထဲကနေ အလစ်ချောင်းပြီးလုပ်နေတာ မရှက်ဘူးလား... မင်းတို့ကိုမိန်းမ တွေဖြစ်နေလို့သည်းခံနေတယ်မှတ်ပါ... ကားကိုပက်လက်လှန် ပစ်လိုက်မယ် ဘာမှတ်လဲ"

နာကျင်ဒေါသဖြစ်စွာဖြင့် အော်နေသော 'မိုးထင်'ရဲ့ အသံက ပူလောင်နေသည်။ 'နီရဲ'တို့အဖို့ကတော့ ရယ်စရာပါ။ 'ပတ္တမြား'ရဲ့ဟဲန်းဒ်ဖုန်းက အသံထွက်လာတာကြောင့် နံပါတ် ကိုအရင်ကြည့်လိုက်မိကြသည်။

"'ရဲစို'ဆက်တာ"

"အပြင်မှာအရှုပ်တွေရောက်နေတယ် မဟုတ်လား... နင် တို့ကားကိုယူပြီး သွားချင်တဲ့နေရာသွားလိုက်ကြ... ငါထွက်လာ ရင်စကားတွေများကုန်လိမ့်မယ်... ပြီးကာနီးမှပဲ လာကြိုဖို့ဖုန်း ဆက်လိုက်မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



၆●

"အေး အေး"

'နီရဲ' က ကားမောင်းတဲ့နေရာကိုထသွားလိုက်ကာ ထွက်လို့ရမရအရင်ကြည့်လိုက်မိသည်။ မောင်းထွက်လို့မရရင်တော့ ဒီအတိုင်းနေဖို့ ဆုံးဖြတ်ထားပါသည်။

"တစ်ခုခုနဲ့ ထိုးထည့်လိုက်တာကွ… နာလိုက်တာကွာ… ပေါက်သွားပြီလားတောင်မသိဘူး… ဒီမိန်းမတွေတော်တော်ဆိုးလာပြီ"

သူတို့တွေက ကားဘေးနားမှာပဲကပ်ရပ်နေတာကြောင့် 'နီရဲ' ရှေ့မှန်အကာကိုဖယ်လိုက်တာ သတိမထားမိလိုက်ကြပေ။ အဲကွန်းဖွင့်ထားတာမို့ ကားစက်ကလည်းနှိုးထားပြီးသားအနေအထားဖြစ်နေတာကံကောင်းပါသည်။

ဂီယာကိုထိုးပြီးတာနဲ့ လီဗာခပ်ပြင်းပြင်းနင်းကာမောင်းထွက်ပစ်လိုက်သည်။ ရုတ်တရက်မို့ သုံးယောက်လုံးဝရုန်းသုန်းကားဖြစ်သွားကြောင်းပြီး ကျန်နေရစ်ခဲ့သည်။

'ပတ္တမြား' ကတော့ သူတို့ဖြစ်နေခဲ့ပုံတွေကိုကြည့်ပြီး ရယ်တာရယ်တာ တစ်ကားလုံးသူ့ရယ်သံနဲ့ပဲ လွှမ်းနေရတော့သည်။

"ဟဲ့ ကလေးကိုလည်းကြည့်ဦး… နင့်အောက်မှာလန့်နေ





ပုံရတယ်… မျက်လုံးကိုပြူးနေတာပဲ"

"အို ဘယ်ကလန့်ရမှာလဲ… အားပေးတဲ့အနေနဲ့ကြည့်နေတာ ဟုတ်တယ်မဟုတ်လား ကလေးလေး… အံမယ်လေးချစ်စရာကောင်းလိုက်တာ"

'ပတ္တမြား' က 'အကောက်' လေးကိုပွေ့ဖက်နမ်းရှုံ့ပစ်လိုက်ပါသည်။ ဒီကလေးလေးလက်ထဲရောက်လာမှပဲ စိတ်ညစ်စရာ၊ စိတ်ရှုပ်စရာ၊ ရင်မောစရာ၊ ပျော်စရာတွေနဲ့ပျင်းမနေရတော့ဘဲ ဘဝကအဓိပ္ပါယ်ရှိသလိုဖြစ်လာခဲ့ရတာမဟုတ်လား။ ကလေးရဲ့မိုင်ရှင်တွေရယ် တစ်သက်လုံးပဲ ပြန်လာမခေါ်ဘဲနေလိုက်ပါတော့လားကွယ်။

● ● ● ● ●



www.burmeseclassic.com

www.burmeseclassic.com

# ၁၈

'ရဲစို' က ဟိုတစ်နေ့က ယောက်ျားသုံးယောက်ခံလိုက်ရတာကို ပြန်နားထောင်ပြီး အတော်ကလေးပီတိဖြစ်လျှက်ရှိနေရသည်။ သူ မပါလိုက်ရတာအတွက်လည်း ရင်ထဲမှာတနုံ့နုံ့နဲ့နေအောင်ဖြစ်နေရသည်။

ဒီလောက်တောင်ကဲကဲဆတ်လှသော ထိုယောက်ျားသုံးယောက်ကိုထပ်ပြီး နှိပ်စက်ချင်ပါသေးသည်။ 'ရဲစို' တို့ခြံဝင်းထဲမှာ နေ့ခင်းကောညဘက်ပါ အစောင့်တွေကိုအလှည့်ကျစီငှားထားခဲ့ပါသည်။ မနက်သုံးယောက်ညသုံးယောက်ဆိုတော့ ဒင်း



တို့ဘယ်လိုမှကပ်လို့မရဖြစ်နေကြသည်။

ခြံထဲသာမဝင်ပေမယ့် အပြင်ဘက်မှာသုံးယောက်သားနေ့စဉ်ရက်ဆက် စတင်းဘိုင်စောင့်နေတာဟာ ဆေါလွန်းလို့ပါပဲ။ 'ရဲစို' ကလည်း ကားတစ်ကားလက်စပြတ်သွားလို့ နောက်ကားတစ်ကားမရိုက်မီ နားနေကြဖြစ်တဲ့ လေးငါးရက်ကလေးအားနေတာ ကံကောင်းပါသည်။

ဒါတိုင်းရက်အားတွေဆိုရင် ဇာတ်ညွှန်းတွေကြိုဖတ်၊ အဝတ်အစားတွေကြိုတင်ပြင်ဆင်နဲ့ သိပ်မအားလပ်သလိုဖြစ်ပေမယ့် အခုကျတော့ထိုလုပ်နေကြအလုပ်တွေကို ပစ်ထားလိုက်ကာကြိုတွေ့နေရတဲ့ကိစ္စမှာသာ ခေါင်းစားနေဖြစ်တော့သည်။

'အကောက်' လေးကိုလစ်ရင်လစ်သလို ခိုးမယ်လို့ကြိုးပါးထားတဲ့ကားကိုလည်း မကျေနပ်နိုင်ပါ။ သူတို့သဘောက 'အကောက်' လေးသူတို့လက်ထဲရောက်ရင် 'ရဲစို' တို့အားသူတို့သီချင်းတွေမေးမြန်းပြီး အကြပ်ကိုင်ဖို့စိတ်ကူးထားကြပုံရပါသည်။ ဟင်း ကလေးကိုတော့ ဘယ်တော့မှသူတို့လက်ထဲအပါမခံနိုင်ပါ။

"ငါတို့သုံးယောက်ပလာဇာ တစ်ခုခုကိုသွားကြရအောင်ဟယ်... ပျင်းလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"နင်ရှူးနေလား 'ရဲစို' ရယ်... ဟိုသုံးယောက်လိုက်လာပြီး ကလေးကိုလုယူသွားမှာပေါ့... မဖြစ်ပါဘူး"

"လုလေ... ဘာဖြစ်လဲ... သူတို့လုအောင်ကိုလုပ်မှာ... ဟိုတစ်နေ့ကနင်တို့ပဲလုပ်လိုက်ရတာ ငါဘာမှမလုပ်လိုက်ရဘူး အားတဲ့ရက်ကလေးမှာ ငါစိတ်ကိုနည်းနည်းလောက်လွှတ်ပေးလိုက်ချင်လို့ပါ"

"နင်က ဘာလုပ်ချင်တာလဲ"

"ဒီလိုလေ..."

'ရဲစို' က 'နီရဲ' နဲ့ 'ပတ္တမြား' နားလည်အောင် သူဖြစ်ချင်တာကိုသေချာရှင်းပြလိုက်ပါသည်။ 'နီရဲ' က သဘောတူပေမယ့် 'ပတ္တမြား' ကတော့ 'အကောက်' လေးကိုစိတ်ပူနေပုံရသည်။

"သိပ်မှမကြာတာပဲ 'ပတ္တမြား' ရယ်... ငါတို့ထွက်တာနဲ့သူတို့လိုက်လာမှာပဲ... ပူပင်စရာမရှိပါဘူး... ဒီယောက်လေးကတော့ 'ဦးလေးထွေး' တာဝန်ယူနိုင်မှာပါ"

"ပြီးရောလေ အခုပဲသွားကြမှာလား"

"အေး သူတို့လည်းအပြင်မှာပျင်းနေပုံရတယ်ဟ ငါတို့ထွက်တာမြင်ရင် သူတို့လည်းပျော်သွားမှာပဲ ဟီး ဟီး"

စကတည်းကသုံးယောက်လုံး တစ်ယောက်ကဒါဆိုရင်





ကျန်တဲ့နှစ်ယောက်ကလည်း သဘောတူနေကြမို့ အခု 'ရဲစို' ဖြစ်ချင်တာကိုလုပ်ပေးဖို့ သဘောတူညီကြလေသည်။

"ကလေးကိုငါပဲလွယ်ထားမယ်ဟယ်... ငါ့ဆိုရင်သရုပ်ဆောင်လုပ်တယ်လို့ပဲမြင်ကြမှာ... နင်တို့အားကနေသာခပ်မြူးမြူးကလေးလိုက်ခဲ့ကြ ဟုတ်လား"

ကျောမှာပိုးပြီးသိုင်းလွယ်ရတဲ့ စလွယ်သိုင်းကိုသေချာအောင်လွယ်ပြီးတာနဲ့ အပြင်ကိုသုံးယောက်သားထွက်ဖို့ပြင်လိုက်ကြသည်။ 'နီရဲ' ရဲ့စလွန်းကားနဲ့ပဲလာခဲ့လိုက်ကြသည်။

"ဟိုမှာထွက်လာကြပြီ... ကြည့်စမ်း 'ရဲစို' က ကလေးကိုချီထားတာကွ... မင်းသမီးဖြစ်ပြီး နည်းနည်းပါးပါးတောင်မရှက်တော့ဘူးလားမသိပါဘူးကွာ... ငါတို့လည်းသိသွားပြီဆိုတော့ ဘာမှကြားထဲလည်းရှက်စရာမလိုတော့ဘူးဆိုပြီး ထွက်ပြတာဖြစ်ရမယ်..."

'မိုးထင်' က ရှေ့ကထွက်သွားတဲ့ကားနောက်ကနေ မျက်ခြေမပြတ်လိုက်မောင်းလာခဲ့လိုက်သည်။

"ဒီမိန်းမကမင်းသမီးဆိုတော့ မျက်နှာပြောင်ပြောင်တားကိုထားတတ်တာ... ဖြစ်ချင်ရာဖြစ်ဗျာ... ကျွန်တော့်သူငယ်ထဲက ကလေးကိုမရမကလုကိုပြေးမယ်... နောက်ပိုင်းကိစ္စနောက်

www.burmeseclassic.com



မှပဲကြည့်ရှင်းတော့မယ်... သူတောင်မှ မျက်နှာပြောင်ရဲသေးတာ ကျွန်တော်ကယောကျ်ားလေး ပိုပြီးတော့တောင်လုပ်ပြဦးမယ်"

'သန့်ရှင်း' မှာ မခံချင်စိတ်တွေဖြင့် အတော်လေးကိုခံပြင်းပေါက်ကွဲနေရပြီဖြစ်ပါသည်။ ကလေးကိုတခြားတစ်ယောက်ချီပိုးလာရင်တောင်မှ ဒီလောက်ဒေါသထွက်ချင်မှထွက်ရမည်။ 'ရဲစို' ဘက်ကတမင် သူ့ကိုစိမ်ခေါ်တဲ့အနေနဲ့ ဒီလိုပုံစံမျိုးလုပ်ပြလိုက်တာပဲနေမှာ။

"ကြည့်ရတာ ယုဇနပလာဇာမှာ ဈေးဝယ်မလို့နဲ့တူတယ်... ဖြစ်နိုင်တယ် 'မာမီလုံး' ပြောတော့ 'ရဲစို' ကားရိုက်ပြီးသွားလို့နားနေတဲ့အချိန်တဲ့... ဒီအချိန်တွေဆို သူကအမြဲတမ်းဈေးဝယ်ထွက်နေကြ... ကလေးကိုအိမ်မှာထားခဲ့ရမှာ စိတ်မချလို့ ပါအောင်ခေါ်လာတာဖြစ်ရမယ်... ကောင်းတယ် သူတို့လက်ထဲက လုယူရတာကပိုပြီး အရသာရှိသေးတယ်"

ရှေ့ကသွားတဲ့သူတို့သုံးယောက်က နောက်ကိုလှည့်ကာကြည့်ရင်း စပ်ဖြဲဖြဲမျက်နှာတွေနဲ့ ခက်သွက်သွက်သွားနေကြသည်။ 'သန့်ရှင်း' တို့လိုက်လာတာကို သူတို့လည်းသိနေပုံရတယ်ဆိုတာ နောက်လှည့်ကြည့်ပြီး မကြောက်သလိုလုပ်ပြကြတာပဲနေမှာ။





အဲ့ဒီအထဲမှာ 'ရဲစို' ကအကဲဆုံးပါ။ ကလေးကိုသိုင်းချီထားလျှက်နဲ့ပင် သူကစ့်ကားတွေများပြီး တစ်ခါတစ်ခါခုန်ခုန်ပြီးစင်ရယ်လိုက်သေးသည်။ မင်းသမီးတစ်ယောက်ဖြစ်နေတာကြောင့် သူဘယ်လိုပဲအိုင်တင်လေးလုပ်လိုက်လုပ်လိုက် လူတွေအမြင်မှာ ချစ်စရာကောင်းနေရလေသည်။

'သန့်ရှင်း' လည်း အဲ့ဒီလိုအမူအယာတွေကိုစွဲကာ ချစ်မိသွားခဲ့ရတာပါ။ ရင်ထဲမှာခုလိုမကျေမလည်ဖြစ်နေတဲ့အချိန်မျိုးမှာလည်း သူမကိုကြည့်ပြီး ရင်ထဲမှာမုန်းမနေဘဲ အရင်အတိုင်းချစ်မြဲချစ်နေခဲ့ဖြစ်သည်။

'သန့်ရှင်း' တစ်ယောက်တည်းတင်မဟုတ်၊ 'ကိုမိုးထင်' တို့လည်း သူတို့ချစ်သူတွေကို ပြဿနာတစ်ခုကြောင့်အမြင်ကပ်နေတာသာရှိပြီး စွန့်လွှတ်ဖို့အထိတော့ ဘယ်သူမှမဆုံးဖြတ်ရဲကြတာ ရင်ထဲမှာအချစ်တွေကပြည့်လျှံနေလို့ပါပဲ။

'ပတ္တမြား' က ပုဝါပါးလေးနဲ့ကလေးရဲ့မျက်နှာနေရာလေးကို အသာအနောက်ကနေအုပ်ထားပေးလေသည်။ ကြည့်ရတာကလေးလေး အိပ်မောကျနေတယ်နဲ့တူပါသည်။

ကလေးချီထားတဲ့လူက ဒီလောက်ဆတ်ဆတ်လူးနေတာ အိပ်ပျော်အောင်အိပ်နိုင်တဲ့ ကလေးကိုလည်းတကယ်အံ့သြပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ဈေးဝယ်တာကို တောက်လျှောက်လိုက်နေရင် ငါတို့တွေ ခြေထောက်ညောင်းပြီး တောင့်သွားတာပဲအဖတ်တင်လိမ့်မယ်... လူရှင်းတဲ့နေရာရောက်ရင် လုမယ်ကွာ... ငါတို့ပါဝိုင်းချုပ်ပေးထားမယ်"

"အေးလေ ဘာတစ်ခုမှဝယ်တာလည်းမတွေ့သေးဘူး... သက်သက်အလကား ပစ္စည်းတွေကိုလျှောက်ကိုင်ကြည့်နေတာ မရှက်ဘူးလားမသိဘူး"

'ခန့်ချော' က မကျေမနပ်ပြောနေမိဆဲ ဖျတ်ကနဲနောက်ဘက်သို့လှည့်ကြည့်လာတဲ့ 'နီရဲ' ကိုအတွေ့ အမြင်ကတ်ကတ်နဲ့လက်သီးတစ်လုံးထောင်ပြလိုက်မိသည်။ 'နီရဲ' ဆိုတဲ့မိန်းမသိပ်ကိုအကြောမာနေသည်။ ခါတိုင်းအချိန်တွေတုန်းက ရန်ဖြစ်စိတ်ကောက်ပြီးရင် သိပ်ပြီးချော့နေစရာတောင်မလို၊ သူမဘက်ကခဏကလေးစိတ်ပြန်ပြေလွယ်သည်။

အခုလိုမျိုးလည်း အသည်းယားအောင် ဂျစ်ကန်ကန်မျိုးတွေမလုပ်ပြတတ်ပါ။ မျက်နှာတည့်တည့်ကိုအလစ်ချောင်းပြီး ခေခဲရေတွေနဲ့အပက်ခံရတဲ့အဖြစ်ကို လုံးဝမမေ့လိုက်နိုင်ပါ။

"ကျွန်တော်က ဘေးနှစ်ယောက်ကို ဝင်ထိန်းပေးထားမယ်... 'ပတ္တမြား' ကော 'နီရဲ' ကော 'ရဲစို' အနားကိုလုံးဝမကပ်စေရဘူး စိတ်သာချနေ"

တစ်ယောက်နဲ့တစ်ယောက်တိုင်ပင်ပြီး လူရှင်းသောနေရာကို ရွေးချယ်နေမိကြသည်။ ပလာဇာတစ်ခုလုံးကိုပတ်နေတာသည် အပေါ်တက်အောက်ဆင်းနဲ့ မျက်လုံးတွေတောင်ပြာချင်သလိုဖြစ်လာရသည်အထိပါ။ သူမတို့သုံးယောက်ကတော့ အပြီးမပျက်ကြသေး။

မြန်မာ မိန်းမတွေများ ရှိုးကလေးပေးပြီးအိုင်တင်လေးလုပ်နေရမယ်ဆိုရင် ဗိုက်လည်းမဆာ၊ ခြေလည်းမညောင်းတတ်သူကိုးရှိရှိ။

ဒီလိုနဲ့ခုရှိရှိဖြင့်လိုက်လာလိုက်တာ လူအနည်းငယ်ရှင်းသော ရှိသောပစ္စည်းတွေရောင်းသည့် အပေါ်ထပ်သို့ရောက်လာကြသည်။

"ကဲ ဒီနေရာကတို့အတွက် အသင့်တော်ဆုံးပဲဖြစ်လိမ့်မယ်... လူလည်းရှင်းတယ်... ဘယ်လိုပဲဖြစ်ဖြစ် ဝင်လုကွာ..."

'မိုးထင်' ရဲ့အချက်ပေးစကားသံအဆုံး သုံးယောက်သားသူမတို့အနားကိုတိုးကပ်လာကြသည်။ 'ခန့်ချော' က 'နီရဲ' ရဲ့လက်ကို အနောက်ကနေ ဖျတ်ကနဲဆောင့်ဆွဲထားလိုက်ပါသည်။

"ဟင် ဘာလုပ်တာလဲ... လက်ကိုလွှတ်စမ်းပါ မိုက်ရိုင်း







www.burmeseclassic.com

www.burmeseclassic.com



လှချည်လား"

"အေး မင်းဘယ်လိုပဲထင်ထင် မလွှတ်ပေးနိုင်ဘူး ငြိမ်ငြိမ်မနေရင် လက်ကိုတစ်ခါတည်းကျိုးသွားအောင် လိမ်ချိုးပစ်လိုက်မယ်မှတ်ထား"

"ချိုးကြည့်လေ... ဒီဘက်လက်ကအားနေတာပဲ ရှင့်ကို ဒီလိုလုပ်မှာပေါ့ ကဲ"

'နီရဲ' ရဲ့ပိုက်ဆံအိတ်က မြှောက်တက်လာကာ ဘုန်းကနဲ 'ခန့်ချော' ရဲ့ခေါင်းကိုရိုက်ချလိုက်လေသည်။ ပိုက်ဆံအိတ်တစ်လုံးမှာရှိသင့်သော အလေးအပင်နဲ့မညီမျှအောင် လေးလံကာ ခေါင်းကလည်ပြီးမူးနောက်သွားရသည်။ ဟ လေးလှချည်လား။ ပိုက်ဆံမထည့်ဘဲ ခဲတွေများကောက်ထည့်လာလေသလား။

"ရှင်တို့ယောကျာ်းတွေဆိုပြီး အနိုင်ကျင့်ဖို့တော့မကြိုးစားနဲ့နော်... ကျွန်မတို့သိပ်မုန်းသွားမိလိမ့်မယ်... ဖယ်ပေးကြ ဖယ်ပေးကြ ကိုယ့်လမ်းကိုယ်သွားတာ အကောင်းဆုံးပဲ"

'ရဲစို' ရဲ့အသံက ခပ်စူးစူးလေးထွက်လာသည်။

"ဘာလို့ဖယ်ပေးရမှာလဲ... မင်းတို့လုပ်ချင်တာကိုလုပ်ခွင့်မပြုနိုင်တော့ဘူးဆိုတာ နားလည်ထား... 'ကိုမိုးထင်' လုပ်ပါ ဖမ်းပေးစမ်းပါ"





'မိုးထင်' က 'ရဲစို' ကိုဝိုင်းချုပ်ဖမ်းပေးကာ 'သန့်ရှင်း' က ကိုယ်မှာလွယ်ထားတဲ့ကလေးသိုင်းကြိုးကို မရမကဖြုတ်နေမိပါသည်။ သားလူတွေကြည့်နေရင်လည်း မတတ်နိုင်တော့ပါ။ ကိုယ်ကိစ္စ မြန်မြန်ဆန်ဆန် အောင်မြင်ဖို့က အဓိကပဲမဟုတ်လား။

'ရဲစို' အား ကူညီပေးဖို့ရှေ့တိုးလာတဲ့ 'ပတ္တမြား' ကို 'ခန့်ချော' ကအရင် ဖမ်းဆွဲထားလိုက်ပါသည်။

"ကြည့်စမ်းယောကျာ်းတွေဖြစ်ပြီး လစ်ရင်လစ်သလို အနိုင်ကျင့်ချင်ကြတယ်... က လးများတစ်ခုခုဖြစ်သွားလို့က တော့ ရှင်တို့တွေကိုသတ်ပစ်မယ်"

'ပတ္တမြား' သည် ကိုယ့်လက်တစ်ဖက်ကို ခပ်ဓာင်းတင်း ဆုပ်ကိုင်ဖမ်းချုပ်ထားတဲ့ 'ခန့်ချော' ရဲ့လက်အား အားရှိပါးရှိ ကုန်းကိုက်ပစ်လိုက်ပါသည်။ ကဲ မှတ်ပေတော့။ ဒီလောက်တောင် နေရာတကာပါချင်ပြီး လူတတ်သိပ်လုပ်ချင်နေတဲ့လူ။

"'နီရဲ' နင်လည်းလုပ်လေ... သူကတစ်ယောက်တည်းနဲ့ ငါတို့နှစ်ယောက်ကို နိုင်မယ်မှတ်နေတယ်"

"အေး အေး ကဲ ကဲ"

'နီရဲ' က လေးလံလှသော သူ့ရဲ့ပိုက်ဆံအိတ်ကိုလွှဲကာ



www.burmeseclassic.com

www.burmeseclassic.com



လွှဲကာဖြင့် ထိချင်ရာထိဆိုပြီး 'ခန့်ချော' အား ပတ်ရိုက်ပစ်လေသည်။ ဒီလိုရိုက်ဖို့အတွက် ဗိုက်ဆံအိတ်ထဲမှာထောပတ်သီးလေးလုံးလောက်ကို အလေးခံပြီးသယ်လာရတာ မဟုတ်လား။

အင့်ကနဲ အင့်ကနဲ အော်မြည်နေတဲ့ သူ့မျက်နှာမဲ့မဲ့ကို ကြည့်ပြီး စိတ်ထဲမှာတအားကိုကျေနပ်နေရသည်။ မိန်းကလေးတွေဆိုပြီး အင်အားနဲ့လုပ်ချင်တာလုပ်လို့ရမယ်ဆိုတဲ့အတွေးမျိုးရှိနေတဲ့သူတို့သုံးယောက်ကို ပညာပေးချင်လှပါသည်။

'ရဲစို' ကလည်း ရုန်းကန်နေရင်းနဲ့ပင် 'ကိုမိုးထင်' ကိုကော 'သန့်ရှင်း' ကိုပါ လက်သည်းတွေနဲ့ကုတ်ဆွဲပစ်သည်။ သူတို့ခြေထောက်တွေကို ဖိနပ်ရဲ့ဒေါက်ချွန်ချွန်တွေနဲ့ဆောင့်ကာဆောင့်ကာ ဖိနင်းပစ်နေပါသည်။

အားကနဲ အားကနဲအော်လိုက်သံကြားတိုင်း ရင်ထဲမှာပျော်သွားရကာ လုပ်နိုင်သလောက် ပညာစွမ်းတွေပြနေမိပါသည်။ 'ခန့်ချော' ကိုကြည့်မိတော့ 'နီရဲ' နဲ့ 'ပတ္တမြား' နှိပ်စက်နေတဲ့ဒဏ်တွေကြားမှာ ပျော့ခွေချင်သလိုဖြစ်နေရပြီ။ သူတို့ကနှစ်ယောက်တစ်ယောက်ဆိုတော့ ပိုဆော်လို့ကောင်းသည်။

"ရပြီကွ ရပြီ... "

'သန့်ရှင်း' ရဲ့အသံကြီးက အကျယ်ကြီးထွက်ပေါ်လာ



သည်။ တစ်ကိုယ်လုံးကိုလည်း ထုရိုက်ကုတ်ဆွဲထားတာကို မေ့နေပုံရသည်။

"နင်တို့ကလေးကိုပြန်ပေးနော်... ငါတို့ရဲကိုတိုင်မယ်မှတ်ထား"

"တိုင်လေ နောက်ကိစ္စနောက်မှရှင်းမယ် သွားမယ်"

ကလေးသိုင်းကြိုးထုပ်ကို ဆွဲချီကာ ပြေးထွက်သွားတဲ့အကြောင်း ကျန်တဲ့နှစ်ယောက်ကလည်း ပျော်ရွှင်သောမျက်နှာတွေနဲ့ပြေးလိုက်သွားကြသည်။

သူတို့ပျော်ရွှင်သလို 'ရဲစို' တို့သုံးယောက်လည်းပျော်ရွှင်နေပါသည်။ အခုလောလောဆယ် ဒီနေရာကနေ ခပ်မြန်မြန်လစ်ဖို့ အရေးကြီးသည်။



www.burmeseclassic.com

## ၁၉

"ဟာ ခံလိုက်ရတာ တကယ်နာတယ်ကွာ... တစ်ကိုယ်လုံးလည်း နာကျင်ပြီးကိုက်ခဲနေတာပဲ... ဒီလိုဖြစ်အောင်သူတို့ ဘမင်ကြံစည်ပြီးလုပ်တာဖြစ်ရမယ်... 'နီရဲ' ဆိုတဲ့မိန်းမပိုက်ဆံအိတ်ထဲဘာထည့်ပြီး ရိုက်သလဲမသိပါဘူးကွာ... တစ်ချက်တစ်ချက်ထိလိုက်တိုင်း လူကိုအင့်သွားတာပဲ... ကလေးအပိုင်ရပြီဆိုပြီးတော့ သူတို့လုပ်သမျှကိုကြိတ်မှိတ်ခံနေလိုက်တာ ကျွတ်ကျွတ်"

'သန့်ရှင်း' ရဲ့အခန်းမှာ သုံးယောက်လုံးစုနေကြခြင်းဖြစ်





သည်။ 'သန့်ရှင်း' ကတော့ ဖြစ်ပျက်ခဲ့တာတွေကို ပြန်မပြောချင်တော့သလို ကုတင်ပေါ်မှာသာပက်လက်လှန်ပြီး အံကြိတ်နေလေသည်။

"အေးကွာ... ဒီလိုလုပ်ထားလိမ့်မယ်လို့ ဘယ်သူထင်မှာလဲ... ငါမှာလည်း 'ရဲဘို' တက်တက်နင်းနေတဲ့ ဒေါက်ဖိနပ်ဒဏ်ကိုခံနေရတာ ခြေချောင်းတွေတောင်ကျိုးတော့မယ်... လက်သည်းတွေနဲ့ လည်းကုတ်ထားတာ ပွထနေတာပဲ... ဒီလောက်ခံနေပြီးမှတော့ အပိုင်ရနေပြီပဲတွက်တာပေါ့ကွာ... ဘယ်သူကအခင်ထုနေတာလို့ ထင်မှာတဲ့လဲ... တော်တော်လည်တဲ့ မိန်းမတွေ... ဆိုင်တင်ကလည်းကောင်းမှကောင်း အိမ်မှာတောင်လူကြီးတွေရှေ့ ခပ်တင်းတင်းမနေရဲတဲ့ဘဝကွာ... ဒဏ်ရာတွေကိုမြင်တာနဲ့ စပ်စုကြတော့မှာ ရှင်းပြလို့လည်းမကောင်းတဲ့ကိစ္စ စိတ်ညစ်ပါတယ်ကွာ"

'မိုးထင်' တို့သုံးယောက်သား ကလေးလေးကိုပွေ့ချီပြီး ကားဆီအပြေးလာခဲ့ကြတာဖြစ်သည်။ ကားပေါ်ရောက်တော့မှ သူတို့တွေအလိမ်မိပြီဆိုတာ သိလိုက်ကြရသည်။ 'သန့်ရှင်း' လက်ထဲပါလာတဲ့အထုပ်က ကလေးဖြစ်မနေဘဲ အဝတ်စုတ်တွေထည့်ထားသည့် အထုပ်ကြီးဖြစ်နေပါသည်။

www.burmeseclassic.com



အဝတ်စုတ်တွေကြားထဲမှာ လေးပင်အောင်လို့ သဲတွေကိုပင်ထည့်ထားလိုက်ပါသေးသည်။ တော်တော်အကျင့်တန် သည့်မိန်းမတွေပါပဲ။ ဒီလိုလှည့်စားမှုမျိုးကို သူတို့မို့လို့ပဲလုပ်တတ်ကြသည်။ ယောကျ်ားတွေဖြစ်တဲ့ 'မိုးထင်' တို့တောင်မှတွေးမိကြသည်မဟုတ်။

အထုပ်ထဲကအဝတ်စုတ်တွေနဲ့ သဲတွေထွက်လာတော့ လူကငိုချင်သွားရသည်။ ခံလိုက်ရတာနဲ့မကာမိအောင် ကိုယ်ပြန်ရလိုက်တာက တကယ့်ကိုအစုတ်အပြတ်တွေပါ။

'သန့်ရှင်း' ဆိုရင် စကားပင်ဟဟမပြောနိုင်သည်အထိ ကို စိတ်ထဲခံပြင်းသွားတယ်နဲ့တူသည်။ ပြန်လာတည်းကသူ့ကို ကြည့်လိုက်တိုင်း အံကိုကြိတ်ပြီး တစ်စုခုကိုတွေးတောစဉ်းစားနေပုံရသည်။

"မကျေနပ်ဘူးကွာ မကျေနပ်ဘူး... သူတို့တွေကိုတစ်ခုခု ပြန်လုပ်ရမှကိုကျေနပ်နိုင်မယ်... ငါတို့အလျှော့ပေးထားတာကို အခွင့်ကောင်းယူပြီး မျိုးစုံနှိပ်စက်နေတာ... အပြင်မှာလုလို့မရရင် အိမ်ထဲအထိဝင်လုပစ်မယ်ကွာ... ဘာမှတ်လဲ... ငြိမ်နေရင် သူတို့တွေကိုအရှုံးပေးရာကျတယ်... ကိုယ်ဖြစ်ချင်တာကိုရအောင် ကိုလုပ်မယ်"





"ကောင်းတယ်... ငါလည်းဒီလိုပဲတွေးတယ်... ခံလိုက်ရတာကို နည်းနည်းမှမကျေနပ်နိုင်ဘူး... ဒီတစ်ခါကျရင် သူတို့ထွေကိုအရင်မေ့သွားအောင် လက်သီးတစ်လုံးစီ အရင်ကျွေးထားလိုက်မယ်"

'မိုးထင်' နဲ့ 'ခန့်ချော' အတိုင်အဖောက်ညီညီ ပြောနေကြခြင်းဖြစ်သည်။ 'သန့်ရှင်း' ဆီက သက်ပြင်းချသံကိုကြားလိုက်ရပြီ။

"အိမ်ထဲဝင်ဖို့ဆိုတာ လွယ်တာမှမဟုတ်တာ... အစောင့်ချထားတဲ့လူတွေပုံစံကိုလည်းကြည့်ဦး... နည်းတဲ့ဗလကြီးတွေ မဟုတ်ဘူး... ကိုင်ပေါက်လိုက်တာနဲ့တောင် လွင့်သွားလို့ရနေပြီ ဒီအတိုင်းကြီးတော့ ဝင်လို့မဖြစ်နိုင်ပါဘူး"

"ဒါဆို ဘာမှပြန်မလုပ်ဘဲ ဒီအတိုင်းငြိမ်ခံနေရမှာလား"

"သူတို့လိုပဲကလိမ်ကကျစ်လမ်းစဉ်တွေ လုပ်ရမှာပေါ့... ပေါက်တင်ကြီးသွားလို့ကတော့ အခုတစ်ခါလို ထပ်ပြီးအဖွဲ့ခံနေရဦးမှာပဲ"

"ဘယ်လိုလုပ်မလဲ"

"အေး မင်းဘာတွေကြံထားလို့လဲ"

'သန့်ရှင်း' အနားသို့ 'မိုးထင်' နဲ့ 'ခန့်ချော' ရောက်သွား



www.burmeseclassic.com

www.burmeseclassic.com



ရသည်။ ယောကျ်ားတွေရဲ့ ဉာဏ်ရည်ကိုမိန်းမတွေ လိုက်လို့မီနိုင်ပါ့မလားလေ။

"စဉ်းစားထားတာကတော့ ဟန်ဆောင်ပြီးဝင်ပူးဖို့ပဲ... ငါတို့ရုပ်တွေကိုဖျက်သွားရလိမ့်မယ်... အိမ်ထဲရောက်သွားရင် ဘယ်လိုပဲဖြစ်ဖြစ် ပွဲကပြီးနေပြီလေ... ဟုတ်တယ်မဟုတ်လား"

"အင်း"

"စုံထောက်တွေဟန်ဆောင်ပြီး မေးစရာရှိလို့ဆို ပြီးသွားကြမယ်...စောင့်တဲ့ကောင်တွေလည်း ဘာမှပြောရဲမှာမဟုတ်ဘူး... ဖြုံသွားလိမ့်မယ်... မကောင်းဘူးလား"

"လွယ်ပါ့မလား"

"ဖြစ်အောင်တော့ လုပ်ကြည့်ရမှာပေါ့... အရင်အခြေအနေသွားကြည့်ကြမယ်"

"အေး သွားကြမယ်"

နာကျင်နေတဲ့ဒဏ်ရာတွေကို အတင်းမေ့ပျောက်ကာ ပြန်ပြီးအနိုင်ရဖို့အတွက် အားတင်းထားလိုက်ကြသည်။ မိုးထင်တို့သုံးယောက် ကားပေါ်ကမဆင်းကြဘဲ အခြေအနေကိုခပ်ဝေးဝေးကနေသာ အကဲခတ်ကြည့်နေမိကြသည်။

ခြံတွင်းမှာတော့ ခါတိုင်းရက်တွေအတိုင်း အစောင့်တွေ





က လမ်းလျှောက်နေကြလေသည်။ 'မိုးထင်'တို့ကားကိုတွေ့ပေမယ့် သူတို့နဲ့မဆိုင်သလိုသာနေနေကြသည်။

အိမ်တွင်းမှာရှိနေသော 'ပတ္တမြား'တို့ကလည်း အပြင်မှာ 'မိုးထင်'တို့ရောက်နေတယ်ဆိုတာကို သိပြီးနေကြပါပြီ။

"မမှတ်သေးဘူးလား မသိပါဘူး... ဒီလောက်ထုထောင်းလိုက်တာတောင် လာရစ်နေကြသေးတယ်..."

'ပတ္တမြား'က ချောင်းကြည့်ပြီးပြောလိုက်တာဖြစ်သည်။

"ဟုတ်ပါ့... ရှုံးထားတာတောင် မျက်နှာတွေကပြောင်နေနိုင်သေးတယ်... လစ်တာနဲ့အကောက်ကြံဦးမယ်ဆိုပြီးမောင်းထင်ထားသလားမသိဘူး"

"'နီရဲ'ရယ်... နင့်ထောပတ်သီးပိုက်ဆံအိတ်ကို ထပ်စားချင်နေလို့လားမှမသိတာ... ဟား ဟား သူတို့ကိုသူတို့ပိုင်ပြီပဲထင်နေတာတွေ့ရယ်ချင်တာ"

"သူတို့တွေနေ့တိုင်းဒီလိုပဲ ချောင်းမြောင်းနေရင်ဘယ်လိုလုပ်မလဲ"

"အေး အဲ့ဒီလိုဆိုရင်တော့ဒုက္ခပဲ... ငါတို့ကအလုပ်တွေရှိသေးတယ်... ဒီနေ့တောင်မှ ဝယ်လက်တစ်ယောက်ကိုချိန်းထားသေးတာ... 'အကောက်'လေးကိုလည်း အပြင်ခေါ်သွားလို့လုံ ၂



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်ဘူး… ကလေးပါတာနဲ့ဝင်လုမှာပဲ”

“မနေ့ကလိုထားခဲ့တာပေါ့ဟာ… ကိစ္စကခဏကလေးပဲ မဟုတ်လား… ငါ့ကားနဲ့သွားမယ်… အထဲကိုမြင်ရတာလည်း မဟုတ်ဘူး… နင်တစ်ယောက်တည်းပဲ ဆင်း… ငါနဲ့ ‘နီရဲ’ ကား ပေါ်မှာစောင့်ကျန်ရစ်မယ်”

“ကလေးကကော”

“ထားခဲ့မယ်ဟယ်… သူတို့သိတာမှတ်လို့…”

သုံးယောက်သားတိုင်ပင်ပြီး ညနေစောင်းလောက်မျှပဲအပြင်ကိုထွက်ဖို့ ဆုံးဖြတ်လိုက်ကြသည်။ ‘ဦးလေးထွေး’ ကို အရင်ခေါ်ပြီးကလေးကိုကြည့်ထိန်းပေးထားဖို့ သေချာမှာနေရသည်။

“မနေ့ကလိုပဲ အလုပ်ကလေးရှိလို့ အပြင်ခဏသွားဦးမယ်နော်… ‘အကောက်’ လေးကို ‘ဦးလေးထွေး’ ခဏကြည့်ပေးထားပါ… အိမ်ထဲကအိမ်ပြင်မထွက်နဲ့နော်… ‘ခန့်ချော’ တို့ ‘ကိုမိုးထင်’ တို့ရောက်လာရင်လည်း လုံးဝအိမ်တံခါးကိုဖွင့်မပေးနဲ့ ခြံထဲတောင်အဝင်မခံနဲ့… သူတို့တွေကကလေးကို ပြဿနာရှာချင်နေတာ”

“သူတို့သုံးယောက်က ကလေးကိုဘာလို့ပြဿနာရှာနေရတာလဲ… ကလေးမှာမှ အပြစ်မရှိတဲ့ဥစ္စာ”

“သူတို့က ကလေးထက် ‘နီရဲ’ တို့ကိုပိုပြီး ပြဿနာရှာချင်နေတာ ‘ဦးလေးထွေး’ ရဲ့… ကလေးတစ်ယောက် အိမ်ရောက်လာတာကို သူတို့စိတ်ထဲမသက်သတော်တော်ဖြစ်နေပုံရတယ်… ရှင်းရှင်းပြောရရင် ‘နီရဲ’ တို့သုံးယောက်ထဲကတစ်ယောက်ယောက်ရဲ့ကလေးလို့ထင်နေတာ… အဲ့ဒီလိုထင်တာကို ‘နီရဲ’ တို့ကလည်း စိတ်နာတယ်… မရှင်းချင်လို့ပိုရှုပ်ပြီး ကိုယ့်ကလေးလို့ပဲပြောလိုက်တယ်…”

“မှန်တဲ့အတိုင်းပြောလိုက်တာ မဟုတ်ဘူးကွယ်”

“ပြောလိုက်ရင် ဟိုပို့ဒီပို့တွေလုပ်ခိုင်းနေမှာစိုးလို့ပေါ့ ကလေးကို ‘နီရဲ’ တို့သံယောဇဉ်တွယ်နေကြပြီ… သူ့မိဘတွေ လက်ထဲကိုတောင် ပြန်ထည့်ပေးချင်တာမဟုတ်တော့ဘူး… မွေးစားလို့ရရင်တောင်းပြီးတော့ကိုမွေးစားဖို့ သုံးယောက်လုံးဆုံးဖြတ်ထားတယ်”

“ဟင်း…”

‘ဦးလေးထွေး’ က ခြံထဲမှာနေလာတာကြာပြီဆိုတော့ ကိုယ့်ဦးလေးသားချင်းလို ဖြစ်နေတာကြောင့် ပွင့်ပွင့်လင်းလင်း ဖွင့်ပြောပြနေမိတာပါ။ ‘ခန့်ချော’ တို့နဲ့လည်း ခင်ပါသည်။







www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ပဲခင်ခင် အိမ်ရှင်ဖြစ်တဲ့ 'နီရဲ' တို့လောက်တော့ 'ဦးလေးထွန်း' အပေါ်သူတို့တွေ သြဇာမညောင်းနိုင်ကြပါ။

"'ဦးလေးထွေး' ကိုယုံကြည်လို့ ကလေးကိုသေချာအပ်ထားခဲ့တာနော်... သေချာထိန်းထားပေးပါ"

"အေးပါကွယ်"

'ဦးလေးထွေး' ထွက်သွားပြီး 'နီရဲ' ခြံပြင်ကိုချောင်းကြည့်လိုက်တော့ သူတို့တွေမရှိကြတော့ချေ။ ညနေစောင်းလောက်အထိ သူတို့တွေပြန်ရောက်မလာပါစေနဲ့လို့သာ ဆုတောင်းလိုက်မိသည်။



## ၂၁

"ဒီလိုတွေဖြစ်မှာစိုးလို့ 'ဦးလေးထွေး' ကိုသေချာမှာထားခဲ့တာပေါ့... ရက်စက်လိုက်တာ 'ဦးလေးထွေး' ရယ်... ဒီလောက်အဆောင့်အေွလည်းရှိနေရဲ့နဲ့များ ဘယ်ကနေဘယ်လိုကလေးကပျောက်သွားရတာလဲ... 'နီရဲ' မယုံနိုင်ဘူး... အီး ဟီး ဟီး"

"အဟင့် ဟင့် ဟင့်... 'ဦးလေးထွေး' ကိုကလေးနားမှာနေပါဆိုတာ ဘာလို့မနေတာလဲ... ပုခက်ထဲမှာအိပ်နေတယ်ဆိုလို့ကြည့်လိုက်တာ ဘာမှလည်းမရှိတော့ဘူး... 'ပန်ဘ္ဘမြား' တော့သေသာသေလိုက်ချင်တော့တာပဲ... ကလေးပိုင်ရှင်တွေကကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တွေကို စိတ်ချလို့ သေချာအပ်ထားခဲ့တာမှ မကောင်းတဲ့လူလက်ထဲရောက်သွားရင်တော့ ဒုက္ခပါပဲ... ဘယ်မှာလိုက်ရှာရမလဲ"

"ငါတော့ ရဲစခန်းပဲတိုင်လိုက်ချင်တော့တယ်... ဘယ်သူပဲလာခိုးခိုး ခိုးတဲ့လူကိုကောင်းကောင်းဆုံးမလိုက်ချင်တယ်"

'ရဲစို' တို့ သုံးယောက်လုံး ပွက်လောရိုက်နေလိုက်တာ 'ဦးလေးထွေး' မျက်နှာက ဆီးရွက်လောက်သာရှိပါတော့သည်။ သူ့လက်ထဲကနေပျောက်သွားတာဆိုတော့ အဓိကတရားခံကသူဖြစ်နေသည်မဟုတ်လား။

'ဦးလေးထွေး' က ကလေးကိုပုခက်ထဲမှာ သေချာသိပ်ထားခဲ့ပြီး အိမ်တံခါးဝမှာ ထိုင်စောင့်နေခဲ့တာတဲ့။ 'ရဲစို' တို့ သုံးယောက်အပြင်ထွက်တာကလည်း သိပ်မကြာတော့ ပြန်လာတဲ့အခါ 'ဦးလေးထွေး' က 'အကောက်' လေးအိပ်နေတယ်လို့ ဆိုတော့ စိတ်အေးသွားခဲ့ရသည်။

'ပတ္တမြား' က ပုခက်ကိုသွားကြည့်မှပဲ ကလေးမရှိတော့တာကို သိရတဲ့အဖြစ်ပါ။ ကလေးမရှိတော့ဘူးသိလိုက်ရတဲ့အချိန်မှာ 'ရဲစို' တို့ ရင်ထဲမှာ မီးလောင်သွားသလိုကို ခံစားလိုက်ရပါသည်။

ကိုယ့်သွေးသားမဟုတ်ပေမယ့် ချစ်စရာကောင်းလွန်းလှ





တဲ့ကလေးလေးကို မြူစုယုယရင်းနဲ့ပဲ သံယောဇဉ်တွေတွယ်ငြိလာခဲ့ရသည်။ တခြားအပျော်တွေကိုတောင် မေ့နိုင်ပြီးကလေးနဲ့အတူ 'ရဲစို' တို့ သုံးယောက် အိမ်တွင်းမှာကမ္ဘာတစ်ခုတည်ဆောက်နိုင်ခဲ့ကြသည်။

ဒီကလေးလေးအတွက်နဲ့ ကိုယ်ချစ်တဲ့ ချစ်သူတွေကိုလည်း မေ့ပစ်နိုင်အောင်ကြိုးစားခဲ့ကြသည်။ ရန်တွေဖြစ်ခဲ့ကြသည်။

မြန်မာစာကြီး 'ရဲစို' တို့ ပတ်ဝန်းကျင်ကနေ ဆွဲထုတ်ခံလိုက်ရတော့ ရက်စက်လွန်းပါသည်။ ကလေးကိုခေါ်သွားတဲ့လူတွေကိုလည်း မကျေနပ်နိုင်ပါ။ ဘယ်သူတွေဖြစ်မလဲ။ အဓိကတရားခံက 'အန့်ရှင်း' တို့ သုံးယောက်။ ကလေးနဲ့ ပတ်သက်လို့ ကြုံတွေ့နေရတဲ့အန္တရာယ်တွေသည် သူတို့ သုံးယောက်ပဲရှိနေတာမဟုတ်လား။

သူတို့ကလွဲပြီး ဘယ်သူမှမဖြစ်နိုင်ပေ။ ကလေးကိုခိုးတဲ့လူတွေသည် သူတို့ သုံးယောက်ပါပဲ။ တွေးရင်းတွေးရင်းရင်ထဲမှာ ဒေါသတွေဆူဝေတက်လာရကာ ချက်ခြင်းကိုပြေးပြီး ထုရိုက်ပစ်လိုက်ချင်မိသည်။

ဘယ်သူ့အိမ်ကိုလိုက်ပြီး ကလေးကိုပြန်ခေါ်ရမလဲ။



www.burmeseclassic.com

www.burmeseclassic.com



'နီရဲ' နဲ့ 'ပတ္တမြား' ကလည်း အံတွေကြိတ်ပြီး ငိုနေကြသည်။ ခံစားနေရတာအားလုံးအတူတူပဲမို့ ဘာလုပ်ရင်ကောင်းမလဲတိုင်ပင်မှုဖြစ်ပါမည်။

"အခုငါတို့ဘယ်လိုလုပ်ကြမလဲ... ကလေးကိုပြန်တွေ့မှကိုဖြစ်မယ်... ငိုနေလို့လည်းမပြီးဘူး... ရဲစခန်းကိုတိုင်မလား သူတို့ဆီအရင်သွားတွေ့မလား"

"ရဲစခန်းတော့ မတိုင်ပါနဲ့ကွယ်... ကိုယ့်အချင်းချင်းပဲ အရင်ညှိကြတာအဆင်ပြေမယ်နဲ့တူပါတယ်... 'ဦးလေးထွေး' တောင်းပန်ပါတယ်"

"အို သူများအိမ်ထဲကျူးကျူးကျော်ကျော် ဘာလို့ဝင်သေးလဲ... သူတို့အပြစ်သူတို့ခံရမှာပဲ... ကိုယ်တွေအရှက်ကွဲချင်လည်းကွဲရတယ်... ကလေးပြန်ရရင်ကျေနပ်ပြီ"

'ဦးလေးထွေး' က စိတ်မကောင်းသလိုမျက်နှာထားဖြင့် ထွက်သွားခဲ့ပါသည်။ 'ဦးလေးထွေး' ရင်ထဲကကလေးအပေါ်ထားတဲ့သံယောဇဉ်က 'ရဲစို' တို့လောက် လေးနက်လို့လား။ တကယ့်ချစ်တဲ့သူတွေကတော့ ရင်တွေပွင့်အောင်ကို ပူလောင်နေတယ်ဆိုဘာ စိတ်ချင်းတူမှပဲသိနိုင်ပါလိမ့်မည်။

"'ဦးလေးထွေး' ပြောသလိုပဲ ရဲကိုတော့မတိုင်သေးဘူး





ငါတို့တွေ ဟိုသုံးယောက်ကိုသွားတွေ့ကြမယ်... ကလေးကိုသူတို့ဆီကပြန်တောင်းမယ်... သူတို့သိချင်တာရှိလည်း ဖွင့်ပြောပြလိုက်မယ်... ယုံချင်ယုံမယုံချင်နေ အဓိကက ကလေးငါတို့လက်ထဲပြန်ရောက်ဖို့ပဲ"

"ထင်တော့ထင်တယ်... ကလေးကိုခိုးချင်လို့ဒီနေ့ငါတို့အပြင်ထွက်တော့ သူတို့တွေအနောက်ကနေပါမလာတာကို... စိတ်အေးအေးနဲ့နေရမလားအောင်းမေ့ပါတယ် ဒင်းတို့ကသေချာကိုအကွက်ချပြီးလုပ်သွားတာ"

"ကဲ အခုဘယ်ကိုအရင်ဖုန်းဆက်ရင် ကောင်းမလဲ..."

'ရဲစို' တို့တစ်ယောက်မျက်နှာတစ်ယောက် စိုက်ကြည့်ပြီး စဉ်းစားနေကြသည်။ 'နီရဲ' အတွေးမှာက 'ခန့်ချော' ဆီသူမ တစ်ခါကစပြီး ဖုန်းဆက်လိုက်ရင် သူ့အရှမ်းကိုဘဝင်မြင့်သွားလိမ့်မည်။ 'ခန့်ချော' ဟာ အရင်တည်းက သူနိုင်တဲ့အချိန်ဆိုရင် ဖိမဲ တကော်တဲ့သူဆိုတော့ အခုလိုအခြေအနေမျိုးဆိုရင် အနိုင်ကိုချတော့မှာပါ။

'နီရဲ' ဖုန်းနံပါတ်ကိုမြင်လိုက်တာနဲ့ အသက်ကိုပြင်းပြင်းရှူပြီး ဘယ်စကားတွေနဲ့စပြောမယ်ဆိုတာ သူ တန်းစဉ်းစားပြီးနေလောက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



'နီရဲ' ဘက်က လေသံပျော့နဲ့ စပြောရမယ့်အဖြစ်က အတော်လေးစိတ်ပျက်ဖို့ကောင်းနေရပါသည်။ ဖြစ်နိုင်ရင် သူ့ဆီကို ဖုန်းစမဆက်ချင်ပါ။

'ရဲစို' အတွေးမှာလည်း 'နီရဲ' လိုပဲဖြစ်နေသည်။ စချစ်တည်းက တစ်ယောက်နဲ့တစ်ယောက် အနိုင်ခံအရှုံးမပေးဘဲချစ်လာကြတဲ့ စုံတွဲဆိုတော့ 'သန့်ရှင်း' အနေနဲ့ သူရှုံးထားတဲ့အခြေအနေမျိုးမှာ အနိုင်ပြန်ရတုန်း တွယ်မယ်ဆိုတဲ့စိတ်က ကြီးစိုးနေမှာသေချာပါသည်။

'ရဲစို' ဘက်ကလည်း တိုင်ရှုံးနေတာမှန်ပေမယ့် မျက်နှာအငယ်ခံပြီးအောက်မကျို့လိုက်ချင်ပေ။ ပြောချင်မှပြောရင် ခပ်တန်းတန်းနဲ့ ရင်ဘောင်တန်းပြီးပြောလိုက်ချင်တာပါ။

အဲဒီတော့ သူတို့ဆီဆက်သွယ်လို့ အကောင်းဆုံးဖြစ်တဲ့သူက 'ပတ္တမြား' သာဖြစ်လို့နေသည်။ 'ပတ္တမြား' က 'ကိုမိုးထင်' နဲ့တရားဝင်ချစ်သူတွေဖြစ်သေးတာလည်းမဟုတ်၊ အိုင်တင်ခံလို့ အကောင်းဆုံးအချိန်မှာ 'ကိုမိုးထင်' အား အသာစီးလေးနဲ့သူ့ဖြစ်ချင်တာကို စည်းရုံးသိမ်းသွင်းပြီးပြောလိုက်ရင် ကိုယ့်ဘက်ကိုပါလာနိုင်သည်။

ယောကျ်ားဆိုတာမျိုးက အချစ်နဲ့ပတ်သက်ရင် သူ့ငယ်





ချင်းတွေအပေါ်လည်း သစ္စာဖေါက်ဖို့ဝန်လေးတဲ့သူတွေမဟုတ်တာကြောင့် 'ကိုမိုးထင်' အားသိမ်းသွင်းလို့လွယ်နိုင်မည်ထင်သည်။

'နီရဲ' နဲ့ 'ရဲစို' 'ပတ္တမြား' အား ခပ်ပြုံးပြုံးလေးကြည့်မိကြသည်။

"ဟိုတ် နင်တို့နှစ်ယောက်ကငါ့ကိုပဲ လွှဲချဖို့ကြံနေတာမဟုတ်လား နင်တို့အကြည့်တွေကလုံးဝကို မရိုးသားဘူး"

"လွှဲချတာတော့ မဟုတ်ပါဘူး... နင်တစ်ယောက်တည်းအခုဝင်ဖြေသလိုဖြစ်နေလို့ စိတ်ကူးမိကြတာ... နင့်ဆိုရင် 'ကိုမိုးထင်' က အလျှော့ပေးရမှာအသေအချာပဲ... သူကြိုက်မယ့်စကားမျိုးတွေနဲ့ နင် စည်းရုံးလိုက်ဖို့ပဲလိုတယ်... နင်အပြောကောင်းရင်ကောင်းသလိုမျိုး သူကိုယ်တိုင် ကလေးကိုပြန်ခေါ်လာပေးနိုင်တယ်လေ"

"ဟုတ်တယ်... 'ရဲစို' ပြောသလိုပဲ အခုချိန်မှာ သူတို့ဆီဝင်ဖို့က နင်တစ်ယောက်တည်းအသင့်တော်ဆုံးဖြစ်နေတယ်... ကျည်ပါဟာ ဒါငါတို့သုံးယောက်စလုံးရဲ့ လိုအပ်ချက်လေ နင်လည်း 'အကောက်' လေးကိုချစ်တာပဲဟာ"

"ဟင်း အေးပေါ့... ငါပဲ စဆက်လိုက်ပါမယ်... သူတို့

www.burmeseclassic.com



ဆီမှာ 'အကောက်' လေးရှိနေဖို့ကအဓိကပါပဲ"

'ပတ္တမြား' က 'ကိုမိုးထင်' ရဲ့ ဖုန်းနံပါတ်ကို ပါးစပ်က နေ အရင်ရေရွတ်ကြည့်လိုက်မိပါသည်။

ရင်ထဲမှာတော့ တဒုတ်ဒုတ်နဲ့ခုန်နေသည်။



## ၂၁

ချိန်းလို့သာလာခဲ့ရသည် 'မိုးထင်' ရဲ့စိတ်ထဲမှာတော့ နည်းနည်းလေးမှကို မယုံကြည်သေးပေ။ တစ်ဖက်နဲ့တစ်ဖက် အနိုင်ကျဲနေကြတဲ့အချိန်မှာမှ လေချိုကလေးနဲ့နှစ်ယောက်တည်း တွေ့ရအောင်လာခဲ့ဖို့ချိန်းတဲ့ 'ပတ္တမြား' ရဲ့စိတ်ကို အံ့ဩနေမိ ပါသည်။

ဘယ်သူ့ကိုမှမပြောရဘူးလို့ စချိန်းတည်းကပြောထား တာကြောင့် အဖော်လည်းခေါ်မလာရဲချေ။ ချိန်းထားတာဆယ့် တစ်နာရီ၊ အခုဆယ့်တစ်နာရီခွဲကာနီးတော့မည်။ ဒီမိန်းမ သက်



www.burmeseclassic.com

www.burmeseclassic.com



သက်သူ့ကို ဒုက္ခပေးချင်လို့ ကလိမ်ကျလိုက်တာလားမသိ။

စောင့်နေရင်းစောင့်နေရင်း လူကဒေါသဖြစ်ချင်သလို ဖြစ်လာရသည်။ ပြန်သွားပြီးမှ ရောက်လာမှာကိုလည်း စိုးရိမ်နေသေးတာကြောင့် ဒေါသဖြစ်ဖြစ်နဲ့ သာ ဆက်ပြီးစောင့်နေမိတော့သည်။

'မိုးထင်' စိတ်ရှည်ရှည်နဲ့ စောင့်နေမိတာ မှန်သွားသည်။ သိပ်မကြာခင်အချိန်မှာပဲ 'ပဒ္မာမြား' ရောက်လို့လာသည်။ မျက်နှာထားကကြည်သလိုလို တည်သလိုလိုနဲ့ ခပ်ရဲရဲလေးဖြစ်နေတာ စိတ်ထဲမှာ တစ်ခုခုဖြစ်နေသလိုပါပဲ။

'မိုးထင်' ကိုယ်တိုင်လည်း နှစ်ယောက်တည်းဖြစ်ပြီးအခုမှ တွေ့ဆုံရတာဆိုတော့ ရင်ထဲမှာလှိုင်းထကာနေသည်။ ဘယ်လိုစကားတွေ စပြောရမလဲစဉ်းစားနေရ၏။

"'ပဒ္မာမြား' ကိုယ့်ကိုချိန်းတာ ကိစ္စများရှိနေလို့လား"

"ရှိ ရှိတယ်... တစ်ယောက်နဲ့တစ်ယောက် ဘာမဟုတ်တဲ့ကိစ္စလေးနဲ့ စကားများပြီးရန်တွေဖြစ်နေရတဲ့ဘဝကို မုန်းလာလို့ ပွင့်ပွင့်လင်းလင်းဆွေးနွေးမယ်ဆိုပြီး ချိန်းလိုက်တာ"

"ဘာမဟုတ်တဲ့ကိစ္စလေးမဟုတ်ပါဘူး 'ပဒ္မာမြား' ရယ်"

"'ကိုမိုး' ကတကယ်ပဲ 'ပဒ္မာမြား' ကိုကလေးတစ်ယောက်



အမေလို့ထင်နေလို့လား"

"မထင်ရက်လို့မယုံရဲလို့ တကယ်ဟုတ်မဟုတ်ဆိုတာကို လိုက်စုံစမ်းနေတာပေါ့ 'ပဒ္မာမြား' ရယ်... ကိုယ့်ရင်ထဲမှာဘယ်လောက်ထိအောင် နာကျင်နေတယ်ဆိုတာ ကိုယ်ပဲသိပါတယ်"

'ပဒ္မာမြား' ရဲ့ရင်ထဲမှာ ရင်ခုန်သံတွေမြန်သွားရသည်။ လာတုန်းကကလေးကိစ္စကို ဦးစားပေးပြီးလာခဲ့တာဖြစ်ပေမယ့် စပြောအပြီးမှာ ကလေးကိစ္စကမရောက်ဘဲ နှလုံးသားကိစ္စတွေက အရင်ရောက်နေသည်။

'ကိုမိုး' တို့ကလည်းပြောပါသည်။ 'ပဒ္မာမြား' ရင်ထဲမှာ 'ကိုမိုး' ကို တကယ်ချစ်တာမှန်တယ်ဆိုရင် ဖြစ်ခဲ့တဲ့အကြောင်းအရင်းကိုအမှန်အတိုင်းပြောပြပြီး ကလေးကိုပြန်ရအောင်ကြိုးစားစေပါတဲ့။

"အဲဒီအတွက်နာကျင်ရတာလဲ... 'ပဒ္မာမြား' ဟာအပျိုစင်မဟုတ်တော့ဘူးဆိုလို့လား... တကယ်ချစ်တာမှန်ရင် ပျိုပျိုအိုအိုဆိုတာတွေ ထည့်တွက်စရာလိုသေးလို့လား... 'ပဒ္မာမြား' သာ 'ကိုမိုး' နေရာမှာဆို တကယ်ချစ်တာသေချာပြီဆိုရင် ကိုယ်ချစ်တဲ့လူကိုပိုင်ဆိုင်ရဖို့ပဲကြိုးစားတော့မယ်... ကျန်တာတွေသိပ်စဉ်းစားတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တစ်ယောက်တည်းအတွက်ကတော့ 'ပဗ္ဗမြား' ပြောသလိုလုပ်လို့ရတာပေါ့... မိဘတွေကိုထည့်တွက်တဲ့အခါမှာ အဆင်မပြေမှုတွေ ဖြစ်လာနိုင်တယ်လေ... အဲ့ဒီအခါ 'ပဗ္ဗမြား' ကော ကိုယ်ပါစိတ်ညစ်ရမှာပေါ့"

" 'ကိုမိုး' က မိဘသဘောကိုနာခံမှာလား ရင်ထဲကချစ်တဲ့သူကိုရွေးချယ်မှာလား"

"ဟင်း နှစ်ဘက်စလုံးကို စိတ်ချမ်းသာစေချင်ပါတယ်... ကလေးက ဘယ်သူ့ကလေးလည်းဆိုတာ ကိုယ့်ကိုသေချာအောင် ပြောပြပါလား"

"တကယ်လို့ 'ပဗ္ဗမြား' ရဲ့ကလေးဆိုရင် 'ကိုမိုး' က နောက်ဆုတ်သွားမှာလား"

"နောက်ဆုတ်ဖို့ထက် 'ပဗ္ဗမြား' တို့သားအမိကိုလက်ဆွဲခေါ်ပြီး ဟိုးအဝေးကြီးတစ်နေရာမှာ ဘဝတစ်ခုကိုအခြေချပစ်လိုက်ချင်တော့တယ်"

ဆွေးဆွေးကြီးပြောနေတဲ့ 'ကိုမိုး' ကိုကြည့်ပြီး 'ပဗ္ဗမြား' မျက်နှာပြုံးသွားရပါသည်။ မိဘတွေထက် 'ပဗ္ဗမြား' ဘက်ကိုပို ဦးစားပေးတဲ့ 'ကိုမိုး' ရဲ့စိတ်ကလေးကိုလည်း ပိုချစ်သွားရသည်။

"ဒီလိုဖြေပေးတဲ့အတွက် 'ကိုမိုး' ကို ကျေးဇူးတင်ပါတယ်





တကယ်တော့ 'ကိုမိုး' ရယ်... ကလေးကိစ္စက 'ပဗ္ဗမြား' နဲ့မဆိုင် ပါဘူး... 'ပဗ္ဗမြား' တင်မဟုတ်ဘူး 'ရဲစို' ကော 'နီရဲ' နဲ့ပါမဆိုင် ဘူး... ကလေးက 'ပဗ္ဗမြား' တို့အိမ်ကို အလည်ရောက်လာခဲ့ တာလေ"

'ပဗ္ဗမြား' သည် 'အကောက်' လေးအိမ်ကိုရောက်လာပုံ ကစလို့ ဒီနေ့အထိဖြစ်ပျက်ခဲ့တာတွေအကုန်လုံးကို ခပ်အေးအေး လေး 'ကိုမိုး' နားလည်အောင်ရှင်းပြလိုက်ပါသည်။ 'ကိုမိုး' ရဲ့မျက် နှာကရှုံ့လိုက်တွန့်လိုက်နဲ့ နောက်ဆုံးမှာတော့ အပြုံးမျက်နှာဖြစ် သွားရှာသည်။

"ဒါဆို ကလေးကို နို့တိုက်နေတာကကော"

"ဘာဖို့မှာတိုက်လို့လဲ... 'ကိုမိုး' က သေချာမြင်လို့လား ဘာတွေမေးနေမှန်းကိုမသိဘူး"

"သေချာတော့မမြင်ရဘူးပေါ့... ဒါပေမဲ့အနောက်ကနေ တော့ မြင်နေရတယ်"

"အနောက်ကမြင်ရတာပဲ ရှေ့ကမြင်ရတာမှမဟုတ်တာ လက်ထဲမှာနို့ဗူးကိုင်ပြီးတိုက်တာပေါ့... ဘာတွေမေးပြီးဘာတွေ တွေးနေမှန်းကိုမသိဘူး"

"ဟုတ်ပါပြီ... ဒါဆိုကိုယ်တို့နှစ်ယောက်ကြားမှာ ပြဿ



www.burmeseclassic.com

www.burmeseclassic.com



နာဆိုတာမရှိတော့ဘူးပေါ့နော်... 'ပဒ္မာမြား' ဘက်ကချစ်တယ်ဆို တဲ့စကားတစ်ခွန်းပြောရင် ကိုယ်တို့နှစ်ယောက်တရားဝင်ချစ်သူ တွေဖြစ်လို့ရပြီ"

"နိုး နိုး... အဲ့ဒီလိုချစ်သူတွေဖြစ်ဖို့အတွက်/အကောက် လေးကို 'ပဒ္မာမြား' တို့လက်ထဲပြန်ပေးလေ... ဘယ်လိုနည်းနဲ့ပဲ ဖြစ်ဖြစ် 'ကိုမိုး' ကလေးကိုခေါ်လာခဲ့ပေးရမယ်... 'သန့်ရှင်း' တို့ သဘောမတူဘူးဆိုရင်လည်း 'ကိုမိုး' ဖါသာနည်းလမ်းရှာပြီးခေါ် လာခဲ့ရမယ်... 'အကောက်' လေး 'ပဒ္မာမြား' တို့အိမ်ကိုပြန်ရောက် လာတဲ့နေ့က 'ကိုမိုး' နဲ့ချစ်သူတွေစဖြစ်တဲ့နေ့ပဲ"

'ပဒ္မာမြား' သည် ကလေးဟာသူတို့လက်ထဲမှာပဲ ရှိနေ လိမ့်မယ်လို့အပိုင်တွက်ပြီး စကားကိုအပီချည်ထည့်လိုက်တာဖြစ် ပါသည်။ သူ ကိုယ်နဲ့ချစ်သူတွေဖြစ်ချင်ပြီဆိုရင်တော့ ကလေး ကိုမြန်မြန်လာပြန်ပေးလိုက်ပေါ့နော်။

'ကိုမိုး' က မျက်မှောင်ကြီးကျုံ့သွားသည်။

"နေပါဦး... ကလေးကို ကိုယ်ကဘာလို့ပြန်ပေးရမှာလဲ ပြန်ပေးဆိုတဲ့အဓိပ္ပါယ်ကို ကိုယ်နားမလည်ဘူး... 'ပဒ္မာမြား' စ ကားတွေကရှုပ်နေတယ်... ရှင်းအောင်ပြောစမ်းပါ"

"ဒီ့ထက်ရှင်းအောင် 'ပဒ္မာမြား' လည်းမပြောတတ်တော့





ဘူး"

"ကလေးက ကိုယ့်လက်ထဲမှာရှိရင်လည်း ဟုတ်သေး တယ်... 'ပဒ္မာမြား' တို့အိမ်မှာရှိနေတဲ့ကလေးကို ကိုယ်ကဘယ်လို လာပို့ပေးရမလဲ"

"'ကိုမိုး' ရယ်... ရှုချင်ဟန်ဆောင်မနေစမ်းပါနဲ့... ဘာ လဲ 'သန့်ရှင်း' နဲ့ 'ခန့်ချော' ကိုပြန်တိုင်ပင်ဦးမလို့လား"

"သူတို့နဲ့ဘာဆိုင်လို့လဲ"

"သူတို့သဘောလည်းပါနေလို့ 'ကိုမိုး' ငြင်းချင်နေတာ အသက်လောက်... ရပါတယ် သူငယ်ချင်းတွေကအရေးကြီးလား ရင် ထဲမှာရှိတဲ့အချစ်က အရေးကြီးလားဆိုတာ မနက်ဖြန်ကျမှပဲစောင့် ကြည့်တော့မယ်"

"မနက်ဖြန်..."

"ဟုတ်တယ်... မနက်ဖြန် ကလေးကိုခေါ်ပြီးလာပြန်ပို့ 'ပဒ္မာမြား' စောင့်နေမယ်... ဟိုနှစ်ယောက်လည်း စိတ်အေးအေး နဲ့လိုက်ချင်တယ်ဆိုရင် လိုက်လာလို့ရတယ်လို့ပြောလိုက် အိမ် မှာအားလုံးရှိနေကြမယ်"

'ပဒ္မာမြား' က ပြန်ဖို့ပြင်လိုက်ပါသည်။

"နေဦး... ကိုယ်တကယ်နားမလည်ဘူးနော်... ကလေး



www.burmeseclassic.com

www.burmeseclassic.com



က ကိုယ်တို့လက်ထဲမှာရှိနေတာမဟုတ်ဘူး... 'ပဏ္ဏမြား'ကအပိုင်ပြောနေသလိုပဲ"

"အပိုင်ပြောဆိုကရှလေးကို လုယူဖို့အတင်းကြိုးစားနေတာ 'ကိုမိုး' တို့ပဲမဟုတ်ဘူးလား"

"ဟုတ်တယ်လေ... ဒါဆမဲ့လုလို့မှမရသေးတာ... ကြိုးစားနေတုန်းရှိသေးတယ်..."

"ဩော် ကြိုးစားနေတုန်းလား... ကဲ ကဲ ထပ်ပြီးကွယ်ဝှက်နေရင် လေကုန်ယုံပဲရှိလိမ့်မယ်... မနက်ဖြန်ကလေးကိုခေါ်ပြီးလာခဲ့ကြပါ... ကလေးတစ်ခုခုဖြစ်လို့ကတော့ 'ကိုမိုး' တို့သုံးယောက်ကို အသေသတ်ပစ်မယ်မှတ်ထား... 'ပဏ္ဏမြား' တို့ဘက်က ဒီထက်လည်းမလျှော့ပေးနိုင်တော့ဘူး"

"ဟာကွာ တကယ့်ကိုတစ်ဖက်သပ်ဆန်လွန်းတယ် မရှိတဲ့ကလေးတစ်ယောက်ကို ဘယ်ကနေဘယ်လို ခေါ်လာပေးရမလဲ"

"'ပဏ္ဏမြား' တို့ဘက်ကလည်း ဒီလောက်ထိအဖြစ်မှန်တွေရှင်းပြပြီးနေတာတောင်မှ 'ကိုမိုး' က လက်မခံချင်သေးဘူးလား... ကလေးကိုခေါ်ထားတာ ဘာအကျိုးရှိနေလို့လဲ"

"ကျွတ်..."





"ကဲ မနက်ဖြန်ကျမှပဲရှင်းတော့မယ်... ဆက်ပြောနေရင်မုန်းစရာတွေဖြစ်လာလိမ့်မယ်"

'ပဏ္ဏမြား' သည် ဝန်ခံခဲ့လှသော 'ကိုမိုး' ကိုစိတ်တွေတိုကာ မြန်မြန်ပဲပြန်ချလာခဲ့လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

၂၂

ယောက်ျားသုံးယောက် အိမ်ထဲဝင်လာတာကို မိန်းမသုံးယောက်က ခပ်စူးစူးလေးစိုက်ကြည့်နေကြလေသည်။ သူတို့မျက်လုံးတွေမှာ မျှော်လင့်ခြင်းတွေက ယှက်ဖြာသန်းလျှက်ရှိကြသည်။ ကြည့်နေရင်းနဲ့ မျက်လုံးတွေမှာရှိနေသော မျှော်လင့်ခြင်းရောင်ခြည်တွေက တဖြည်းဖြည်းချင်းပျောက်ကွယ်ကာ နာကြည်းသလိုဖြစ်လာခဲ့ကြသည်။

"ရှင်တို့သုံးယောက်ကိုတွေ့ချင်လို့ အိမ်ကိုခေါ်ထားတာမှမဟုတ်တာ... ဘယ်မှာလဲ ကလေး... ကလေးကိုဘယ်မှာထားခဲ့ကြသလဲ"





'နီနီရဲ' ရဲ့အသံက ဦးစွာပေါ်ထွက်လာခဲ့သည်။

" ကိစ္စအားလုံးကို ဒီလောက်သေချာရှင်းပြပြီးနေတာတောင်မှ မကျေနပ်သေးသလို ကလေးကိုထားခဲ့တာကတော့ လွန်လွန်းအားကြီးပါတယ်... ကလေးပါမလာရင် အခုချက်ခြင်းပြန်လိုက်ကြတော့"

'ရဲစို' ရဲ့အသံက ဒေါသလှိုင်းကြောင့် တုန်ခါကာနေ၏။

"ကိုမိုးထင်... ရှင့်ကိုမနေ့ကသေချာပြောလိုက်ပြီးသားအချိန်တန်ရင်ဆိုလို့ ... ညီလို့မရရင် ကလေးကိုရှင့်နည်းရှင့်ဟန်နဲ့ခေါ်လာခဲ့ပါလို့ပြောလိုက်ရဲ့သားနဲ့ ကလေးတော့ပါမလာဘဲအရေးမပါတဲ့လူတွေကိုခေါ်ချလာတာ 'ပဇ္ဇမြား' ကိုစော်ကားလိုက်တာနဲ့အတူတူပဲ"

'မိုးထင်' တို့သုံးယောက် တစ်ယောက်မျက်နှာကိုတစ်ယောက် စိုက်ကြည့်လိုက်မိကြသည်။ ဒီကိစ္စကိုဖြေရှင်းချင်လို့သုံးယောက်လုံးတိုင်ပင်ပြီး လာခဲ့ကြတာပါ။ တစ်ဖက်သပ်ပြောဆိုခံနေရတာကတော့ သိပ်မကောင်းပါ။

"ကလေးကိစ္စကို ထည့်ထည့်ပြောနေရအောင် ကလေးက ဘယ်သူ့ရှိမှာမို့လို့လဲ... မင်းတို့တွေလက်ထဲမှာပဲရှိတာပဲမဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"'ကိုမိုး' တို့ကသိပ်ရယ်ရတယ်... ဘာလဲ 'ရဲစို' တို့နှိပ်စက်ထားတာကို မကျေနပ်လို့ မျက်နှာပြောင်တိုက်ပြီး အနိုင်ပိုင်းမယ်ဆိုတဲ့စိတ်နဲ့ ရောက်လာကြတာလား"

"နင်တို့ထင်နေတာ တစ်ခုမှကိုမဟုတ်ဘူး... ကလေးလည်းငါတို့လက်ထဲမှာမရှိဘူး... ရှိနေလို့အပြောခံထိတယ်ဆိုရင်ဖြေသာသေးတယ်... အခုက ဘာမှလည်းမသိရဘဲနင်တို့ပြောတာကိုငြိမ်ခံနေရတာမမိုက်ဘူးဟာ... ကလေးကိစ္စငါတို့ဘာမှမသိဘူး... အဲ့ဒါအသေချာဆုံး စကားပဲ"

'ပတ္တမြား' 'ရဲစို' နဲ့ 'နီရဲ' ခချင်းချင်းမျက်လုံးချင်းစုံကာ ရင်တွေပူသွားရသည်။ ကိုယ်တွေထင်ထားတာက ကလေးဟာ သူတို့သုံးယောက်လက်ထဲမှာပဲ အေးအေးဆေးဆေးရှိနေလိမ့်မယ်လို့တွက်ဆထားကြတာပါ။ သူတို့ကတောင် ကလေးကိစ္စကိုပြန်မေးနေတယ်ဆိုတော့ ကလေးကဘယ်ကိုရောက်သွားရတာလဲ။

"'ကိုမိုး' တကယ်ပြောနေတာလား... 'ကိုမိုး' မသိဘဲ သူတို့နှစ်ယောက်တိတ်တိတ်လေး ဖွက်ထားရင်ကော"

"ဟာ 'နီရဲ' ရာ... ငါအာမခံပါတယ်... 'သန့်ရှင်း' ရော 'ခန့်ချော' ပါ ကလေးကိစ္စနဲ့ပတ်သက်ရင်ငါနဲ့အားလုံးတိုင်ပင်ပြီးမှလုပ်ကြတာပါ... ကလေးမရှိတော့တာ မနေ့က 'ပတ္တမြား'



ပြောမှငါတို့လည်းသိရတာ... တကယ် ငါတို့လက်ထဲမှာမရှိပါဘူး... ရှိနေရင် အားလုံးရှင်းလင်းနေတဲ့အချိန်မှာ ဘာလို့ငါတို့ကခေါ်ထားတော့မှာလဲ... 'ပတ္တမြား' ဆီကအဖြေကိုငါစောင့်နေတယ်ဆိုတာ နင်တို့လည်းသိသားနဲ့... အခုရောက်လာတာကလည်း နင်တို့အထင်လွဲနေတာကို ရှင်းပြမလို့ရောက်လာကြတာ"

"အိမယ်လေး ဘုရား ဘုရား... 'ကိုမိုး' တကယ်ပြောလိုက်တာလား... 'အကောက်' လေးကို 'ကိုမိုး' တို့မခေါ်ထားဘူးဆိုတာတကယ်ပဲလား... မလိမ်နဲ့နော်"

"မလိမ်ပါဘူး တကယ်ပြောတာပါ... 'ပတ္တမြား' ရယ် တကယ်လို့ကိုယ့်ဘက်ကလိမ်ပြောခဲ့မယ်ဆိုရင် 'ပတ္တမြား' နဲ့တစ်သက်လုံးကွဲရချည်ရဲ့... မှန်တာပြောရင် ချက်ခြင်းပဲလက်ထပ်ယူရစေ ကဲ"

"အရေးထဲသူက လိပ်လုပ်နေသေးတယ်... ဒါဆိုကလေးက ဘယ်ကိုရောက်သွားတာလဲ... ဒုက္ခပါပဲ... လူဆိုးတွေဘာတွေများခေါ်သွားတာလား"

"ခေါ်သွားရအောင် ခြံထဲမှာလည်းအစောင့်တွေအများကြီးရှိနေတဲ့ဟာ... ဘယ်သူမှလည်းမသိလိုက်ကြဘူး— တစ်ခုခု

www.burmeseclassic.com



တော့မှားနေပြီနဲ့တူတယ်"

'နီရဲ' တို့ရင်ထဲမှာ မှုပင်စိတ်တွေက မိုးမွှန်နေရသည်။ ကိုယ်တွေးထင်ထားတာကလည်း မှားသွားပြီဆိုတော့ ကလေးကို ရှာဖွေမှုပဲဖြစ်ပါတော့မည်။

မနေ့ညကသုံးယောက်လုံး 'အကောက်' လေးကိုတမ်းတ လွမ်းဆွတ်စိတ်ဖြင့် အိပ်မပျော်ကြပါ။ တစ်ညလေးပဲလေဆိုပြီး ကြိတ်မှိတ်ဖြေသိမ့်နေခဲ့ကြတာပါ။ အခုတော့ဘယ်လိုလုပ်ရတော့ မလဲ။ သူတို့တွေလက်ထဲမှာလည်း ကလေးကမရှိဘူးဆိုတာသေ ချာသလောက်ရှိနေပါပြီ။

"ပျောက်သွားတာသေချာရင် ရဲစခန်းဖြစ်ဖြစ်တိုင်လိုက် တာကောင်းမယ်နဲ့တူတယ်... ကလေးဓါတ်ပုံလေးဘာလေးမရှိ ဘူးလား"

'သန့်ရှင်း' တို့လည်း မနေနိုင်တော့ပါ။ ငိုယိုချင်နေကြ တဲ့ချစ်သူတွေကို ကူညီပေးဖို့ပဲသိတော့သည်။

"ရှိတယ် ရှိတယ် 'နီရဲ' ရိုက်ထားပေးတယ်... အခုချက် ခြင်းပဲ ရဲစခန်းကိုသွားလိုက်ကြတော့မယ်... သိချင်တဲ့လူလည်းသိ ပါစေတော့ ကလေးကိုအမြန်ဆုံးပြန်တွေ့ဖို့ပဲအရေးကြီးတော့ တယ်"



"ကိုယ်ထင်တာကတော့ ကလေးနဲ့ပတ်သက်တဲ့လူက ပြန်လာခေါ်သွားတာများလား"

'ခန့်ချော' ရဲ့ စကားကို 'နီရဲ' က ငြင်းလိုက်သည်။

"မဖြစ်နိုင်ဘူး... ကလေးကိုပြန်ခေါ်ချင်တယ်ဆိုရင် ပေါ် တင်ပဲပြောပြီးခေါ်မှာပေါ့... ဒီအိမ်မှာစိတ်ချလို့တောင် ထားသွား ခဲ့သေးတာ... မပြောမဆိုအဲနဲ့တော့ ခေါ်ရဲမှာကိုမဟုတ်ဘူး... ပြီးတော့အခွင့်တွေလည်းရှိသေးတယ်လေ... အိမ်ကိုလူစိမ်းဝင် တယ်ဆိုရင် သိကိုသိရမယ်"

"အခုက မသိလိုက်ကြဘူးလား"

"မသိလို့ပေါ့ 'ကိုမိုး' ရဲ့... ပထမတော့ 'ဦးလေးထွေး' ကို 'ကိုမိုး' တို့မရမကစည်းရုံးပြောဆိုပြီး ကလေးကိုခေါ်သွားသ လားဆိုပြီး တွေးထားတာ အခုတော့ဘယ်လိုထင်ရမှန်းကိုမသိ တော့ပါဘူး"

"ကိုယ်တို့လည်းမခေါ်ဘူးဆိုတော့ အပြင်သူစိမ်းတစ် ယောက်ယောက်က ခေါ်သွားတာတော့သေချာနေပြီ... ဘယ်သူ ဖြစ်နိုင်မလဲ... အဓိကမေးရမယ့်သူက 'ဦးလေးထွေး' ပဲ... သူ့ကို ပဲကလေးကိုစောင့်ကြည့်ခိုင်းထားတာမဟုတ်လား"

"ဟုတ်တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာလဲ 'ဦးလေးထွေး'... သူ့သိကိုသိရမယ် တစ်ခုခု လွဲနေသလိုပဲ"

'ဦးလေးထွေး' မျက်နှာကပျက်ယွင်းနေလေသည်။ ဘာမှ မဖြေဘဲခေါင်းကိုသာ တွင်တွင်ငုံ့ထားတော့၏။ အားလုံးဝိုင်းမေး နေပေမယ့်ကောင်း မသိဘူးဟုသာဖြေလေသည်။ 'နီရဲ' တို့အား လုံးလည်း 'ဦးလေးထွေး' ပုံစံကိုကြည့်ပြီး စိတ်တိုလာရသည်။

"ကဲ 'နီရဲ' တို့မေးတာကို 'ဦးလေးထွေး' မဖြေဘူးဆိုရင် လည်းရတယ်... ရဲစခန်းကျမှပဲ ဒီကိစ္စကိုရှင်းကြမယ်... 'နီရဲ' ထင် တောင်မထင်ထားပါဘူး... တစ်ခြံတည်းအတူနေတဲ့ ဦးလေးသား ချင်းလိုလူမျိုးက သစ္စာဖောက်ရဲမှတော့ 'နီရဲ' တို့ဘက်ကလည်း ငဲ့နေစရာအကြောင်းကိုမရှိတော့ဘူး... အားလုံး ရဲစခန်းကိုပဲသွား ကြမယ်... 'ဦးလေးထွေး' ကိုသေချာခေါ်ခဲ့"

အားလုံးအိမ်ထဲမှထွက်ဖို့ပြင်လိုက်စဉ် 'ဦးလေးထွေး' ဆီ က လေသံခပ်တိုးတိုးလေးထွက်လာသည်။

"ခဏစောင့်ပါဦးလာကွယ်... သိပ်မကြာခင်မှာပဲအဖြေ ကပေါ်သွားပါလိမ့်မယ်... 'ဦးလေးထွေး' စကားကိုယုံပါ"

"ဘာကိုလဲ..."

'နီရဲ' ကတော့ ကိုယ့်လူယုံလိုသဘောထားထားသည့် 'ဦး





လေးထွေး' လိုလူက လုပ်ကြံတယ်ဆိုသဖြင့် နာကြည်းနေရသည်။

"အင်းလေ ခဏဆိုတော့ခဏပဲစောင့်ကြည့်လိုက်မယ်"

အားလုံးငြိမ်ငြိမ်သက်သက်ပင် ဧည့်ခန်းမှာပြန်ထိုင်ကာ ဘယ်သူရောက်လာမလဲဆိုပြီး ထိုင်စောင့်နေလိုက်ပါသည်။ သိပ် မကြာခင်အချိန်မှာပဲ ခြံထဲကို ကားတစ်စီးဝင်လာတဲ့အသံကြား လိုက်ရတာကြောင့် စိတ်လှုပ်ရှားသွားရသည်။

'နီရဲ' က မြန်မြန်ဆန်ဆန်ပင် အိမ်ရှေ့ထွက်ကာဘယ်သူ များဖြစ်မလဲဆိုပြီး ကြည့်လိုက်မိသည်။ 'နီရဲ' စိတ်ထဲအရမ်းကို အံ့သြသွားခဲ့ရသည်။

ပြုံးရွှင်သောမျက်နှာထားဖြင့် ကားပေါ်ကဆင်းလာသော သူမှာ 'ပြာလွှင်' ပါပဲ။ 'အကောက်' လေးကိုလည်း ပွေ့ချီထားပါ သေးသည်။

"ဟင် နင် နင်က ဘယ်လိုဖြစ်ပြီး ကလေးကိုခေါ်သွားရ တာလဲ... နင်နဲ့ဘာဆိုင်လို့လဲ"

'နီရဲ' က ဒေါသဖြစ်ဖြစ်နဲ့ ဆီးကာအော်ပစ်လိုက်သည်။

"စိတ်ထိန်းပါ မမရယ်... ကလေးက 'ပြာလွှင်' ရဲ့ကလေး လေ... 'ပြာလွှင်' ယောက်ျားဆေးရုံတက်နေတာကို လိုက်သွားဖို့ အတွက် ကလေးကိုဘယ်သူ့လက်ထဲထည့်ရမှန်းမသိတာနဲ့ 'ဦး



www.burmeseclassic.com

www.burmeseclassic.com



လေးထွေး' နဲ့တိုင်ပင်ပြီး မမဆီလာပို့ထားလိုက်တာ... မမတို့မှာကလေးကြောင့်ပြဿနာတွေ တက်နေရတာကို 'ဦးလေးထွေး' ပြောပြလို့ ပြန်ရောက်တဲ့နေ့ပဲ ချက်ချင်းလာခေါ်သွားလိုက်တာလေ"

"နင်ကထားချင်တိုင်းထားပြီး ပြန်ခေါ်ချင်တိုင်းခေါ်လို့ကောရမလား... ငါတို့တွေရဲ့သံယောဇဉ်တို့ မေတ္တာတို့ ကိုထည့်မတွက်တော့ဘူးလား... နင့်ကိစ္စအဆင်မပြေချင်တော့နဲ့ ရွာလာထိုးထည့်သွား ကိစ္စလည်းအဆင်ပြေရော ချက်ခြင်းလာပြန်ခေါ်သွားလိုက်နဲ့ သိပ်ဟုတ်နေတယ်... မသိဘူး ကလေးကိုငါတို့နဲ့ပဲထားခဲ့... နင်ပြန်လိုက်တော့"

'နီရဲ' သည် 'အကောက်' လေးကိုလွမ်းတဲ့စိတ်ဖြင့် ရွာပြင် 'ပြာလွှင့်' လက်ထဲကနေ ကလေးကိုလှယူချီပစ်လိုက်ပါသည်။

"အားတော့နာပါတယ် 'ပြာလွှင့်' ရယ်... တို့တွေလည်း ကလေးကိုသံယောဇဉ်ဖြစ်နေကြတယ်... ချက်ခြင်းကြီးတို့တွေနဲ့ခွဲလိုက်သလိုတော့ မလုပ်ပါနဲ့... တကယ့်ကိုမနေတတ်ဘူးဖြစ်နေကြတယ်"

"ဟုတ်တယ်... အစ်မလည်းကလေးကိုချစ်တဲ့စိတ်နဲ့ ရှေ့တင်တောင်မသွားနိုင်ဘူး... ကလေးကိုအစ်မတို့နဲ့ထားခဲ့မယ်





မဟုတ်လားဟင်"

'ပြာလွှင့်' က စဉ်းစားသလိုလုပ်နေသည်။

"မမက 'ပြာလွှင့်' ကလေးမှန်းသိတော့လည်းခံဝံ့မယောင်"

"တိုတို အဓိပ္ပာယ်စကားတွေပြောမနေနဲ့... ညလေးကိုပဲချစ်တာ နင့်ဘာမှစိတ်အက်စရာ အကြောင်းကိုမရှိဘူး"

"မပယ်သလို့တော့မရဘူးလေ မမရယ်... 'ပြာလွှင့်' [illegible] မမတို့ခေါ်ထားမယ်ဆိုရင် 'ပြာလွှင့်' [illegible] ကြည့်ခွင့်ပေးရမယ်...သူ့အဖေလည်းရှိနေသေးတယ်လေ"

'ပြာလွှင့်' စကားကမှန်နေတော့လည်း 'ရဲစို' က ကြားထဲ [illegible] ပြောပေးလိုက်သည်။

"အေးပေါ့လေ... ကလေးကိုဒီမှာခေါ်ထားမယ်ဆိုရင် [illegible] 'ပြာလွှင့်' ကိုပေးလာရမှာပေါ့... နင်ကလေးကိုမခွဲနိုင်သေးဘူးဆိုရင်တော့ 'ပြာလွှင့်' စကားကိုလက်ခံမှဖြစ်လိမ့်မယ် 'နီရဲ'"

'နီရဲ' ငြိမ်သက်ကာနေသည်။ ကလေးကိုချစ်တဲ့စိတ်တစ်ခုတည်းနဲ့ ရင်ထဲမှာရှိနေသော နာကြည်းမှုတွေကိုဖြေလျှော့ရမှန်းတွေးသည်။ 'ပြာလွှင့်' ဘက်ကလည်း တောင်းပန်တဲ့လေသံနဲ့ ပြောနေတာဆိုတော့ 'နီရဲ' ဘက်ကသာခွင့်ပြုလိုက်ရင် ပြဿနာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာရှိလာနိုင်တော့မှာမဟုတ်ပါ။

"ပြီးရော ပြီးရော... ကလေးကိုတွေ့ချင်တယ်ဆိုရင်တော့ လာခဲ့ပေါ့... တခြားရှုပ်ရှုပ်ယှက်ယှက်တော့ ဘာမှလာမလုပ်နဲ့"

"ဟုတ်ကဲ့ပါ မမ... ကလေးကလည်း အမေနဲ့ပြန်တွေ့တာတောင် တစ်ချိန်လုံးငိုနေတယ်... 'ပြာလွင်' လည်းလူမမာတစ်ဖက်နဲ့ ကလေးတစ်ဖက်နဲ့ တော်တော်ဒုက္ခရောက်နေတာ မမတို့ခေါ်ထားပေးမယ်ဆိုတော့ အားလုံးအဆင်ပြေသွားတာပေါ့"

အခုမှပဲအားလုံးမျက်နှာက ပြုံးလာနိုင်ပါတော့သည်။ 'ရဲစို' နဲ့ 'နီရဲ' က ကလေးကိုလုချီနေပါသည်။ 'ပတ္တမြား'ကလည်း ကလေးအနားကိုကပ်ဖို့ပြင်လိုက်စဉ် လက်ကိုလာဆွဲခြင်းခံလိုက်ရတာကြောင့် လှည့်ကြည့်လိုက်မိသည်။

"အို 'ကိုမိုး' ဘာလုပ်တာလဲ"

"ကလေးပြန်လာပေးရင် အဖြေပေးမယ်ဆို"

"'ကိုမိုး' ခေါ်လာပေးတာမှမဟုတ်တာ"

"ခေါ်ပေးပေးမပေးပေး ကလေးလက်ထဲရောက်တာနဲ့ အဖြေပေးမယ်ဆိုပြီး မင်းပြောထားတာပဲ... ကတိမဖျက်နဲ့"

"မသိဘူး လူတွေရှိတယ်... ဘာတွေလာပြောနေတာလဲ"

'နီရဲ' တို့ကလှည့်ကြည့်ပြီးရယ်နေတာကြောင့် ပိုပြီးရှက်



ရပါသည်။ ဒီလူစွတ်တရွတ်လုပ်နေပုံနဲ့တော့ အဖြေမြန်မြန်ပေးလိုက်တာက အကောင်းဆုံးနဲ့တူသည်။

"'ပတ္တမြား' ရယ်... အိုင်တင်လုပ်မနေနဲ့တော့... ဒီလူနဲ့ဒီလူတွေဗျာ... ရင်ထဲရှိတာသာပြောလိုက်ပါတော့"

"ငါ့ရင်ထဲမှာရှိနေလို့လဲ 'နီရဲ' ရဲ့"

"နင် 'ကိုမိုးထင့်' ကိုချစ်နေတာလေ"

"တယ် ကြည့်စမ်း"

'ပတ္တမြား' က 'နီရဲ' ကိုလှမ်းရိုက်လိုက်ပါသည်။

"'နီရဲ' ပြောတာမှန်တာပဲ... နင်ကဘာလို့ရိုက်ရတာလဲ"

'ရဲစို' ရဲ့အသံကလည်း မြူးကြွကြွနဲ့ထပ်ထွက်လာ၏။

"ရိုက်မှာပေါ့... ငါပြောမယ့်စကားကို သူကဘာလို့ငါ့ထက်အရင်ပြောလိုက်လဲ... ဟွန်း"

'ပတ္တမြား' ရဲ့စကားကြောင့် ပတ်ဝန်းကျင်တစ်ခုလုံးရယ်သံတွေလှိုင်သွားရသည်။ ခုတော့လည်း အနီရောင်တွေကိုမှ ရွေးချယ်ပြီးချစ်ခဲ့မိတဲ့ ယောက်ျားသားသုံးယောက်လည်း စိတ်ချလက်ချ ပျော်ရွှင်နိုင်ကြပါပြီ။

ရှင်လန်း[illegible]
ဆက်လက်[illegible]
**ဝေဝေအောင်**

www.burmeseclassic.com